www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com


စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၈၉၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၈၃၀၁၁၁

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၁ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သစ္စာမြား/နီကိုရဲ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၁။
၁၅၅-စာ ၊ ၅"x၇" စင်တီ။ (၁)သစ္စာမြား


www.burmeseclassic.com

www.burmeseclassic.com

ကတိဆိုတာ

ချွန်မြတဲ့အသွားတစ်ဘက်ရှိတဲ့

မြားတစ်စင်းပါ...။

သစ္စာဆိုတာ

ချွန်မြတဲ့အသွားနှစ်ဘက်ရှိတဲ့ မြားတစ်စင်းပေါ့...။

သစ္စာများဆိုတာ

ကိုယ့်နှလုံးအိမ်ကို စူးစူးနစ်နစ် နိုင်နိုင်တည်တည်

စိုက်ဝင်စေပြီးမှ

ချစ်သူရဲ့နှလုံးအိမ်ကို

ပစ်လွှတ်ထိုးစိုက်လို့ရတဲ့အရာမျိုးပါ...။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မဲနက်တဲ့မြွေတစ်ကောင် ခါးကြောဆန့်နေတဲ့ပုံစံမျိုးနှင့် ကားလမ်းသည် ဆီးကာထားသော တံလျှပ်ကန့်လန့်ကာအတွင်းသို့ ထိုးခွဲဝင်ရောက်နေသည်။ မြင်ကွင်းက အရှေ့ရိုးမဘက်ဆီအသွားနှင့် ဆင်ဆင်ဝှူနေသေးတော့သည်။ နံဘေးမှာ ယာဘက်၌ ယူကလစ်ပင်ရှည်တွေက နေအပူကို အံတုနေသည်။ ဝဲဘက်မှာ ထနောင်းပင်တွေက စီရရီနှင့် ဣန္ဒြေတည်တည်ရှိနေကြ၏။ သည်နေရာလေးမှာပဲ မြေအနေအထားက အရှေ့ရိုးမအသွားနှင့် တူနေခြင်းဖြစ်သည်။ နံဘေးမှာအစိမ်းရောင်ကမ္ဗလာနှင့် လိမ္မော်ဝါရိုးပြတ်တွေသာ အမြင်ကွာ၏။ တံလျှပ်တွေကတော့ ကားအရှိန်နှင့်အတူ မိုးရေအိုင်တွေလို ရှေ့မှာပြေးဖြတ်ဆီးကာနေဆဲ. . .။ ရှေ့က တံလျှပ်တွေကို လှမ်းကြည့်တော့လည်း မင်းကိုပဲမြင်နေမိပါတယ် ချယ်. . .၊ မကြာခင်မှာ ချယ် ရှိရာကို ကိုယ်ရောက်လာတော့မှာပါလေ. . . .။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားသည် ဆင်ခြေလျှော ကုန်းတက်ကြီးကို ဆန်တက်ခဲ့၏။ ကုန်းကိုကျော်လိုက်သည်နှင့် နေအောက်လေပူကြားမှာ စားသောက်ဆိုင်ကျိုးတို့ကျဲတဲနှင့် ကားလမ်းဘေးရွာလေးတစ်ရွာက ဘွားကနဲ ပေါ်လာသည်။ လမ်းခွဲ လမ်းခွဆုံတဲ့နေရာပေါ့. . .။

အုန်းတောကိုရောက်ပြီ. . . . ချယ်. . . . .။

***





သံသရာ ရထားလို့ပဲဆိုဆို. . . ကံကြမ္မာကားလို့ပဲပြောပြော. . ဒီကားကတော့ ချစ်သူရှိရာသွားတဲ့ ကောင်လေးတစ်ယောက်ကို သယ်ဆောင်လာတဲ့ကားပဲဖြစ်သည်။ ကားလမ်းမကြီး နံဘေးဝဲယာမှာ ဝင်းကျယ်ကျယ် အိမ်ကြီးရခိုင်တွေနှင့် ရွာတန်းရှည်ကြီးကို ဖြတ်ခဲ့၏။ သပ်သပ်ရပ်ရပ် စိုစိုပြေပြေနှင့် စည်ပင်ဝေဆာနေသည်။ အားကျလိုက်တာ. . .၊ ရန်ကုန်မှာဆို အလကားရတဲ့အောက်ဆီဂျင်ကိုတောင်မှ သည်မှာလို ဝဝလင်လင်ရှူမရချင်. . . .၊ နှလုံးသားကို လက်သီးဆုပ်ထဲ ခပ်ဖွဖွလေးဆုပ်ထားသလို အသက်ရှူရတဲ့ဘဝ. . .၊ ကဲ. . ဆားတောင်က ကိုယ့်ဆရာတွေ ဘယ်လောက်များ ကံကောင်းလိုက်ပါသလဲ. . .၊ နေပူအောက် လသာနေတဲ့သူတွေကို မြို့ပြရဲ့ မွန်းကြပ်ပိတ်လှောင်မှုတွေကြားပြေးလွှားနေရသူတွေက အားကျမိတာ အဆန်းမှမဟုတ်ပဲလေ. .။

ဆီးဖြူသီးတွေ ဆန်ကာထဲလှိမ့်သလိုပါပဲ. . .၊ ကားထဲမှာ ဟိုဘက်ယိမ်းလိုက်သည် ဘက်ယိမ်းလိုက်. . . အပေါ်မြှောက်လိုက်. . .



www.burmeseclassic.com

www.burmeseclassic.com



အောက်ကျလိုက်နှင့် စည်းချက်ညီတဲ့ ခရီးသည်ယိမ်းကို ကြည့်ရင်းသူပါ လိုက်ယိမ်းနေမိသည့်အဖြစ် . . . .

ဝူး . . . ဘူး . . . ဘူး . . . . ဂလုန် . . . . ဂလောက်

ဒုန်း . . . အိ . . . အိ . . . ဂီ . . . ဂီး . . . ဂျလောက် . . . .

ခါတ်ပြားပွတ်တဲ့ ဒီဂျေတစ်ယောက်မပါသော်ငြား ခရီးသွား အားလုံးဟစ်ဟော့တေးသွားတစ်ခု ကခုန်နေသလို ယိမ်းထိုးမြောက်ကြွ အောက်ပြန်ကျနှင့် . . . ဒါ 'လှတော'တဲ့ လားကိုယ့်ဆရာရေ . . . ။ "လှတောကကားလမ်းသိတယ်မဟုတ်လား၊ ကျောက်ခဲတွေပဲမျိုခဲ့ အစာ ကြေသွားမယ်" တဲ့။ လှတောသားစကား သိပ်မှန်ပါလား . . . ။ စကား ကြွယ်လှသော လှတောသားတွေကို သူသည်စိတ်ထဲမှနေ၍ ဝမ်စွေ့ ဝမ်စွေ့ ဝမ်ဝမ်စွေ့လိုက်မိ၏။ တစ်ခါကလည်း လူတစ်ယောက်သည် လှတော သားတစ်ဦးကို'သူငယ်ချင်းစီးပွားရေးကောင်းရဲ့လား' ဟုမေး လိုက်သည်။ သည်တွင် လှတောသားက 'စီးပွားရေးကတော့ ကြပ် သလားမမေးနဲ့ ဝါးဖုံးခေါင်းထဲ ဆင်တိုးတာကမှ ချောင်လိမ့်ဦးမယ်ကွ' ဟု ပြန်ဖြေခဲ့သည်။ ရှိသေးသည် . . . သမဆိုင်မှာ စက်ဘီးတာယာလာ ဝယ်သော လှတောသားကို ဆိုင်တာဝန်ခံက လှတောသားမှန်း သိ၍စ လိုသည်နှင့် 'ခင်ဗျားတာယာက အကောင်းကြီးရှိသေးတယ်မဟုတ် လား . . . လဲစရာ လိုလို့လားဗျာ'ဟု မေးသည်။ လှတောသားက"တာဝန် ခံကြီးအမြင်ပဲလေ . . . ကျုပ်တာယာက ဘဲဥပွတ်ထိုးထားသလိုဖြစ်နေပြီ ဗျ . . . . ၊ ဆံပင်မွှေးစူးရင်တောင် ပွင့်ထွက်မှာမို့ ကျုပ်မှာ ဆံပင်ညှပ်ဆိုင် ရှေ့ကတောင် မဖြတ်ရဲဘူးဗျ" ဟု ပြန်ပြောလိုက်သည် . . တဲ့ . . ။ လှတောသားစကားကြွယ်ပုံကို စဉ်းစားရင်း သူမျက်နှာပြုံးသွားသည်။





သူ့အပြုံးကို နံဘေးမှလူရည်သန့်က ချေဖျက်၏။

"အားလုံး ခဏဆင်းကုန်ပြီ . . . ၊ ခင်ဗျားမဆင်းဘူးလား . . . ဆင်းရလိမ့်မယ်ဗျ . . . သူတို့စပါယ်ယာဘီးလဲမလို့တဲ့"

သည်လူနှင့်အတူ သူလည်းဆင်းလိုက်လာခဲ့သည်။ ဝတ်စားပုံက သန့်သည်၊ အသားရောင်နှင့်က ဆန့်ဆန့်ကျင်ကျင် . . ၊ အသားက ညိုသည်ညက်သည် . . . နည်းနည်းမဲသည် . . ပြောင်သည် . . . ၊ လှတော သားလိုမျိုးသာပြောရပါလျှင် အာဖရိကက ကျွဲကိုကစ်တိုက်ထားသည့်နှယ်။

အညာကားလမ်းဘေး ရွာလက်ဘက်ရည်ဆိုင်လေးမှာ အနီ ကစ်တိုက်ထားသော အာဖရိကကျွဲနှင့် တစ်ခရီးတည်းသွားရင်း တစ် ထောက်နားမိ၏။ လူက တော်တော်ရည်မွန်သည့်ပုံစံနှင့် သဘော ကောင်းဟန်ရှိသည်။ ပညာတတ် တစ်ယောက်လည်းဖြစ်လိမ့်မည်။ သူ ဘယ်သူ ငါဘယ်သူ့နှင့် တစ်ယောက်နှင့်တစ်ယောက် မိတ်ဖွဲ့ဖြစ်၏။

"စိုးဝင်းငြိမ်းလို့တော့ လူတွေသိပ်မသိပါဘူး ကိုရဲထက်ရာ . . . သူများတွေခေါ်သလို ကိုမဲကြီးပဲခေါ်ပါ ဟားဟားဟား"

ပွင့်လင်းဖော်ရွေတတ်သူ ကိုမဲကြီးနှင့် အမြဲတမ်းအတွေးဖြင့်မွေ့ လျော်နေတတ်သော ရဲထက်တို့သည် လက်ဘက်ရည်ဆိုင် တစ်ထိုင်စာ ကားစပါယ်ယာဘီးတစ်လုံး တစ်ခါလဲ၍ အနားယူစခဏမှာပင် ငယ် ပေါင်းတွေလို ခင်မင်သွားပါလေတော့သည်။

"လိုတဲ့ အကူအညီရှိရင်လည်းပြော ကိုရဲထက် . . . အားမနာနဲ့၊ ဒီကိုရော ဘာကိစ္စနဲ့လာတာလဲဗျ"

သူပြုံးသည်။ ဒါသည်အဖြေပဲလား . . . . ၊ အမေးကိုအပြုံးနှင့် ဖြေတော့ ကိုမဲကြီးပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပြီ. . . ဒါဆိုနှလုံးသားနဲ့ပတ်သက်တာပဲ ဖြစ်ရမယ်"

"ခင်ဗျားရဲ့ အဘေးအဘီတွေဟာ ဦးအောင်ဇေယျ လက်ထက်က ပရောဟိတ်ကြီးတွေများ ဖြစ်ခဲ့လေသလားဗျာ. . . ခင်ဗျားပြောတာ အမှန်ပါပဲ"

"ဘယ်သူလဲ. . . ဘယ်အရပ်ထဲကလဲ. . . ကျွန်တော် ကူညီမယ်ဗျာ. . . ကျွန်တော်က ဒါမျိုးဆိုသိပ်ဝါသနာပါတာဗျ"

"ကျေးဇူးပါဗျာ. . . အားလုံးပြေလည်သွားခဲ့ပါပြီ. . .၊ ဒါပေမယ့် လိုအပ်လာရင်တော့ ကိုမဲ့ကိုပဲ အားကိုးရမှာပဲဗျ"

စင်စစ်သည် ကစ်တိုက်ထားသော အာဖရိက ကျွဲပေါက်နှင့် ရင်းနှီးကျွမ်းဝင်သွားသည်ကပင် သူ့ဘဝအတွက်. . . သူ့နှလုံးသားအတွက် အရေးကြီးသော လွှဲချော်မှုတစ်ခုဖြစ်စေတော့မည်ကို ယခုအချိန်မှာ သူလုံးဝမသိနိုင်သေးပါ. . .။ သဘောဖြူသော မဲလူကလည်း မသိသေးသည့်အချိန်အခိုက်. . .။

အညာလေပူကိုကားထဲမှာ ထူးထူးဆန်းဆန်း ခံစားလိုသော်လည်းခံစားခွင့်မရ. . .၊ ကားကမှန်လုံကား. . .၊ Air Con: က ချိန်နဲ့နဲ့ ဟိုမရောက်သည်မရောက်နှင့်. . .၊ သူ့စိတ်သည်လည်း ဟိုမရောက်သည်မရောက်ဖြစ်နေသည်။ ဟိုရောက်လိုက် သည်ရောက်လိုက်လည်းဖြစ်နေသည်။ အာရုံထဲမှာ ချယ်၏ မျက်နှာက သံချောင်းမခေါက်ပဲ အော်တိုမက်တစ်ဝင်ရောက်လာ၏။ ချယ်ရယ် မင်းကိုသတိရလိုက်တာ. . .။

ကားသည် ကုက္ကိုရိပ်တန်းကြီးအောက်မှာ ပြေးဖြတ်နေသော်လည်း သူ့မျက်လုံးထဲမှာ ကုက္ကိုရွက်တွေ ရှိမနေပါ. . .၊ ကံ့ကော်ရွက်





တွေကို မြင်နေ၏။ ကျောခိုင်းထွက်ခွာလာခဲ့ရာ မိုင်လေးရာကျော် အရပ်ဆီသို့ ခြေလှမ်းတွေပြန်လှည့်နေ၏. . .။

အဲသည်မှာ ကျိုးပဲ့မွကြေသွားသော နာရီစက္ကန့်တံတွေ ရှိနေသည်။ အတင်းပြောတတ်သော အင်းလျား၏လှိုင်းလေတွေရှိနေသည်။ ချစ်သူကောင်ကလေး ရောက်မရောက် Attendance ကောက်နေသော စံရိပ်ငြိမ်ကားမှတ်တိုင်လေးရှိနေသည်။ ယခုထက်တိုင် ဆရာကြီးလုပ်နေသော သစ်ပုတ်ပင်ကြီးရှိနေသည်။ တက္ကသိုလ်ရနံ့မျဉ်းပေါ်မှာ Catwalk လျှောက်နေသော ကံ့ကော်ပွင့်တွေရှိနေသည်။

နောက်. . . ချစ်ရပါသော. . . ချယ်. . သို့မဟုတ်. . .

ချယ်ရီဆိုသော ကောင်မလေးရှိနေသည်. . ။

❑



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့က စနေနေ့ဖြစ်သည်။ Distance တွေက စနေ၊ တနင်္ဂနွေ နှစ်ရက်တက်ရသည်။ Science တွေဆိုလျှင် attendance ခေါ်သည်ဆိုတော့ ကျောင်းကြီးထဲမှာ Distance ကျောင်းသားတွေ၏ ခြေထောက်တွေကို ပြန်မြင်ကြရပြီ။

"ဝင်နီ တွေ့လား. . . ဟိုမှာ ဂျပ်ဆင်ရှေ့ကလာနေတဲ့ တေ"

"ဟင့်အင်း. . . တေ က,လေးတေဆိုတော့. . . ဘယ်တေကို ပြောတာလဲ"

"ဟို တေလေဟာ. . . Arrow အဖြူနဲ့ ယောပုဆိုးနဲ့ ဒီနေ့မှ ပဲများလာတာလေ. . . လွယ်အိတ်က TRI နဲ့ စာဂျပိုးရုပ်လေ ဟင်းဟင်း ဟင်း. . . ."

"မြင်ပြီ. . . မြင်ပြီ. . .၊ အဲဒါ Botany ကရဲထက်ဆိုတဲ့ ကောင် ပဲ စာလေးမတောက်တခေါက်ဖတ်. . . ကဗျာလေးတစ်ပုဒ် နှစ်ပုဒ်ပါ





ပြီး သူ့ကိုယ်သူများ. . .။ နဝဒေးဝင်စားတယ်မှတ်နေတဲ့ တေလေ. . . ဘာဖြစ်လို့လဲ ဖွေးဖွေးရဲ့"

ဝင်နီနှင့် ဖွေးဖွေးတို့သည် သူတို့ဝတ်ထားသော ဂါဝန်နှင့် ကွာတာ့ဒဲ့ပွအောက်မှ ဖြတ်သွားတော့မည့် ကျောင်းတော်သားတို့အား ကုံကော်ရွက်များကြားမှ ကြည့်နေရင်း အတင်းတုတ်ရန် ကြံစည်နေကြခြင်းဖြစ်ပါသည်။ ဖွေးဖွေးသည် မျက်တောင်ကော့ကြီးများကို ပိတ်လျက် အာရုံယူလိုက်၏။ အတွင်းလှိုင်းကပြင်းတော့ နဘေးမှ ချိန့်ရွက်အို နှစ်ရွက်ပြုတ်ကျသွားသည်။

"ဘာလုပ်တာလဲ ဖွေးဖွေးရဲ့"

"အာရုံနဲ့တွက်ကြည့်နေတာလေ. . .၊ ဒါ. . . Since 1970. .၊ ငါတို့ဖွားဖွားတွေ လက်ထက်ကတည်းကရှိခဲ့တာ. . .၊ တက္ကသိုလ ကုံကော်မနောဝေဒင်ပဲ. . .၊ ကျောင်းသား ကျောင်းသူတွေကိုပဲ အာရုံမြင်လို့ရတာလေ. . ."

"နင်. . . ဘာမြင်လဲဟင် ဖွေးဖွေး"

"ခုနက သွားတဲ့ Physics အုပ်စု. . . ဝင်နီမှတ်မိလိုက်တယ် မဟုတ်လား. . . အသားဖြူဖြူထောင်ထောင်မောင်းမောင်းနဲ့ ချယ်ရီတို့ အုပ်စုလေ"

"မြင်လိုက်တယ်လေ. . . သူတို့ကင်တင်းသွားကြတာပဲ၊ ဘာဖြစ် လို့လဲ"

"ဘာဖြစ်ရမှာလဲ. . . ငါ့အာရုံထဲမှာ ရဲထက်နဲ့ချယ်ရီကို လက်ကလေးတွေကိုင်ပြီး ထိုင်နေတာ မြင်လိုက်တယ်. . .၊ ကင်တင်းမှာ သူတို့နှစ်ယောက်ဟာ မထင်မှတ်ပဲ ချစ်သူတွေဖြစ်သွားကြလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဲလိုမဖြစ်ခင်မှာ. . . ချယ်ရီက ရဲထက်ရဲ့ပါးကို လူလည်ကောင်မှာရိုက်လိမ့်မယ်"

"ဟယ်. . . ရဲထက်လေး သနားပါတယ်. . . လူကောင်ကသေးသေး ချယ်ရီက ဟဲဗီးကြီးနော်"

"အဲဒီစကားကို ရဲထက်ကိုသွားပြောကြည့်ပါလား. . . ကမ္ဘာကိုကိုင်လှုပ်ခဲ့တဲ့ နပိုလီယံတို့ ဟစ်တလာတို့လဲ ငါ့လိုလူကောင်သေးတွေလို့ ပြန်ပြောမှာပဲ"

"ဟယ်. . . ငါလိုက်ကြည့်ချင်လိုက်တာဟယ်"

"ကောင်မ မနန့်နဲ့ . . . ကိုယ်ဘာသာ အပင်ပေါ်မှာပဲ အေးအေးနေ. . . အချိန်မတန်ဘဲ ကြွေကျသွားမှ ဟုတ်ပေ့ဖြစ်နေမယ်"

ကံ့ကော်စကားဆိုတော့လည်း လူတို့မကြားနိုင်ပါ. . . ၊ ဖွေးဖွေးနှင့် ဝင်းနီတို့မှာ ပင်ယံထက်မှာ ဝင့်ဝင့်ထည်ထည်လှသွေးကြွယ်နေသည့် ကံ့ကော်ပွင့်လေးနှစ်ပွင့်ဖြစ်ပါသည်။ ၎င်းကံ့ကော်ပွင့်လေးနှစ်ပွင့်ပြောနေသောစကားအား အဘယ်လူကများကြားနိုင်ပါမည်နည်း။ သူတို့ ပြောသည့်အတိုင်း ဖြစ်လာမလာကိုတော့ ကိုယ့်ဆရာလည်း သိချင်မှာပါပဲ . . . ၊ ကဲ. . . ကင်တင်းကို ကြည့်လိုက်ကြရအောင်လား. . . . ။

***

အသားစလေး တစ်ဖက်တောင်မကျန်အောင် ခွေးလျက်ထားသလို ပြောင်သလင်းခါသွားတဲ့ ဆီချက်ပန်းကန်များ. . . ၊ ပေါက်စီ၊ ကြက်ဥပေါင်မုန့်ကြော်၊ ကော်ဖီခွက်၊ coke တစ်ဗူး၊ tissues စက္ကူကပါ





လိုက်သေး. . . ၊ စားပွဲတစ်ဆန့် မျက်လုံးဝေ့ရင်းမှ ချယ်ရီ၏ ပန်းနုရောင်နှုတ်ခမ်းလေးက စကားပွင့်တွေ ခွေချလိုက်၏။

"ရှင်းရမှာ မနည်းဘူးကွ ဒီလိုလုပ်ရအောင်. . . ငါဒိုင်လုပ်မယ် မဲလိပ်နှိုက်မယ်. . . မဲလိပ်လေးလိပ်နှိုက်ရမယ်. . . ဂဏန်းတွေပါမယ်၊ အဲဒီဂဏန်းဟာ အမှတ်ပဲ. . . အမှတ်အနည်းဆုံးလူက ဒီဝိုင်းကိုရှင်းရမယ်. . . ကံကြမ္မာပဲလေ. . . ဗိုလ်အောင်ဒင်တောင်မှ မမြဝင်းကို မဲလိပ်နှိုက်ပြီး ကံတရားရဲ့ အဆုံးအဖြတ်ကို ယူခဲ့သေးတာပဲ. . . ကဲ. . . ဘယ့်နှယ့်လဲ ရေကျော်မ. . "

"ဗိုလ်အောင်ဒင် မမြဝင်း နှိုက်. . အဲ. . အဲ. . . ဗိုလ်အောင်ဒင် မမြဝင်းကို မဲလိပ်နှိုက်တာနဲ့ ငါနဲ့ဘာဆိုင်လို့လဲ မိချယ်ရဲ့"

ရေကျော်သူ ခင်ချိုဈာန်က အဲလိုပဲ အူကြောင်ကြောင် ပြာတာတာ လုပ်တတ်သည်မို့ ချယ်ရီက သူ့ဘက်အာရုံလွှဲလိုက်ခြင်းဖြစ်သည်။ မော်ဘီမှ မြင့်မြင့်သန်းကပါ အူကြောင်ကြောင်မှီရာ အချစ်နှင့် ဆက်လိုက်လာ၏။

"ဟာ. . . ရေကျော်မ နင်လုပ်မှ ရှုပ်ကုန်မယ်. . . လုပ်. . . မိချယ် ကံတရားပဲ. . . နီလာနဲ့ သန်းသန်းနုလည်း သဘောတူတာပဲ. . ကဲ. . . မိချယ်. . . နှိုက်. . . ဗိုလ်အောင်ဒင်. . . အဲ. . . အဲ. . မဲလိပ်"

နုနုဖတ်ဖတ် ဖယောင်းလက်ချောင်းလေးတွေ မဲလိပ်စီစဉ်နေစဉ်မှာ မရွှေချောတို့က မပြီးနိုင်သေးသော ကိုရီးယားဇာတ်လမ်းတွဲကို စားမြုံ့ပြန်ကောင်းနေကြသည်။

"ဟာ. . . လာပါပြီဗျာ. . သား. . ရေပုံးထမ်းလာတဲ့ ရဲထက် ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ကပ်လျက် ယောကျ်ားလေးဝိုင်းမှ အော်ကျယ်ကျယ်အသံ ကြောင့် ချယ်ရီသည် မဲလိပ် လိပ်နေရာမှ မျက်လုံးထောင့်ကပ်ကြည့် လိုက်၏။ အိမ်တက်လား၊ အန္တရာယ်ကင်းလား. . . မသိ၊ အလှူစားဝတ်စုံနှင့် ကျောင်းတော်သားလူကောင်သေးက ဆိုင်ထဲဝင်လာကာ ၎င်း ယောကျ်ားလေးဝိုင်းမှာ ဝင်ထိုင်၏။

"ရဲထက်ရာ. . . အခုလိုဝတ်၊ စားထားတော့လည်း ဗိုက်မှာရွှံ့ တွေပေလို့ပါလားဟ"

"ဝပ်ပြီးစားတာဆိုတော့ မင်းကရဲထက်ကိုနွားလို့ပြောတာပေါ့ လေ. . . တို့ ကိုရဲက ခုလိုဆိုတော့ မိသွားပြီကွ၊ ခါးပိုက်နှိုက်လို့မိသွား တာလေ. . ငါတို့ဘယ်စခန်းလိုက်ပြီး အာမခံရမှာလဲ ကိုရဲ"

'ပေါ့ကျ'ဟု လက်ညှိုးထောင်အော်လိုက်ရင်း ရဲထက်က သူငယ်ချင်းတွေကို ကြည့်ကာခေါင်းခါသည်။

"မဟောင်းနေဘူးလား. . . အသစ်တွေပေးပါလားကွာ. . . အသစ်တွေနဲ့ ရယ်မောပစ်လိုက်ချင်လို့ပါ"

ဤတွင် U.F.L မှ စနေတနင်္ဂနွေမှာ အတန်းမရှိပါပဲနှင့် Distance သူငယ်ချင်းများရှိရာ ရန်ကုန်တက္ကသိုလ်ဘက်ရေကြည်ရာ မြက်နုရှာလေသူ ရွှေဘုန်းက မာမီကြီးဟန်ပြုလျက်. . .၊

"အသစ်တွေက မန္တလေးကမရောက်သေးလို့ပါနော်. . . Manday ကျလာခဲ့လေ. . မာမီစီစဉ်ထားမယ်နော် သား. . ကိုရဲ. . . သားကိုရဲ. . ကိုရဲ. . . သားလေး. . . ကိုရဲ"

"စောစောစီးစီး လာဘ်ပါးလိုက်တာ ရွှေဘုန်းရာ. . ဖွ. . ဖွ သွားဟ. . . သွားဟ. . ."





ပြောရင်းနှင့်လက်ဟန်တွေ ခြေဟန်တွေပါသွားသည့်ရဲထက်. .

လက်တစ်ဘက်အမြှောက်. . . လက်ကြားညှပ်ထားသော ဆေးပေါ့လိပ်က အရှိန်နှင့် လွတ်ကျသွားသည်။ ဆေးလိပ်ကျသွားရာကို ရဲထက် အလျင်အမြန်လိုက်ကြည့်သည်။ သွားပြီ. . . ဆေးလိပ်သည် မှော်ဘီမှ မြင့်မြင့်သန်း၏ လုံချည်ပေါ် ကျသွားသည်၊ သူမျက်လုံးရော မျက်ဆန်ပါ ပြူးထွက်သွား၏။ မြင့်မြင့်သန်းကတော့ မသိ ကိုရီးယား စကားဖောင်ဖွဲ့. . . ကိုရီးယားရေအလျင်ကြောမှာ မျောပါနေဆဲ. . .၊ သူ မြင့်မြင့်သန်း အနီးသို့ ချက်ချင်းရောက်သွားသည်။ အရေးဆို ဘယ်လို စပြောရမည်မသိ. . .၊ စကားအစရှာမရဖြစ်နေဆဲ. . .၊ မြင့်မြင့်သန်း နှင့် နီလာကတော့ ကိုရီးယားလေဟုန်စီးလျက်. . .

"အဲဒီမှာကမ်ကီးဘန်းနဲ့ ကင်ဂျီဟိုက ဂျန်ဂျီဟွန်းနဲ့ ဂေါင်ယိုဂျင်း ရှိရာ ဆိုးလ်ကိုလိုက်လာ. . . ဒါပေမယ့်. . . ဂျန်ဂျီဟွန်းဟာ ပတ်ဂျီ ယောင်နဲ့ ဂျွန်တေးဆောင်ကခေါ်သွားလို့ ဟေအွန်ဒေးကိုထွက် သွားတဲ့အချိန်. . .၊ ဟေအွန်ဒေးမှာတော့ ဂေါင်ယိုဂျင်းဟာ ဂိုဆိုယောင် နဲ့ အတူစောင့်နေတာလေ. . .၊ ဂျန်ဂျီဟွန်း၊ ပတ်ဂျီယောင်၊ ဂျန်တေး ဆောင်တို့ဟာ ဂေါင်ယိုဂျင်းနဲ့ ဂိုဆိုယောင်ကို ကင်ဂျီဟိုနဲ့ ကမ်ကီဘန်း ရှိမရှိမေးနေတုန်း ရပ်ဆောင်ရဲ့ CEO ပတ်ဆောင်ဂွမ်နဲ့ ဟေအွန်ဒေးမှာ တွေ့ကြပါရော"

"အဲဒါဆို ဒေါင်ဂျန်အကျိုးဆောင်အဖွဲ့က ကိုဟေးဆောင်နဲ့ ပတ်ဆောင်ဂွမ်က ဟေအွန်ဒေးမှာ ပြန်ပေါင်းထုပ်မှာပေါ့"

"မပေါင်းဘူး၊ ကိုဟေးဆောင်ဟာ ယိုဆီးမှာကတည်းက ချိုင်းဆို ကျောင်နဲ့ လက်ထပ်ပြီး ကိုယ်ဝန်ရှိနေပြီဟ. . . အဲဒီကလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကင်ဂျီဟို ပဲ"

ကြာလျှင် ကိုရီးယားလေထဲမှာ လုံချည်မီးထတောက်တော့မည်မို့ သူက ပြောမိပြောရာဝင်ပြောရပါပြီ။

"ဒီ. . ဒီ. . ဒီမှာ ခင်ဗျာ. . . ကင်ဂျီဟိုတွေ ချောင်ဆိုဂျိုင်တွေ နောက်မှပြောပါ. . အ. . . . အ. . . အခုအရေးကြီးတာက . . က. . က. . . ဗျာ. . . ဟို. . . ဗျာ. . . "

"ကဗျာ ဟုတ်လား. . . Sorry ကဗျာစာအုပ်မဝယ်သေးဘူး အဲ. . နီလာ. . . ငါပြောတာ ဘယ်ရောက်သွားပါလိမ့်"

"ခင်ဗျားကလည်းဗျာ. . . ပတ်ကွိုင်တောင်ပေါ်မှာ ရွှေမှုဝံနဲ့ ဝမ်ချိုင်းနဲ့တွေ့တာရောက်သွားပြီဗျ"

"အဲ. . . အဲ. . ဟုတ်ပြီ. . အဲဒီမှာ ရွှေမှုဝံနဲ့ ဝမ်ချိုင်းနဲ့ လက်ထပ်လိုက်တာပဲ. . . အင်. . . အဲ. . . ဟုတ်ပါဘူး. . . ငါတောင်ယောင်ကုန်ပြီ"

"ဒီမှာ"

မြင့်မြင့်သန်းသည် အသံစူးစူးနှင့် တုန့်ပြန်ရင်း သူ့ကို နောက်လှည့်ကာ ရန်တွေ့သည်။ သည်မှာပင် သူက ဆေးလိပ်မီးရှိရာ မြင့်မြင့်သန်း၏ လုံချည်ပေါ်သို့ မဝံ့မရဲလက်ညှိုးထိုးပြလျက်. . .

"ဟို. . ဟို. . အဲ. . အဲ. . . အဲဒီမှာ . . . လုံ. . လုံ. . . လုံချည် . . . ခင်ဗျား. . . လုံချည်. . . မီး. . . မီး. . . မီးလောင်နေပြီဗျ"

"အမလေး"

မြင့်မြင့်သန်းက အလန့်တကြားအော်လိုက်ရင်း လက်နှင့်ထိတ်ထိတ်ပျာပျာ ကော်ထုတ်လိုက်သည်။ မီးခိုးငွေ့တွေနှင့် ဆေးလိပ်တိုကြီးသည် နောက်ဘက်ဝိုင်းသို့ ဝှီးကနဲလွင့်သွား၏။ သည့်နောက်





နောက်ဘက်ဝိုင်းစားပွဲပေါ်မှ ကြာဇံဟင်းခါးခွက်ထဲသို့ ဘုတ်ကနဲကျသွားသည်။ တော်သေးသည်. . ။ ကြာဇံဟင်းခါးခွက်ရှင် ကျောင်းတော်သားကိုရွှေမှုန်ကြောင်မှာ ဗိုအားပြင်းစွာ လေဒီကသိုင်းရှုနေသည့်အတွက် လေထဲမှ ဝဲပျံလာသော ဆေးလိပ်တိုကြီး သူ့ခွက်ထဲကျလာသည်ကို သူ့ခမြာမသိလိုက်ရှာ။

သည်အချိန်မှာ မြင့်မြင့်သန်းသည်လည်း မီးခိုးငွေ့အူနေဆဲဖြစ်သောလုံချည်နေရာကို လက်နှင့်ကပျာကယာ ဖိအုပ်ကာ ငြိမ်းသတ်နေ၏။ အငွေ့သေသွားတော့ ကျပ်ပြားဝိုင်းသာသာ မီးလောင်ပေါက်ကြီးက တကယ့်နေရာကြီးမှာ. . . ၊ ရှေ့ပိုင်းလုံချည်သားသုံးခေါက်စာ အပေါက်ကြီးဖြစ်သွားသည်။ ထမီစကပ်ဆိုတော့ လှည့်ဝတ်လို့လည်းရနိုင်မည်မဟုတ်. . . . ၊ ဒေါသစွက်စွက် ဇီးရွက်လောက်မျက်နှာနှင့် မြင့်မြင့်သန်းသည် သူ့အားတရားခံရှာချေပြီ. . . ၊

"ကဲ. . ပြော. . . ဘယ်လိုဖြစ်တာလဲ. . . အဲဒါ ရှင်လုပ်လိုက်တာလား. . . "

"အဲ. . အဲ. . အဲဒါ. . ဆေး. . ဆေးလိပ်လေ. . . ဆေးလိပ်လေ. . ဆေးလိပ်တိုကျသွားတာ. . လက်. . လက်. . လက်နဲ့လွတ်. . လွတ်လွတ်နဲ့လက်နဲ့ဗျာ. . . အဲ. . . အဲဒါ. . . . "

သူ့ယောင်ယောင်မှားမှားစကားကို ဘုမသိဘမသိနှင့် ကယ်တင်ရှင်ပေါ်လာ၏။ နီလာသည် သူမြင်လိုက်သည့်နှယ် အတည်ပေါက်နှင့် ချော်လဲရောထိုင်လိုက်လေ၏။

"ဟုတ်တယ်လေ. . . . ငါမြင်လိုက်တယ်. . . နင့်လက်က သူ့ကိုတိုက်ပစ်လိုက်တာလေ. . . သူက ဟိုဘက်ကလာပြီး ဖြတ်အသွား



www.burmeseclassic.com

www.burmeseclassic.com



မှာ နင့်လက်က ဝင်တိုက်လိုက်လို့ သူ့ဆေးလိပ်က နင့်ပေါ် ကျသွားတာ မမရဲ့ . . ဩော် . . . ငါကမျက်စိအင်မတန်လျင်လို့ပါလား မြင့်မြင့်သန်းရယ် . . . . . . "

သည်တော့မှ မြင့်မြင့်သန်း၏ ဒေါသရိပ်တွေ လွင့်ပြေးသွားတော့သည်။ သူ့ကိုကြည့်ကာ တိုးတိုးဆို၏။

" Sorry နော်" . . . တဲ့။

***

ဝိုင်းမှာ ပြန်ထိုင်ရင်းနှင့် သူသည်ဆေးလိပ်တိုကြီး နောက်ဆုံးဆိုက် ရောက်ရာ ကိုရွှေမှန်ကြောင်ရှိရာ လှမ်းကြည့်လိုက်၏။ သူပါးစပ်အဟောင်းသားဖြစ်သွားသည်။ လှမ်းအော်တားရန်အပြု ရွှေဘုန်းက သူ့ကိုလက်တို့လျက် ဟန့်တားသည်။ ဗိုအားပြင်းစွာ ငမ်းကြောတစ်ထောင်အားအပြည့်ရှိနေသော ကိုရွှေမှန်ကြောင်သည် ဖွန်းထဲမှ ပါသွားသော ဆေးလိပ်တိုကြီးကို တစ်ချက်ဝါးမိလိုက်ပြီး မျက်လုံးကြီးပြူးသွားသည်။ သူတို့မျက်လုံးလွှဲလိုက်တော့ အဲဒီဘက်မှအော်သံကြားလိုက်၏။

"ကောင်လေးတွေလာကြည့်ကြဦးဟ . . . ဒီမှာကွ . . . မင်းတို့ကြာဇံဟင်းခါးထဲမှာ ဆေးလိပ်တိုကြီးပါလာတယ်ကွ"

နီလာနှင့်သန်းသန်းနုတို့ တခွိခွိရယ်သည်။ မြင့်မြင့်သန်းခမြာ မရယ်နိုင်ရှာ . . . ။

"ရှေ့ကအပေါက်ကြီး ငါဘယ်လိုလုပ်ရမှာလဲ နီလာ"

"အမလေး လွယ်လွန်းလို့မမရယ် . . . ၊ လွယ်အိတ်နဲ့ပဲကာကာ





စာအုပ်နဲ့ပဲကာကာ . . . ကာပြီး လှယဉ်ကျေးမယ်လိုလျှောက် . . . ဩော် ငါကဉာဏ်ပြေးပေလို့သာပေါ့ မြင့်မြင့်သန်းရယ် . . . . "

❑



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းကနဲ မြောက်အတက်. . . နောက်. . . ပြန်ကျ. . . ခန္ဓာကိုယ်က တစ်ချက်ယိုင်အသွား. . . နားထင်နှင့် နဘေးမှန်တု ဖူးစာဆုံသွားသည်။ သူတော်တော် အီသွားသည်။ အတွေးလည်း လွင့်သွား၏။ သူ့ကိုကြည့်ကာ ကိုမဲကြီးက ရယ်သည်။

"ခင်ဗျားက တစ်ယောက်တည်းတွေးလာတာကိုးဗျ. . ဘာတွေတွေးနေတာလဲ ကိုရဲ"

သူပြုံးနေသည်။ ကိုမဲကို တစ်ချက်ကြည့်လျက်ပြောသည်။

"မြန်မာပြည်မှာ မြို့ပေါင်းဘယ်နှမြို့ရှိလဲသိလား ကိုမဲ"

"ကျွန်တော်အဖေကတော့. . လ. ဝ. ကမှာ အရာရှိကြီးပဲ အဖေတော့သိမှာ. . ကျွန်တော်ကတော့ မသိဘူး"

"မြေပုံထဲမှာ ကျွန်တော်ရေကြည့်တာတော့(၃၅၂)မြို့ဗျ. . ."

ပြောအပြီးမှာ ဟက်ကနဲသူရယ်ပစ်လိုက်သည်။ သူက သူ





အတွေးနှင့် သူရယ်ခြင်းဖြစ်၏။ ကိုမဲကြီးခမျာ အဆက်အစပ်မသိတော့ အူလည်လည်ဖြစ်နေသည်။

"ချယ် က. . . အဲ. . ချစ်သူက မေးဖူးတယ်ဗျ. . . . သူ့မြို့ကို မှန်အောင်ပြောနိုင်လားတဲ့. . .၊ ကျွန်တော်ဖြေလိုက်တာ တက်တက်စင်အောင်အလွဲကြီးပါပဲ ဟား. . . ဟား. . . ဟား"

ရယ်လိုက်ပြီးနောက် ခေါင်းညိတ်ကာ ညည်းရွတ်မိပြန်၏။

"တွေးကြည့်ရင်လည်း ဖြစ်တတ်တဲ့ အလွဲလေးတွေပါပဲ. . .။ အဲဒါလေးတွေဟာ ကျွန်တော့်ဘဝမှာ မေ့မရနိုင်စရာလေးတွေဖြစ်လာခဲ့တယ်. . .။ ဖူးစာရေးနတ်ကိုက မြားချက်အလွဲတွေနဲ့ စခဲ့လို့နေမှာဗျ သူပစ်တာ တစ်ခြားသူတွေကိုဖြစ်မယ်. . . အဲဒီမှာ မြားချက်တွေလွဲပြီး ကျွန်တော်တို့ကို မှန်ခဲ့တာပါဗျာ. . .၊ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော်တို့ မလွဲနိုင်တော့ပါဘူး. . ."

ပြောပြီးနောက် ပြတင်းမှန်ထုကို ခေါင်းမှီကာ ရဲထက် မျက်လုံးတွေမှိတ်သွားသည်။ ရဲထက်ကိုကြည့်ကာ ကိုမဲကြီးလည်းပြုံးသွားသည်။ ယြော်. . . ချစ်သူနဲ့ဆုံဆည်းဖို့ သည်မြေကိုလိုက်လာရှာတဲ့ကောင်လေး . . . အတွေးတွေနှင့် ပျော်နေမှာပေါ့လေ. . .၊ တွေးတတ်မယ်ဆိုရင် အချစ်ဆိုတာ ကြည်နူးအိမ်လေးတွေ အစီအရီနဲ့တည်ဖွဲ့တဲ့မြို့လေး တစ်မြို့ပါပဲ. . .၊ အလွမ်းကို မစဉ်းစားကြေးဆိုရင်တော့ အတွေးထဲမှာ ရဲထက်နဲ့အတူ ပျော်မောခဲ့ရရက်စွဲလေးတွေရှိရာ မျောပါကြည့်လိုက်ကြရအောင်လေ. . .။

***



www.burmeseclassic.com

www.burmeseclassic.com



မဲလိပ်နိုက်လိုက်တော့ မဟာကံဆိုးရှင်ဆုပေါက်သူမှာ သန်းသန်းနု ဖြစ်နေ၏။ သန်းသန်းနုသည် အုပ်စုထဲမှာ စကားအနည်းဆုံး အအေးဆုံး၊ အမြဲတမ်းတစ်ရချင်သည့် ကလေးမ. . .၊ ယခုလည်း ဂဏန်းတစ်ဆိုနေတော့ ရှင်းပေရော့. . .။ အားလုံး ဝေး ကနဲအော်လိုက်ကြချိန်မှာ သတိမပြုမိသေး. . .၊ နောက်မှ တစ်စုံတစ်ခုကို သတိရသွားကာ ချယ်ရီ၏မျက်နှာကို လှမ်းကြည့်လိုက်၏။

"ချယ်ရီ. . . ကောင်မစုတ်. . . နင်ညစ်တာ"

"အံမာ. . . စွပ်စွပ်စွဲစွဲ. . အားလုံးအမြင်. . ကံစီမံရာပဲလေ ဟုတ်တယ်မဟုတ်လား နီလာ"

"ဒါပေါ့ဟုတ်တာပေါ့. . . ကံစီမံရာပဲပေါ့. . . ကဲ. . . သန်းသန်းနုရေ ရှင်းလိုက်တော့"

"ဟွန့်. . . ရှင်းတာက ငါရှင်းလို့ရပါတယ်. . . ချယ်ရီ ညစ်တာကို





နင်တို့စဉ်းစားမိရဲ့လား. . . မဲလိပ်က လေးလိပ်. . . ငါတို့ပဲနှိုက်ရတာလေ. . ချယ်ရီကမှ မနှိုက်ရပဲ"

"အယ်. . ဟုတ်တာပေါ့. . မိချယ်ဘာလုပ်ပလုပ်မတရားဘူး"

"မတရားတော့ မတရားဘူး. . .ပေမယ့် နောက်တစ်ခါ ငါးလိပ်ထပ်နှိုက်ကြလို့. . . ငါကျရင်ဘယ့်နှယ့်လုပ်မလဲ"

ရေကျော်မက သူ့အတွက်တော့ သိတတ်သည်။ ချယ်ရီသည် သွားဖွေးဖွေးလေးတွေပေါ်အောင်ပင် ပန်းနုရောင်နှုတ်ခမ်းပါးလေးနှင့် ရယ်ပစ်လိုက်၏။

"ဘာမှ မတရားမလုပ်ဘူး. . . ငါက ကတိအတိုင်းလုပ်တာ. . အစတည်းက မင်းတို့ကိုပြောပြီးသား. . .၊ ငါဒိုင်လုပ်မယ်. . . ကဲ. . . မဲလိပ်လေးလိပ် ရှင်တို့နှိုက်ရမယ်လို့လေ. . . ငါက စကားတည်တယ်ကွ ကဲ. . အမျှားဆန္ဒကို ခံယူမယ်. . . အခု သန်းသန်းနု မဲနံပါတ်နည်းလို့ရှင်းရမယ်. . . ဘယ်သူကန့်ကွက်မလဲ. . . ဟင်း ဟင်း ဟင်း"

အမှန်က ဘာရယ်မဟုတ်. . .၊ အချင်းချင်း ပျော်စရာကိစ္စအားလုံးပျော်ပျော်ပါးပါးပါပဲ. . . ဒါပေမယ့်. .

***

မြင်နေရ ကြားနေရတော့လည်း သူ့အူပွလာသည်။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ချယ်ရီဆိုသည့် ကောင်မလေးအား အနိုင်ယူလိုစိတ်၊ စ,လိုစိတ်က သူ့အူထဲထိ တလိပ်လိပ်နှင့် လှိမ့်တက်လာ၏။ သူသည် ချယ်ရီတို့ဝိုင်းသို့ရောက်သွားသည်။ ကောင်မလေးချယ်ရီ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးအား စေ့စေ့ကြည့်လိုက်တော့ နှလုံးအိမ်သည် ဘာ့ကြောင့်များတဒုတ်ဒုတ်နှင့် ပြင်းပြင်းလှုပ်ခတ်လာရလေသည်မသိ။ ချယ်ရီ၏ တုန့်ပြန်အကြည့်က ဘာကိစ္စလဲဆိုသည့်အကြည့်. . . ၊ နီလာ၏အကြည့်က ဘာဖြစ်ရပြန်ပြီလဲ ဟူသည့်အကြည့်. . . ၊ မြင့်မြင့်သန်းကတော့ ပူပူနွေးနွေးလုံချည်ပေါက်ကို လက်နှင့်ဖတ်ကနဲအုပ်လိုက်၏. . . . ။ သူသည် နှုတ်ဆွံ့စွာနှင့် ချယ်ရီအားကြည့်နေမိလေသည်။ လှလိုက်တဲ့ကောင်မလေး. . . ၊ ခုန်လိုက်တဲ့ရင်ရယ်. . . ။

ဣန္ဒြေမပျက်အောင် ထိန်းချုပ်ပြီးနောက် သူ့နှုတ်မှစကားပွင့်တို့ အန်ကျလာ၏။

"ခင်ဗျားနဲ့ကျွန်တော် မေးခွန်းတစ်ခုစီမေးပြီး အမေးအဖြေကစားပွဲလေးတစ်ခုလုပ်ကြရအောင်လား မချယ်ရီ"

သူ့စကားကြောင့် ချယ်ရီ၏ လေးကိုင်းပုံမျက်ခုံးလေး အတောင်ခတ်သွားသည်။ နှုတ်ခမ်းလေးက ပြုံးထေ့ထေ့နှင့်. . . ။

"ဘာ အဓိပ္ပာယ်လဲ"

သူက ချယ်ရီတို့စားပွဲဝိုင်းလေးကို လက်ညှိုးလေးနှင့် ဝေ့ပြလျက်. . .

"အခုလိုမျိုးပေါ့. . . ပျော်ပျော်ပါးပါးလေးဖြစ်ချင်လို့. . . အမှတ်တရလေးဖြစ်ချင်လို့ပါ"

ချယ်ရီရယ်သည်. . . . ။ သည်လူသည် ချယ်ရီ့ကိုမှ လာပြီး အကဲစမ်းလေသည်ကော. . . ။

"ရှင်ဘယ်မှာ နေတာလဲ. . . ရှင့်နာမည်ဘယ်သူလဲ"

"ကျွန်တော်နာမည် ရဲထက်ပါ. . . ရန်ကုန်ကပါပဲ. . . နေတဲ့





အရပ်ကိုတော့ မချယ်ရီ မှန်အောင်ပြောနိုင်မလား"

မဟော်သဓာနှင့် အမရာကို အားကျသည်လားမပြောတတ်. . ရဲထက်နှင့် ချယ်ရီတို့၏ ပေါ့သေးသေးစကားပဟေဠိပွဲလေးက သည်မှာပဲ စပြီထင်၏။ ချယ်ရီစဉ်းစားသည်။ ခုနက ရဲထက်ဝင်လာစဉ်က သူတို့ဝိုင်းဘက်မှ ကျောင်းသားတစ်ယောက်က လှမ်းအော်ကြိုဆိုလိုက်သည့်စကား. . . သည်တုန်းက ချယ်ရီ မဲလိပ်နေစဉ်မှာ ကြားလိုက်ရသည့် အမှတ်မထင်စကား. . . ဘာတဲ့. . . 'လာပါပြီ. . . သားရေပုံးထမ်းလာတဲ့ကောင်' ဆိုလားပဲ. . . သား. . . ရေပုံးထမ်းလာတာဆို သူတို့အပြောင်စကားပဲဖြစ်မည်. . . သားရွှေအိုးထမ်းလာတာက 'သုဝဏ္ဏသာမ' လေ. . သည်တော့. . . ရဲထက်သည် သုဝဏ္ဏသားပဲဖြစ်မည်လား. . . . ချယ်ရီ စဉ်းစားမိလိုက်၏။

"ရဲထက်. . . သုဝဏ္ဏက ရဲထက်ပေါ့ဟုတ်လား"

"ဗျာ"

သူကြောင်သွားသည်။ သုဝဏ္ဏကို ချယ်ရီက ဘယ်လိုသိသွားသည်မသိ။ ချယ်ရီကို သူဖြုံသွား၏။

"ကျွန်မနေတဲ့မြို့ကိုရော. . . ရှင်သိလား"

'ဟိုက်'ရော. . . ၊ ကျွန်မနေတဲ့မြို့တဲ့. . . ၊ ချယ်ရီကမေးပြီလေ မြန်မာပြည်မှာ မြေပုံပေါ်သူရေတွက်ကြည့်ခဲ့ ဖူးတာ(၃၅၂)မြို့ပါ. . . ၊ အဲဒီထဲကမှ မဖြစ်နိုင်ဆုံး မြို့တစ်မြို့ကို ပထမရွေးပြောပြီးမှ ဖြစ်နိုင်ဘွယ်တစ်ခုခုကို သိအောင်မေးရမည်၊ အလယ်ပိုင်းမြို့တွေကတော့ မန္တလေးတက္ကသိုလ်ရှိနေတော့ ရန်ကုန်တက္ကသိုလ်မှာလာတက်စရာ အကြောင်းမရှိနောက်ပြီး ချယ်ရီက အသားဖြူဖြူထောင်ထောင်မောင်းမောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းလိုလို မွန်လိုလို အသားအရေကို ပိုင်ဆိုင်သူဆိုတော့. . .၊ ရဲထက် သွေးတိုးစမ်းလိုက်၏။

"ဟား ဟား ဟား သေချာတာ တစ်ခုကတော့ . . ခင်ဗျားဟာ ရွှေဘိုက မဟုတ်ဘူးဆိုတာပဲဗျ"

သူ့စကားကို သဘောကျစွာ ချယ်ရီရယ်သည်။ ချယ်ရီတွင်မဟုတ် ချယ်ရီတို့တစ်ဝိုင်းလုံး ခွက်ထိုးခွက်လန်ရယ်ကြတော့ ရဲထက် ကြောင်သွားသည်။

"ရှင်. . . တော်တော်တော်တဲ့လူပဲ ကျောင်းပြီးရင် ဗေဒင်ဟော စားနော်. . . ကျွန်မက ရွှေဘိုသူစစ်စစ်ရှင့်"

"ဗျာ"

ဆိုးလိုက်တဲ့ ကံကြမ္မာရယ်. . .၊ (၃၅၂)မဲမှာ တစ်မဲတောင်မှ ကိုယ့်ဘက်ကရှိမနေပါလား. . .၊ ဘာလို့များ ဒီလောက်တောင် လွဲချော်သွားရတာပါလဲ. . .၊ ဘာရယ်မဟုတ်ပါပဲ ခေါင်းထဲရောက်လာသော မေးခွန်းလေး တစ်ခုမေးကာ အနိုင်ပိုင်းပြီး ကိုယ့်ဝိုင်းရှိရာ ပြန်လာခဲ့မည် ဟူသော သူသည် ယခုတော့ ပွဲအစမှာပင် အရှုံးနှင့် နီဒါန်းကန့်လန့်ကာ ဖွင့်ဟလို့နေပါလား. . . .၊ သူသည် ချယ်ရီ၏မျက်နှာကို ငေးကြောင်ကြည့်နေမိလေသည်။ အပြစ်ကင်းလိုက်တာ. . ။ 'ချယ်. . . ရယ်' ဟု စိတ်ထဲမှာ ခေါ်ကြည့်လိုက်မိ၏။ သည်အခိုက်အတန့်လေးမှာပါပဲ. . . တဒင်္ဂလေးအတွင်းမှာပါပဲ. . .။ သူသည် ချယ့်ကို ကြောက်သွား၏၊ ချယ့်ကို ချစ်သွား၏။ ထူးဆန်းလိုက်တာ. . .။

"ကဲပါရှင်. . . မတ်တပ်ကြီးရပ်မနေပါနဲ့ ထိုင်ပါဦး ရှင်နဲ့အမေး အဖြေကစားပွဲလေးက မစရသေးဘူးနော်. . . ပျော်စရာကောင်း





မှာပါ. . . ထိုင်ပါဦး ကိုရဲထက်ရဲ့

ထိုင်လိုက်ရင်းနှင့် ဦးခေါင်းကို ရမ်းခါမိလိုက်၏။

"ဖြစ်နိုင်မယ်ဆိုရင်တော့ မေးခွန်းမေးမယ့် ကစားပွဲလေးကို ကျွန်တော့်ဘက်ကစပြီး ဖျက်လိုက်ချင်တယ် မချယ်ရီ"

"မရဘူး. . . အဲလိုလုပ်လို့မရဘူး. . . ရှင်အဲလိုလုပ်သွားရင် ကျွန်မစိတ်ထဲ စနိုးစနောင့်ကြီးဖြစ်ကျန်ခဲ့မှာပေါ့. . . ကျွန်မက အမြဲတမ်းပဲ စိတ်ရှင်းရှင်းနဲ့ နေချင်တဲ့သူရှင့်"

သက်ပြင်းတစ်ချက်ချရင်း ချယ့်မျက်နှာကို ကြည့်လိုက်မိ၏။

"အမေးအဖြေကစားပွဲကို မလုပ်လို့မရဘူးလားဗျာ. . .၊ ကျွန်တော် မချယ်ရဲ့အချစ်ကို ရယူချင်တယ်. . . ဒီကစားပွဲကြောင့် အဲဒါကို ထိခိုက်သွားမှာ စိုးတယ်. . . အဲဒါကြောင့်ပါ. ."

ဩော်. . . ဟု တစ်လုံးတည်းဖွင့်ဟလျက် ချယ်ရီခေါင်းညိတ်၏။

"လက်စသတ်တော့ ရှင်က ကျွန်မကို Propose လာလုပ်နေတာကိုး. . . ဖြစ်ရလေ. . ."

"မဟုတ်ဘူး. . . မဟုတ်ဘူး မချယ်. . .၊ ပထမလာတုန်းက မချယ်နဲ့ အမေးအဖြေ မေးခွန်းလေးတစ်ခုစီမေးဖို့ ပျော်ချင်လို့လာတာပါ ဒီရောက်တော့မှ မချယ့်ကို ကျွန်တော်ချစ်သွားတာ. . . မနေ့ကထိ မချယ်ဆိုတာ ကျွန်တော့်ရင်ထဲမှာ မရှိခဲ့တာပါ. . . အဲဒါက အမှန်တရားပါ မချယ်"

ဘုရားရေ. . . ဘယ်လိုလူပါလိမ့်. . . ချယ်ရီက Star ဆိုတာများ ဒီလူမသိလေရော့သလား. . . ဒီလူကြည့်ရတာ ချယ်ရီရယ် မဟုတ် ဘယ်မိန်းကလေးကိုမှလည်း သိမည့်ဟန်မပေါ်. . . ပုံစံက အူ



www.burmeseclassic.com

www.burmeseclassic.com



လည်လည်နှင့်. . . စိတ်ညစ်စရာ. . . ဒါပေမယ့် ခေါင်းစဉ်မဲ့ခံစားချက်လေးတစ်ခုတော့ ချယ်ရီရင်ထဲမှာ နို့လို့ခုလုဖြစ်သွားသည်က အမှန်ပင်. . .။ Untitle ပေါ့လေ. . .။

"ကဲ . . ဘယ်လိုလဲ မရွှေချယ်. . .၊ ပရိသတ်ကစောင့်နေပြီ လက်ခုပ်တီးရမှာလား၊ တောထုတ်ရမှာလား. . . ဘယ်လိုလဲပြော"

နီလာက စိတ်မရှည်စွာကြားဆိုင်းဝင်တီး၏။

ဟုတ်မှာပေါ့. . .၊ သူ့ချစ်ချစ် အောင်ကျော်ဦးရောက်လာတော့မှာကိုး. . .။

"လက်ခုပ်ပဲတီးရမှာပေါ့ နီလာရယ်. . . ကဲ. . . ကိုရဲထက်ရှင့်ရဲ့ Propose ကိစ္စကို ကျွန်မခေါင်းထဲက ထုတ်ထားလိုက်ပါပြီ. . .၊ အမေးအဖြေကစားပွဲစလိုက်ရအောင်. . . တစ်ယောက်ကို မေးခွန်းတစ်ခုစီပဲ မေးမှာမဟုတ်လား. ."

သူခေါင်းညိတ်ပြလိုက်သည်။

အားတင်းထား ရဲထက်ရေ. .။

***

"လွယ်လွယ်လေးပါပဲ. . .၊ သိပ်စဉ်းစားစရာမလိုပါဘူး. . .၊ အဖြေက ပေးပြီးသားပါ. . .၊ သုံးခုမှာ တစ်ခုကိုရွေး ယုံပါပဲ. . ဒါပေမဲ့ စည်းကမ်းက Negative မဖြစ်ရဘူး. . .၊ တစ်ခုကိုတော့ ရွေးရမယ်. . . တစ်ခုမှမရွေးဘူးဆိုပြီး ငြင်းလို့မရဘူး. . ."

ချယ်ရီ ခေါင်းညိတ်သည်။ နည်းနည်းတော့ ရင်ခုန်နေ၏။





"ရဲထက်ဟာ မျောက်ဖြစ်တယ်. . .၊ ကဲ. . . တိရစ္ဆာန်ရုံမှာ ရဲထက်ရယ်၊ ရှဉ့်ရယ်၊ မျောက်ရယ်. . . ဒီသုံးကောင်မှာ ချယ်ရီ ဘယ်သူ့ကိုချစ်လဲ"

"ဟင်. . . ရှင်. . . ရှင်. . . ."

ချယ်ရီ မျက်လုံးပြူးသွားသည်။ ပါးစပ်အဟောင်းသားနှင့် စူးစူးကြည့်နေ၏ မျက်ဝန်းထဲမှာ မီးတောက်တွေကို သူမြင်လာရသည်။ နံဘေးနားမှ ရေကျော်မနှင့် မြင့်မြင့်သန်းတို့၏ တီးတိုးတွတ်ထိုးသံက နားထဲထိုးဝင်လာ၏။

"မျောက်ကို ချစ်တယ်လို့ဖြေမှာပေါ့"

"မျောက်ကိုချစ်တယ်ဆိုရင်ရဲထက်ကို ချစ်တယ်လို့ဖြေရာရောက်မှာပေါ့"

"ဒါဆိုရှဉ့်ကိုချစ်တယ်. . . အယ် . . . ဒါလည်းရှင့်ကိုဆိုတော့ ရဲထက်ကို ချစ်တယ်လို့ဖြေတာပဲဖြစ်သွားမှာပဲ"

ခဏလေး အသံတွေတိတ်သွားသည်။ မဖြေလို့လည်းမရ. . .၊ Negative လည်း မဖြစ်ရဘူးတဲ့လေ. . .။ ချယ်ရီသည် အံကိုကြိတ်လျက် ရဲထက်ကို ကြည့်လိုက်သည်။ ပြီးမှ. . . တစ်လုံးချင်း. . .၊

"တို့. . . ရဲထက်ကို ချစ်တယ်"

"ဟယ်!" "ဟင်" "အို"

"ချယ်. . . ချယ်. . . နင်. . . နင်"

သူငယ်ချင်းမတွေ၏ တအံ့တသြစကား. . .၊ သည်အာမေဍိတ်သံတွေအောက်မှာ ရဲထက်၏ မျက်နှာသည် စားပွဲထက်သို့ပြုတ်ကျသွား၏။ သစ္စာတရားနဲ့ ဆုပ်ကိုင်ပြီး ကျိန်ဆိုရဲပါတယ်. . .၊ ဒီလိုအဖြေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလိုအချိန်အခါမျိုးမှာ ကိုယ်ကြားလိုတာမဟုတ်ပါဘူး ချယ်. . .။

"ခေါင်းကိုမော့ပါဦး ကိုရဲထက်. . . ကျွန်မမေးရမယ့်အလှည့် ရောက်ပြီလေ. . ."

သူခေါင်းမော့လိုက်သည်။ ရင်သည်ချိန့်ခြင်းနှင့် ပြင်းစွာလှုပ်ခတ်နေ၏။ မေးပါ ချယ်. . .။ ထိုက်တန်တဲ့အပြစ်တစ်ခုကို ခံယူဖို့ ကိုယ် အသင့်ပြင်ထားပြီးသားပါ. . . .။

"ရှင်. . . နှစ်ခုထဲက တစ်ခုကိုပဲရွေးရမှာပါ. . . တစ်ခုစီမှာ သတ်မှတ်ချက်တစ်ခုစီရှိမယ်. . .၊ ကဲ. . . ကျွန်မမေးမယ်. . .၊ စည်းကမ်းက ရှင့်လိုပဲ Negative မဖြစ်ရဘူး ကိုရဲထက်"

"ချစ်တာနဲ့မုန်းတာ. . . နှစ်ခုထဲက တစ်ခုရှင်ရွေးရမယ်. . .၊ ချစ်တယ်လို့ဖြေရင် ရှင့်ကို ကျွန်မပါးရိုက်ပစ်မယ်. . . မုန်းတယ်လို့ဖြေရင် စောစောက ကျွန်မဖြေထားတဲ့ ရဲထက်ကိုချစ်တယ်ဆိုတဲ့ အဖြေက ပယ်ဖျက်ပြီးသားဖြစ်မယ်. . . .၊ ကဲ. . . ရှင် ကျွန်မကို ချစ်လား မုန်းလား ဖြေပါ ကိုရဲထက်"

သူသည် ချယ်ရီ့ကို နားလည်သွား၏။ မဟုတ်ဘူး. . မဟုတ်ဘူး ချယ်. . .၊ အဲလို မမေးရဘူး. . .၊ ချယ် ကိုယ့်ပါးကို ရိုက်ချင်တာ မဟုတ်လား. . .၊ "အချစ်နဲ့အမုန်းဟာ အတူတူပဲဖြစ်တယ်. . .၊ ချစ်တယ်လို့ဖြေရင် ရှင်ပါးရိုက်ခံရမယ် ကဲ ရှင် ချစ်လား မုန်းလား'လို့ အဲလိုမေးရမှာပါ ချယ်. . .။ သူနှုတ်ခမ်းတွေပြုံးသွားသည်။ ပြုံးလျက်နှင့် ဖြေလိုက်၏။

"ချယ်ရီ့ကို ကျွန်တော်ချစ်တယ်"

ပြောအပြီးမှာ သူ ထလိုက်သည်။ ချယ့်အနီးသို့ တိုးကပ်ပေး





လိုက်၏။ ချယ် ကလည်း မတ်တပ်ရပ်လိုက်သည်။ ချယ်၏ လက်ကလေး လေထဲသို့ ဖြည်းဖြည်းလေးမြောက်သွားကာ အားယူလိုက်သည်။ သူသည် ချယ့်မျက်နှာကို ရီဝေစွာ ငေးကြည့်နေဆဲ. . . .၊

"ဖြန်း"

ပါးတစ်ခုလုံး ထူပူဖျဉ်းစပ်သွားသည်။ အလောင်းဘုရား ဦးအောင်ဇေယျ၏ အနွယ်အဆက်မို့ပဲလားမသိ. . .၊ ပြင်းလိုက်သည့် ရိုက်ချက်. . .၊ ဖြူသော သူ့ပါးပြင်မှာ ချက်ချင်းပဲ သွေးကြောမျှင် သေးသေးလေးတွေ ပြတ်ထွက်သွားပြီလားမသိ. . . ပါးစောင်အတွင်းထဲမှ ငံကျိကျိအရသာ. . .၊ နှုတ်ခမ်းထောင့်မှ သွေးစလေးတစ်ခု စီးကျလာ၏ တစ်ဆိုင်လုံး ဝိုင်းကြည့်နေကြတာကို သူမြင်နေရသည်။

ကျေနပ်ပြီလား. . . ချယ်. . .။

❑



www.burmeseclassic.com

www.burmeseclassic.com



ပါးတစ်ဖက်လုံး ထူပူကျိန်းစပ်နေသည်။ လက်နှင့်အုပ်ကိုင်စမ်း မိလိုက်၏။ နှုတ်ခမ်းဖျားမှ ညည်းရှုတ်လိုက်မိသည်။

"ကျွန်တော် ပါးရိုက်ခံလိုက်ရတယ်"

"ဗျာ ကိုရဲထက်. . . ဘာပြောလိုက်တာလဲ"

"ကျွန်တော် ပါးရိုက်ခံလိုက်ရတယ်ဗျာ"

ကိုမဲကြီးခေါင်းကုတ်သည်။ ဒီလူဘယ်လိုပါလိမ့်. . . သည်လူ သည် သူ့အတွေးနှင့်သူ သူ့ဘာသာပြောနေခြင်းပါလား. . .၊ ကိုမဲကြီး နားလည်လိုက်ပါသည်။ ကားက သူ့အရှိန်နှင့် သူမောင်းနှင်နေသည်။ ရဲထက်သည်လည်း သူ့အရှိန်နှင့်သူတွေးနေသည်။

"ဒါပေမယ့် အဲ့ဒီမှာပဲ ကျွန်တော်နဲ့ ချယ်နဲ့ ချစ်သူရည်းစားဖြစ် သွားကြတယ်လေ. . . ဟား ဟား ဟား မြှားနတ်မောင်က ကျွန်တော်နဲ့ ပေါင်းမိလို့ မြှားအလွဲကြီး ပစ်လိုက်တာပဲဖြစ်မှာဗျ. . ."





ဘာတွေပြောနေမှန်းလည်းမသိ။

ကိုမဲကြီး ဘုမသိ ဘမသိ ရောယောင်ရယ်မောလိုက်ရင်း ခေါင်းညိတ်မိလိုက်၏။ ဘာမှန်းလဲ မသိဘူး အံ့ရော. . . ပါးရိုက်ခံလိုက် ရတယ်တဲ့. . . အဲဒီမှာပဲ ချစ်သူတွေဖြစ်သွားကြတယ်တဲ့. . .၊ အူကြောင် ကြောင်နဲ့. . .။

* * *

"သန်းသန်းနု. . . ရှင်းလိုက်တော့လေ. . ငါတို့ကတိပြုထား တဲ့အတိုင်းပဲ"

"သြော်. . . အေး. . . အေး"

ကြည့်. . . ကတိကို နာခံလိုက်ပုံ. . . အလေးထားလိုက်ပုံများ ဒီလိုအနေအထားကြီးမှာတောင်မှ. . .၊ လက်ဖျားခါလောက်ပါရဲ့. . .။

"နင်တို့ သွားနှင့်ကြလေ. . . ငါသူနဲ့ပြောစရာရှိတာလေးပြော ပြီးရင် လိုက်လာခဲ့မယ်"

သူငယ်ချင်းမတွေ ထသွားကြတော့ စားပွဲဝိုင်းမှာ သူနှင့်ချယ်ပဲ ကျန်ရစ်ခဲ့သည်။ ခေါင်းမဖော်ဝံ့တော့ ခေါင်းငုံ့ထား၏။ စားပွဲပေါ်တင် ထားသော သူ့လက်ကို ချယ်က အုပ်ကိုင်လိုက်သည်။ ကြက်သီးတွေ ဖျန်းဖျန်းထကာ သူကတုန်ကယင်ကြီးဖြစ်သွား၏။

"ကျွန်မ နည်းနည်းလွန်သွားတယ်. . . စိတ်ဆိုးသွားလား ကိုရဲထက်"

"မဆိုးပါဘူးဗျာ. . . ရှက်တာတစ်ခုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူထိုင်ခဲ့ရာပိုင်းလေးမှာ တစ်ယောက်မှ မရှိတော့. . .၊ အားကိုးရတဲ့ သွေးသောက်ညီအစ်ကိုတွေပါလား. . .၊ ချယ်ကလည်း သူ့ပါးကိုရိုက်လိုက်ရော. . . အားလုံးထပြေးကြရောလေ. . . .။

"အမှန်ဆို ရှင် မုန်းတယ်လို့ဖြေရမှာနော်"

ချယ့်မျက်နှာကို သူကြည့်မိလိုက်သည်။ နှလုံးသား၏ စာမျက်နှာများကို သူ့မျက်ဝန်းများထဲမှာ ချယ်ရှာတွေ့ဖတ်ရှုနိုင်ပါစေ. . .။

"ကျွန်တော်ချယ့်ကို တကယ်ချစ်သွားတာပါ. . . ချစ်တာကို မုန်းတယ်လို့ပြောလို့မရနိုင်တာဟာ ကျွန်တော်ရဲ့သစ္စာပါ ချယ်"

ချယ်၏ ခေါင်းကလေးဆတ်ကနဲ ရမ်းခါသွားလေသည်။ သရော်သော အပြုံးတစ်ချက် ချယ့်နှုတ်ခမ်းလေးပေါ်မှာ လင်းလက်သွား၏။

"မြန်လိုက်တာ. . . ဘာတွေဖြစ်သွားမှန်းတောင် မစဉ်းစားရဲ အောင်ပါပဲ. . .၊ စိတ်ထဲမှာ မပါပေမယ့် ချစ်တယ်လို့ပြောမိလိုက်တဲ့ ကတိများတစ်စင်းကတော့ ကျွန်မရဲ့ရင်ဝမှာ စိုက်ဝင်သွားခဲ့ပြီလေ. . .။ ရှင်ကသာ မုန်းတယ်လို့ဖြေခဲ့ရင် အဲဒီမြားက ဆွဲနှုတ်လွှင့်ပစ်လိုက်ယုံပါပဲ အခုတော့ ကိုရဲထက်နဲ့ ကျွန်မ ချစ်သူရည်းစားဖြစ်သွားကြပြီပေါ့. . . ကျွန်မရှင့်ကို ချစ်လာနိုင်အောင် ကြိုးစားကြည့်ပါ့မယ်. . .၊ ကိုရဲထက် ကလည်း ကျွန်မ မမုန်းအောင်ကြိုးစားပါ"

ဤသည်ကိုကြည့်၍ ချယ်သည် အခြားမိန်းခလေးများလို မဟုတ် ခေါင်းမာတတ်သော၊ အမြင်မတူသော၊ သူ့စိတ်ကို ဖမ်းယူတွက်ဆရန် ခက်ခဲသော မိန်းခလေးတစ်ယောက်ဟု သူနားလည်လိုက်မိ၏၊ သူ့ကို လက်ခံလိုက်သည်မှာလည်း ချယ်၌ ခိုင်လုံသောအကြောင်း တစ်ချက်ရှိ၍သာ ဖြစ်ပါလိမ့်မည်။ သည်အကြောင်းချင်းရာသည်





တစ်ချိန်မှာ သူ့ရင်ကိုထိုးခွဲချေမွမလာပါ[redacted]ု သူတောင်းမိလိုက်၏။ ချယ့် စိတ်ဓါတ်ကို သူကြောက်လာသည် တဆက်တည်းမှာပင် ချယ့် စိတ်ဓါတ်ကို သူ[redacted]စ်နေပြန်သည်။

ကြောက်လည်းကြောက်. . . ချစ်လည်းချစ်နှင့်. . . .။

ယောက်ျားတွေဟာ ဒီ[redacted]ပါပဲ. . .၊ အားလုံးဟာ ချစ်တာကို ခေါင်းစဉ်တပ်ပြီး ကြောက်နေကြရတာပဲ မဟုတ်လား. . .၊ ကိုယ့်ဆရာ ပိုသိမှာပါလေ. . .။

❑



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားကြီးဦးအောင်ဇေယျ ၁၁၁၅ခုနှစ်တွင် တည်ခဲ့သော'ရတနာသိယ်ရွှေဘိုမြို့တော်'. . . တဲ့။

သူ့ကို ရွှေဘိုမြို့ကြီးက ကြိုဆိုနှုတ်ဆက်လိုက်ပါပြီ. . .။ အနီရောင်အခံပေါ်မှာ ယိုးဒယားပန်းရွှေကနုတ်ကြီးများဖြင့် ခန့်ညားချင်တိုင်း ခန့်ညားလှပနေသည့် မြို့အဝင်မုခ်ဦးကြီးက ကြွားကြွားဝင့်ဝင့်နှင့် အချစ်ရှိရာ ရပ်ဝန်းမှာ အောင်မြေကို ကိုယ်နင်းလိုက်ပါပြီ ချယ်. . . .။

"ရွှေဘိုမှာ ခင်ဗျား ဘယ်ကိုသွားမှာလဲ ကိုရဲ"

"ဦးဖိုးချယ်၊ ဒေါ်စိန်ရီရဲ့အိမ်ကိုဗျ"

"ခင်ဗျာ. . . ."

ကိုမဲကြီး နည်းနည်းတော့အံ့သြသွားပုံရ၏။

"ခင်ဗျားသိလို့လား ကိုမဲ. . . နေဦး. . . ရပ်ကွက် ကျွန်တော် ကြည့်လိုက်ဦးမယ်"





"မင်းရပ်ပါဗျာ. . . ကျွန်တော်သိပါတယ်. . . ဆေးရုံကြီးနားမှာဗျ၊ ကျွန်တော်နေတာက လမ်းလေးခွနားမှာ. . . သူတို့နဲ့တော့ နည်းနည်းလှမ်းတယ်ဗျ. . . . မပူပါနဲ့ ကိုရဲရာ. . . သူတို့အိမ်နားလမ်းထိပ်ထိ ကျွန်တော်လိုက်ပို့ပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲ ကိုမဲရာ. . . ဒါဆိုခင်ဗျားနဲ့ ကျွန်တော်လက်ဘက်ရည်ဆိုင်ကောင်းတာလေး ခဏလောက်ထိုင်ရအောင်ဗျာ. . . ကျွန်တော် ခံတွင်းချဉ်နေလို့ပါ"

သည်လိုနှင့် ရွှေဘိုသား ကစ်တိုက်ထားသော အာဖရိက ကျွဲပေါက်နှင့် သူသည်လက်ဘက်ရည်ဆိုင်ထိုင်ဖြစ်၏။ အားနာ၍ကူညီဖော်ရွေမှုအပြည့်ရှိသော ၎င်းအာဖရိက ကျွဲပေါက်ထံမှ မတော်ရသေးသည့် ခွတီးခွကျ ယောက္ခမ ဦးဖိုးချယ်၏ အကြောင်းကို သိခွင့်ရခဲ့ပါတော့သည်။

"တဆိတ်ကလေးဗျာ. . . ခင်ဗျားနဲ့ကျွန်တော်နဲ့ အခုလိုခင်မင်သွားတာကိုတော့. . . . ဦးဖိုးချယ်တို့တစ်မိသားစုလုံးကို ယောင်လို့တောင်မှမဟလိုက်နဲ့. . .၊ လူ့ကန့်လန့်ကြီးဆိုတော့ ကျွန်တော်တို့နဲ့မတည့်ဘူးဗျ. . . ကျွန်တော်နဲ့ အပေါင်းအသင်းမှန်းသာသိရင် မတော်ခင်ဗျားကိုပါထပြီး ထိုးခွဲပစ်လိုက်လိမ့်မယ်ဗျ. . . အလကားအဖိုးကြီး . . . ရှေးရိုးလည်းမဟုတ်. . . ခေတ်မီတာလည်းမဟုတ်နဲ့. . .၊ ထိုင်ရင်ခြေတစ်ဘက်ပဲ ပုဆိုးလှန်ဖော်ထားပြီး ဒူးထောင်ထိုင်တဲ့လူကြီး"

"ဘယ်လိုဗျ. . . ဘယ်လိုထိုင်တယ် ကိုမဲ"

"ရောက်ရင်ခင်ဗျားတွေ့မှာပါ. . ၊ ထိုးကွင်း မင်ကြောင်ထိုးထားတဲ့ခြေထောက်ကို ပေါင်ရင်းထိ ပုဆိုးဖော်ထားပြီး ဒူးထောင်တယ်. . ၊



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့ဘက်ကို ခြေမျက်စိထိ ပုဆိုးနဲ့အုပ်ထားတယ်. . .၊ အဲဒီဘက်က ထိုးကွင်းမင်ကြောင်လုံးဝမရှိတဲ့ ဘက်လေ. . .၊ ယောကျ်ားကွတဲ့ ဦးအောင်ဇေယျမျိုးဆက်ကွတဲ့. . .၊ မုဆိုးဖိုသွေးကိုပြမကွတဲ့"

"နေ. . နေပါဦး. . . မုဆိုးဖိုဆိုတော့ ဒေါ်စိန်ရီက ဆုံးသွားလို့လား"

"ဟာ. . . ကိုရဲရာ. . . တောက်တဲ့ဗျာ. . . ကပ်ပါ့. . .၊ မုဆိုးဖိုဆိုတာ ရွှေဘိုပဲလေဗျာ. . . ထွေးရန်ကော. . . အဲဒါနဲ့ ပေါင်တစ်ဘက်ကို ဆေးမင်ကြောင်ထိုးကွင်းထိုးပါရော. . . .၊ အဲဒါ ရိုးရာကို ထိန်းတာလေ. . .၊ ကျန်တစ်ဘက်ကို မထိုးသေးဘူး. . . ခေတ်မီတာလေ. . . ဆေးမင်ကြောင် စုပ်ထိုးတာဟာ မတော်ရင် မေးခိုင်ပိုးဝင်တတ်တယ်တဲ့ ထိုးပြီးသားတစ်ဘက်မေးခိုင်ပိုး ဝင်မဝင်စောင့်ကြည့်ပြီးမှ ကျန်တဲ့တစ်ဘက်ဆက်ထိုးမှာဆိုပဲဗျ"

"ဒါဆို ခုချိန်ထိ စောင့်ကြည့်နေတာပေါ့"

"မဟုတ်. . . မဟုတ်ဗျာ. . . ငါသိတယ်တဲ့၊ ငါ့မှာ အမျှော်အမြင်နဲ့ သတိရှိတယ်တဲ့၊ ပထမတစ်ဘက်မှာ မေးခိုင်ပိုးမဝင်ပေမယ့် နောက်တစ်ဘက်ကျမှ ဝင်သွားရင်ဘယ် နှယ့်လုပ်မလဲ. . . တဲ့။ ကျန်တဲ့တစ်ဘက် ငါမထိုးတော့ဘူးတဲ့လေဗျာ ဟား ဟား ဟား"

သားမက်ဆိုတာမျိုးဟာ ယောက္ခမအကြောင်း အတင်းအုပ်တာကို ကိုယ်တိုင်မပြောရတောင်မှ သူများပြောတာကိုနားထောင်နေရရင် သိပ်ကိုအရသာရှိတဲ့ အမျိုးအစားပဲ မဟုတ်လား ကိုယ့်ဆရာ။ အဲဒီမှာပဲ သူနဲ့ကိုမဲကြီးဟာ သိပ်ကို ရင်းနှီးသွားခဲ့ပြီလေ. . .။

"ကျွန်တော်ပြောတာ ဟုတ်မဟုတ် . . . ခင်ဗျာ၊ တုတ်ထိုး





ပေါက်တွေ့ပါလိမ့်မယ်ဗျာ. . . ကဲသွားကြရအောင် ရွှေဘိုမှာတော့ ဘာပဲလိုလို ကိုရဲအတွက် မဲကြီးရှိတယ်. . . ရော့ ကျွန်တော့်လိပ်စာကဒ်. . . အဲဒီမှာ ဖုန်းနံပါတ်လည်းပါတယ်"

လိပ်စာကဒ်ကို ဖတ်ကြည့်လိုက်မှ Hand Phone ကို သူသတိရသွား၏။

"ဟင်. . . ရွှေဘိုမှာ ဆက်လို့ရတယ်ဟုတ်လား G.S.M ကိုမဲ"

"ဟား. . . ရိုးပါ့ရွာသားရာ. . မိုက်ချက်က ကမ်းကုန်ပေါ့. . . ဘာရသလဲမမေးနဲ့. . .၊ ပါးစပ်အားလို့ကတော့ အိုဘားမားနဲ့တောင် တော်ကီပွားလို့ရဗျို့. . . ဟင်း ဟင်း ဟင်း"

"အတော်ပဲဗျာ. . . ကျွန်တော့်မှာ Hand phone ပါလာခဲ့တယ် ဘာပဲဖြစ်ဖြစ် ကိုမဲဆီပြေးလာခဲ့မယ်ဗျာ"

"ဟော. . . ဟိုမှာတွေ့လား. . . အိမ်ရှေ့အသားဝင်းထရံကို တစ်ဘက်က အဖြူ. . တစ်ဘက်က အနက်သုတ်ထားတဲ့အိမ်. . . လှမ်းကြည့်လိုက်. . . အဲဒါ ဦးဖိုးချယ်ရဲ့ အိမ်ပါပဲဗျာ. . . ကဲ သွားပေရော့ဗျို့. . . ."

ခရီးဆောင်အိတ်ကို ပခုံးထက်မှာ လွယ်ပိုးလျက် လျှောက်လာခဲ့သည်။ ခွတီးခွကျ ကန့်လန့်သမား ယောက္ခမလောင်းဦးဖိုးချယ်သည် သူ့အားမည်သို့ခရီးဦးကြိုဆိုသမှု ပြုပါလိမ့်မည်နည်း။ အို. . . ဘာပဲဖြစ်ဖြစ် သူမကြောက်ပါ. . . .။ ခုချိန်မှာ ရက်စက်လွန်းလှပါတယ်ဆိုတဲ့ အီတလီ နိုင်ငံတစ်ခုလုံးကိုတောင် တုန်လှုပ်စေခဲ့တဲ့. . .၊ မာဖီးယားဂိုဏ်းခေါင်းဆောင် တိုတိုရီနာရဲ့ လက်မရွံ့သမားတွေ ရွှေဘိုရောက်လာပြီး သူ့ရှေ့မှာဆီးကာထားစေဦးတော့. . .၊ ရင်ဆိုင်ရဲသည့် သတ္တိတွေက



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ချည်းရုန်းကြွရောက်ရှိလာပြီးဖြစ်ပါသည်။ ချယ် ရှိနေသည်လေ ချစ်ရသော ကောင်မလေးချယ် ရှိနေပါသည်။ အရာရာကို ရင်ဆိုင်ရန် အသင့်. . . ။

သို့နှင့်. . . သူသည် တံခါးမခေါက်. . . ခွင့်မတောင်းပါပဲ. . . ချစ်သူရှိရာ အိမ်ဝင်းအတွင်းသို့ ရဲရဲကြီးဝင်သွားပါတော့သည်။

***

အိမ်က နံကပ်တိုက်ဆိုပေမယ့် အထဲမှာ ကျွန်းတိုင်ကြီးတွေက ဟီးထလို့. . . ၊ ဟိုကြည့်သည်ကြည့်သူကြည့်နေစဉ် အထဲမှ ဒရင်းဘက် ပေါ်ထိုင်နေသော အဖိုးကြီးက သူ့ကိုမြင်သွားသည်။ ကတုံးနှင့်ပါလား ကိုမဲကြီးပြောသည့်အတိုင်း တစ်ဆံချည်မျှမလွဲ. . . ၊ ထိုးကွင်း မင်ကြောင်တွေနှင့် ခြေထောက်တစ်ဘက်ကို ပိုဆိုးဖော်ကာဒူးထောင် ထိုင်နေသည်။ လက်ထဲမှာ ကိုင်ထားသောDVD Remote control နှင့် သူ့ကိုလှမ်းပြရင်းအော်လိုက်သည်။

"ဟေ့ကောင်. . လာလေကွာ. . . ဝင်ခဲ့ပါဟ ငါ့ကောင်ရ"

အခြေအနေက မဆိုးပါလား. . . သူဝင်လာခဲ့သည်။ အဖိုးကြီး က သူ့နဘေးက ထိုင်ခုံကို ညွှန်ပြတော့ သူဝင်ထိုင်လိုက်သည်။

"ခဏထိုင်ဦးကွာ. . . ဒီမှာ ဂျူမုံနဲ့ ဒယ်ဆိုနဲ့တွေ့တဲ့အခန်း ရောက်နေလို့ကွ. . . အေး အေး ဆေး ဆေးပေါ့ ငါ့ကောင်ရာ"

ဦးဖိုးချယ်က ကြည့်လက်စ ကိုရီးယား DVD ခွေကိုသာ အာရုံ စိုက်နေ၏။ ကြောင်တောင်တောင်ဖြစ်မိသော်လည်း အလိုက်သင့်ထိုင်နေ





လိုက်ရသည်။ အိမ်ထဲမျက်လုံးဝေ့ကြည့်၏။ ချယ့် အရိပ်အယောင်ကို လုံးဝမမြင်ရသေး။

"ဂျူမုံက နယ်မြေသစ်ထူထောင်လိုက်မှပဲ နှုတ်ခမ်းမွှေးနဲ့ ပိုပြီး ကြည့်ကောင်းသွားတာကွ. . . မင်းမြင်ဖူးအောင်ကြည့်ထား. . . ၊ ငါ အသက်အစိတ်ဝန်းကျင်က ဂျူမုံနဲ့တစ်ပုံစံတည်းပဲ ငါကောင်ရ"

အခုကိုရီးယားမင်းသားနှင့် သူငယ်ငယ်က ရုပ်ရည်သည် တစ်ပုံစံတည်းဆိုပါလား. . . ၊ မျက်လုံး မျက်ခုံး နှာတံပါးစပ်နားရွက် မျက်နှာကျမှအစ အသားအရေအဆုံး တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး တစ်ခုချင်း သူလိုက်တိုက်ကြည့်သည် တစ်စက်ကလေးမျှ တူသည့်နေရာ ရှာမရ. . . ၊ ဩော်. . . ယောက္ခမလောင်းဆိုတော့လည်း သည်းခံရ မည်ပေါ့ ရဲထက်ရယ်. . . . ။

တစ်ခန်းပြီးမှ ဦးဖိုးချယ်က သူ့ဘက်လှည့်လာကာ စကားဆို သည်။ ပြောသည်ကလည်းကြည့်. . . ၊ အလွဲနှင့်စသည်။

"ဘာနံပါတ်တွေပါလဲကွ. . . ငါးစငါးဆုံး ငါလိုချင်တယ်. . . ပြီးခဲ့တဲ့လကတော့ မင်းဆီကထိုးတာ. . . သိန်းငါးရာဆုကွာ. . . အက္ခရာတော့တူတယ်. . . ဂဏန်းခြောက်လုံးပဲလွဲသွားတာကွ. . . နာလိုက်တာကွာ. . . ကဲ. . . ထုတ်ပြလေကွာ. . . ဘာကြောင်ကြည့်နေ တာလဲ"

"ကျ. . ကျ. . ကျွန်တော်. . ဘာပြောရမှန်းတောင် မသိတော့ ဘူးဗျာ"

သေချာပါသည်။ ဦးဖိုးချယ်သည် သူ့ကိုနယ်လှည့်ထီရောင်းသူ နှင့် မှားနေခြင်းပါလား။ သူကလည်း အိတ်ကလေးလွယ်ဝင်လာမိသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုး. . . . .။

"ဘာပြောရမှန်း မသိလည်းပြန်တော့ကွာ. . ဖိုးချယ်ဆိုတော့ နေ့နာမ်တူတဲ့ မိုးယံပဲငါသွားထိုးမယ်. . .၊ မိုးယံက ပေါက်အားကောင်း တယ်ကွ. . ."

အရေးထဲ ဦးဖိုးချယ်က မိုးယံကြော်ငြာဝင်နေသေးသည်။

သူရှင်းပြမှ ဖြစ်ပါတော့မည်။

"ကျွန်တော်ထိလာရောင်းတဲ့ သူမဟုတ်ပါဘူးခင်ဗျာ. . . ကျွန်တော် ဒီအိမ်က ချယ်ရီ့ဆီလာတဲ့ဧည့်သည်ပါ"

"ချယ်ရီဆိုတာ ငါ့သမီးပဲ. . . သူမရှိဘူးကွ. . .၊ မန္တလေးကို သွားတယ်. . .။ သူယူမယ့်ကောင်လေး နက်ဖြန်မနက် မန္တလေးရောက် မှာ မို့လို့ ကွ၊ သူ့ကောင်လေးက ရန်ကုန်ကလာမှာ. . .၊ အဲဒါ သွားကြိုတာကွ"

"အဲ. . အဲဒီကောင်လေးဟာ ကျွန်တော်ပါပဲခင်ဗျာ"

"ဟေ. . .ဘာပြောတယ်ကွ"

ဦးဖိုးချယ်က မျက်မှောင်ကြီးကြုံ့ကာ သူ့ကိုကြည့်နေသည်။ သူ တစ်စုံတစ်ခု ပြောမည်ကြံတော့ အဖိုးကြီးက လက်ကာပြသည်။ ပြီးတော့ သူ့နံဘေးမှ မှတ်စုစာအုပ်ကြီးကို ဆွဲယူကာလှန်လိုက်သည်။ တစ်နေရာ မှာ လက်ညှိုးနှင့်ထောက်လျက် သူ့ကိုတစ်ချက်ကြည့်သည်။

"ကိုရဲထက်. . တဲ့ဟုတ်လား။ အဖ-ဦးတင်ဝင်း. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ"

"ဟုတ်ရင် မင်းမှတ်ပုံတင် ငါ့ခဏပေး. . . ငါတိုက်ကြည့်မယ်" ကဲ. . အဲလို ယောက္ခမလောင်းမျိုးကြားဖူးရဲ့လား ကိုယ့်ဆရာ





တကယ့်ခွကန့်လန့်သမားကြီးပါလား. . .။

ဦးဖိုးချယ်က ရဲထက်ပေးသော မှတ်ပုံတင်ကို သူ့စာအုပ်ထဲမှာ ရေးမှတ်ထားသည်နှင့် တစ်လုံးချင်းတိုက်ကြည့်သည်။ မှတ်ပုံတင်မှ ဓါတ်ပုံနှင့် သူ့မျက်နှာကိုပါတိုက်ကြည့်နေသည်။ စိတ်ကျေနပ်လောက်မှ မှတ်ပုံတင်ကို ပြန်ပေးသည်။ ပြောပုံက ကြည့်. . .။

"လူကတော့ ဟုတ်ပါပြီကွာ၊ သူကြိုက်လို့ ယူမှာဆိုတော့လည်း သဘောပေါ့. . .၊ ထောင်ထောင်မောင်းမောင်း ကျားကျားလျားလျားဆို ဘာပြောကောင်းမလဲ. . .၊ ခုဟာက စိန်ရီ(---)လောက်ပဲရှိတဲ့ကောင်ကို ယူမှာတဲ့"

အမလေးဗျာ. . . တစ်တစ်ခွခွကြီးပြောသည့်လိုက်တာများ သူနားရင်းပါးရင်းတွေ ထူပူကာ ချက်ချင်းထပြေးချင်စိတ်ပင်ပေါက်သွား သည်။

စိန်ရီ (. . . . .)လောက်ပဲ. . တဲ့။ နားကြားလွဲတာဖြစ်ပါစေ၊ ဦးဖိုးချယ်ပြောတာ ရှောက်သီးကအစေ့ကို ပြောတာပဲဖြစ်မှာပါ။

ဦးဖိုးချယ်က နောက်လှည့်လိုက်ကာ အတွင်းခန်းသို့ လှမ်းအော် လိုက်သည်။

"စိန်ရီရေ. . . စိန်ရီ. . . လာပါဦးကွ. . ဒီမှာ မင်းသမီးရဲ့ ကောင်လေး ရောက်လာလို့ကွ. . . ထွက်တွေ့လိုက်ပါဦး. . . အိမ်ထောင် စုဇယားပါယူခဲ့. . . ငါတို့မှတ်ပုံတင်တွေရော တစ်ခါတည်းယူခဲ့ဟေ့"

ဘုရား. . . ဘုရာ. . . သူတို့သည် ချယ် မိဘတွေမှန်းသိအောင် အိမ်ထောင်စု ဇယားပုံစံ(၁၀)တွေနှင့်များ သက်သေပြဦးမည်လားမသိ။ အဖိုးကြီးဦးဖိုးချယ်ကတော့ ညိုညိုတုတ်တုတ်ထောင်ထောင်မောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းပဲဖြစ်မည်ထင်၏။ ဒေါ်စိန်ရီထွက်လာတော့ သူပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဒေါ်စိန်ရီသည်လည်း ညိုညိုတုတ်တုတ်နှင့် အနေတော့အေးမည့်ဟန်. . . အရွယ်ကလည်းတင်သည်။

"မောင်ရဲထက်ဆိုတာလား. . . သမီးက မန္တလေးမှာ မင်းကိုသွားကြိုတာလေ. . .၊ မင်းက မနက်ဖြန်မှ မန္တလေးရောက်မှာဆို ဘယ့်နှယ့်လွဲနေရတာလဲ"

"ကျွန်တော်(၁၁)ရက်နေ့ ကားစီးလာမှာလို့ အသေအချာ ဖုန်းဆက်ထားပါတယ် ဒေါ်ဒေါ်"

"အေးလေ. . . ဒီနေ့(၁၂)ရက်နေ့မှ ရောက်မှာလေ. . ."

"သူဘယ်လိုရှင်းရမည်မသိတော့. . .၊ သူကိုက လွဲချင်တော့အဲလိုပဲဖြစ်ရတော့မည်လေ. . .။ သူပြောသည်က ရွှေဘိုကား. . . .၊ ခုတော့. . . လွဲချင်တော့လေ. . .။

သူ့မျက်ဝန်းတွေသည် ယခုမှ ဧည့်ခန်းက ဓါတ်ပုံကြီးဆီအကြည့်ရောက်သွားသည်။ ချယ်က ဘွဲ့ဝတ်စုံနှင့်. . .၊ နံဘေးမှာ ဦးဖိုးချယ်နှင့် ဒေါ်စိန်ရီက ရပ်နေသည်။

"ချယ်က အသားဖြူတယ်နော်"

သူ့နှုတ်မှဘာ့ကြောင့်များလွှတ်ကနဲ ထွက်သွားသည်မသိ။ အဖိုးကြီးစိတ်ကို ဆွလိုက်သလိုများဖြစ်သွားမလား. . . ဒါပေမယ့်. . . ဦးဖိုးချယ်က ဒေါမပွသည့်အပြင် ရယ်တောင်ရယ်လိုက်သေး. . .။

"အဲဒါပေါ့ကွာ. . မိချယ်လေးက အသားဖြူတော့ ဘယ်သူတောင်းစားကမှ ငါတို့သမီးဆိုတာ မယုံမောင်ရ. . .၊ သူမွေးလာတော့ ငါဆိုတဲ့ ခွေးကြီးဖိုးချယ်ကတောင် စိန်ရီ့ကို အထင်လွဲခဲ့သေးတယ်





သွားပြီပေါ့ကွာ၊ ငါ့ပြောင်းခင်းကြီး ဘယ်နွားကများ အလစ်ဝင်စားသွားသလဲပေါ့. . .၊ နောက်မှ ဆရာဝန်တွေက သွေးတွေဘာတွေစစ်ပြီးရှင်းပြတယ်. .၊ ဂျင်နရေတာ နှစ်ဆက်ခြားမှာ ငုတ်ဂျင်နရေတာကပြန်ပေါ်တတ်တာတဲ့လေ. . .၊ မိချယ်လေးအဖွားငါ့ယောက္ခမကြီးရဲ့အမေက ရှမ်းမကြီးကွ. . . အဲဒါ ငုတ်ဂျင်နရေတာပေါ့ကွာ. . . ."

ဪ Generation(မျိုးဆက်)ဆိုတာကို ဦးဖိုးချယ်က ဂျင်နရေတာဟုပြောခြင်းပါလား. . .၊ သူ မရယ်မိအောင်နေနေရ၏။

"ကဲ ခုမှ နေ့(၁)နာရီတောင်မရှိသေးဘူးကွ. . . ဒီမှာ အိမ်ထောင်စုဇယားနဲ့ လိုအပ်တာတွေယူသွား. . .၊ မင်းရန်ကုန်မှာ အိမ်ထောင်စုဇယားအသွင်း အထုတ်ကိစ္စလုပ်ခဲ့ပြီမဟုတ်လား"

"ဟုတ်ကဲ့. . . လုပ်ခဲ့ပါပြီခင်ဗျ"

"အေး. . အဲဒါဆို. . . ရပ်ကွက်ရုံးအရင်သွား. . .၊ လိုအပ်ရင်ငါအကုန်လုပ်ပေးမယ်. . အဲဒါပြီးရင် လဝကကိုသွား. . . ငါတို့အိမ်ထောင်စုဇယားမှာ မင်းထည့်လိုက်တော့. . . ဪ. . . ဟော့ကောင်. . မင်းထမင်းစားလိုက်ဦး. . . ထမင်းဟင်း အလျှံပယ်ကွ. . . မင်းတင်မကဘူး နောက်ထပ်ခွေးဆယ်ကောင်လောက်ကျွေးလို့ရတယ်"

"မ. . . မစားတော့ပါဘူးခင်ဗျာ. . . ကျွန်တော် လက်ဘက်ရည်သောက်ဆိုင်မှာ စားခဲ့လို့ ဗိုက်ပြည့်ခဲ့ပါပြီ"

လက်ဘက်ရည်ဆိုင်ဆိုမှ ကိုမဲကြီးမျက်နှာကို ပြေးမြင်လိုက်မိသည်။ ဟုတ်တာပေါ့. . ကိုမဲကြီး အဖေက လဝက အရာရှိလေ. . .၊ ကိုမဲကြီးအကူအညီလိုပြီ. . .။

ရွှေဘိုမှာတော့ ဘာပဲလိုလိုသူ့အတွက် မဲကြီးရှိနေပြီမဟုတ်လား။

***



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကျွန်တော်ပြောတုန်းကတော့ လွန်ရော ကျံရောမှတ်မှာပါဗျာ. . . အခုတော့ ခင်ဗျားလက်တွေ့ယုံပြီမဟုတ်လား"

ဦးဖိုးချယ်ကို နဖူးတွေ့ ဒူးတွေ့တွေ့ထားပြီးဆိုတော့လည်း ကိုမဲကြီး စကားကို ထောက်ခံခေါင်းညိတ်ကာ သူပါရောယောင်ရယ်လိုက်မိ၏။

"ခင်ဗျားကိစ္စက မခက်ပါဘူးဗျာ. . . ဗုဒ္ဓဘာသာ အစဉ်အဆက် မြန်မာလူမျိုးစစ်စစ်လည်းဖြစ်တယ်. . ၊ စာရွက်စာတမ်းထောက်ခံချက်တွေလည်း အစုံရှိခဲ့ပြီးသား၊ ဒီမှာလိုအပ်တဲ့ ရပ်ကွက်ရဲ့စခန်းအားလုံးလိုတာ ကျွန်တော်လိုက်လုပ်ပေးမယ်. . . ဘာမှမပူနဲ့"

"ကျေးဇူးပဲ ကိုမဲကြီးရာ. . . နို့မဟုတ်ရင် ကျွန်တော့်မှာ သောင်ပြင်လွှတ်တဲ့ ဘုရားဒကာလေးဖြစ်နေတော့မှာဗျ ဟား ဟားဟား"

"ခင်ဗျားတို့ ရန်ကုန်၊ မန္တလေးမှာတော့ အရွယ်ရောက်လာတဲ့ သားသမီးကို နိုင်ငံသားစိစစ်ရေးကဒ်လုပ်ပေးဖို့နဲ့ ဘောထဲက ကျားနဲ့ နဘမ်းသတ်ဖို့ဆိုရင် ဘောထဲကကျားနဲ့ပဲ နဘမ်းလုံးပါရစေလို့မိဘတွေက ပြောကြတာဆိုပဲဗျ ဟား ဟား ဟား"

"မြန်မာလူမျိုးစစ်စစ်တွေပဲဗျာ. . . ခံနိုင်ရည်ရှိရမှာပေါ့ ဟား ဟား ဟား"

သည်လိုနှင့် ကိုမဲကြီးက အစစအရာရာလိုက်လံကူညီဆောင်ရွက်ပေးသည်။ အားလုံးအဆင်ချောပါသည်။

ကိစ္စအားလုံးပြီးတော့ ညနေစောင်းသွားပြီး. . . ။

ဦးဖိုးချယ်အား အိမ်ထောင်စုဇယားပြန်အပ်ကာ ခွင့်ပန်ခဲ့သည်။ ရန်ကြီးအောင်လမ်းမှ အစ်ကိုဝမ်းကွဲအိမ်မှာ သည်ညအိပ်မည်ဟု





အကြောင်းပြကာ ကိုမဲကြီးရှိရာထွက်လာခဲ့၏။

ကိုမဲကြီး၏ ဖိတ်ခေါ်ချက်အရ. . . သည်ည သူ ကိုမဲကြီးအိမ်မှာအိပ်မည်။ ကိုမဲကြီးနှင့် ညစာစားမည်။ သူနှင့်ကိုမဲကြီးသည် ဘာ့ကြောင့်များ အချိန်တိုအတွင်းမှာ ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်သွားကြလေသည်မသိ။

ချယ်ရယ်. . . သူစိမ်းတစ်ရံဆံတွေကြားမှာ ချစ်သူ့မျက်နှာ တစ်ရွာထင်ပြီး ကိုယ်လိုက်လာခဲ့ပါတယ်. . ၊ အဲဒါ ချယ့်ကိုသိပ်ချစ်လို့ပါ. . . ၊ ရောက်တဲ့အရပ်မှာ တွေ့တဲ့သူနဲ့လည်းကိုတည့်အောင် ပေါင်းတတ်ပါတယ်. . . ၊ ဒါပေမယ့် အဲဒီလူဟာ ချယ့် အဖေကိုကြည့်မရတာတော့ ကိုယ့်ကိုခွင့်လွှတ်ပါ ချယ်. . . ။ မေတ္တာတရားနဲ့ ရောင်ပြန်ဟပ်ခြင်းဆိုတော့ အဲဒါတော့ ကိုယ်လည်းမတတ်နိုင်ဘူး ချယ်. . ရေ. . . ။

* * *

အအေးဓါတ်သည် ညမျက်နှာစာပေါ်သို့ သွဲ့သွဲ့အိအိလေးပြိုကျလာ၏။ ဆည်းဆာကျော် လေပြေသွေးက သူ့လက်တံတွေနှင့် အိပ်ပျော်ရွက်ပျို ကုက္ကိုတွေကို တို့ထိဆိတ်နမ်း ကလူကျီစယ်နေသည်။ လရိပ်ရည်သည် ရွက်ကျဲကျဲပိတောက်ကိုင်းတွေပေါ်မှ ဖိတ်လျှံစီးကျကာ သူတို့စားပွဲပေါ်မှာ အိုင်ဖွဲ့၏။ နှစ်ဦးစလုံးသည် တစ်ရံတစ်ခါမှ သာသောက်တတ်ကြသူတွေဆိုတော့ မိတ်ဖြစ်ဆွေဖြစ်ဝိုင်းကလေးသည် နှစ်ဦးတည်းနှင့် ပျော်ရွှင်ဖွယ်အတိပြည့်စုံနေ၏။

ည၏နိဒါန်းမှာပင် နံနက်ခင်း၏ ငှက်ကလေးတွေအော်မြည်သံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြားလိုက်ရသည်။ နံနက်ငှက်အတုလေးများဖြစ်၏။ Hand phone မြည်သံဖြစ်ပါသည်။ သူ နံပါတ်ကိုကြည့်လိုက်၏။ ၀၂-၃၁၂xxx. . . တဲ့၊ မန္တလေးကဖြစ်သည်။ ချယ့် ဆီကလားမသိ. . .။ သူဖုန်းဖွင့်လိုက်သည်။

"ဟယ်လို. . . ကျွန်တော် ရဲထက်ပါ"

"ကို. . . ကိုက ရွှေဘိုရောက်နေတာဆို"

"ချယ်. . . ချယ်နော်. . . ချယ်ရယ်. . . ကို ဝမ်းသာလိုက်တာ"

"ကိုဘာကြောင်တာလဲကွာ. . . နက်ဖြန်မနက် မန္တလေး ရောက်မှာဆိုလို့ ချယ် ကလာကြိုတာ. . . ကိုက ဘယ်လိုရွှေဘိုရောက်နှင့်နေတာလဲ"

"Sorry ချယ် ခွင့်လွှတ်ရိုးထုံးစံအတိုင်း. . . . ကို့ကိုခွင့်လွှတ်ပါ ချယ်. . . ထုံးစံအတိုင်းပဲ ကိုပြောတဲ့လာမယ့်ရက်က တစ်ရက်လွဲပြော မိလိုက်မိလို့. . . ထုံးစံအတိုင်း ချယ်နဲ့ကိုနဲ့လွဲသွားခဲ့တာပါ ချယ်. . ."

"လွဲ. . . လွဲ. . . ထုံးစံအတိုင်း တစ်သက်လုံးသာ လွဲတော့ သိလား ကို. . . အခုတောင် အိမ်ကိုဘာမှာဦးမလဲလှမ်းမေးလိုက်လို့ အဘပြောမှ ကိုရွှေဘိုကိုရောက်နေမှန်းသိရတာ. . . ကိုက တဂွာယ်ကွာ"

"အဘ ပြောတာ. . . ဘယ်က အဘလဲချယ်ရဲ့"

"အဘ ဆိုတာ ဦးဖိုးချယ်ကိုပြောတာ. . . အဲ့ဒါ အဘကတောင် ပြောနေသေးတယ်. . . အဘနဲ့အမေ့ကို ကိုက ဦးနဲ့ဒေါ်ဒေါ်ခေါ်လို့တဲ့ အဲဒါ နက်ဖြန်ကစပြီး အဘနဲ့အစ်မလို့ပဲခေါ်နော်ကြားလား"

"ဟုတ်ကဲ့ပါ အဘ သမီးရယ်"

"ကို နက်ဖြန် ချယ် မနက်စောစောပြန်လာခဲ့မယ်. . . ဒါပဲနော် ကို အခေါ်တို့ အိမ်က ဖုန်းနဲ့ဆက်ရတာ အားနာလို့. . တွေ့မှပဲ စကား





တွေတဝကြီးပြောကြတာပေါ့. . . Good night ကို"

"Good ... Goo[illegible]. . . ဟာ. . . ဖုန်းချသွားပြီ. . . night တောင် မပြောလိုက်ရဘူး. . . အဲဒါသာကြည့်တော့ဗျာ"

သူ့ကိုကြည့်ကာ ကိုမဲကြီးရယ်သည်။ သူလည်းရောယောင်လိုက်ကာ ရှက်ရယ်ရယ်၏။ ပြီးတော့နှစ်ဦးစလုံးအားရပါးရ ရယ်မိလိုက်ကြသည်။

နှစ်ဦးစလုံးအားရပါးရ ရယ်မိလိုက်ကြသည်။ ကိုမဲကြီးက လက်နှစ်ချောင်းထောင်လျက် '2 cups'ဟုအော်လိုက်သည်။ ပြီးတော့ ကြက်ခြောက်ကြော်တစ်တုံး ကောက်ဝါးလိုက်၏။

"ကိုရဲ. . . ကျွန်တော့်ကို ရည်း. . . ရည်းစား စာတစ်စောင် လောက် အခုရေးပေးပါလား. . . ကျ. . . ကျွန်တော်. . . ကောင်မလေး ကို ပေးခွဲပစ်လိုက်ချင်လို့ဗျာ"

ကိုမဲကြီး၏မဝင့်မရဲစကားကိုကြားတော့ သူမျက်လုံးပြူးသွား၏။ ကြည့်လိုက်တော့လည်း နောက်နေသည်မဟုတ်။ သည်လူတကယ်ပြော နေခြင်းပါလား။

"ကိုရဲတွေ့ခဲ့တဲ့ လဝက က ကျွန်တော့်အဖေဟာ ကျွန်တော်တို့ နဲ့ အတူမနေဘူး၊ ကျွန်တော်က မန္တလေးတက္ကသိုလ်က chemistryနဲ့ ကျောင်းပြီးခဲ့တာဗျ. . . ကျောင်းပြီးတော့ အမေ့ရဲ့ ဆန်ပွဲရုံကိုပဲဆက် လုပ်လာခဲ့တာလေ. . . ညီမလေးတစ်ယောက်ပဲရှိတယ်. . ညီဝမ်းကွဲက အကူဆိုပေမယ့် မျက်စိလွှဲလို့ရတယ်. . အမေက အသက်ကြီးပြီ၊ ကျွန်တော်က အမေကိုချစ်တဲ့သား၊ အမေနဲ့အဖေက ကွဲနေတာ ကိုရဲရဲ့"

သည်လူက အမေကိုလုပ်ကျွေးနေသည့်သားဆိုတော့ သူ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်မိ၏။ ဘီယာဝိုင်းမှာ ခေါ်သော သာဓုပါလား။

"ကျွန်တော်ကြိုက်နေတဲ့ကောင်မလေးက အာ့ညွှန့်ဆိုလား အာ့ကျိန်းဆိုလား အာ့မေဆိုလားမသိပါဘူးဗျာ. . . တရုတ်မလေးလို့ပဲ ကျွန်တော်က ခေါ်တာဗျ. . . အဲဒါ သူနားလည်မယ့်စကားလေးပေါ့. . စာလေးသုံးလေးကြောင်းလောက် လွယ်လွယ်လေးနဲ့ ထိထိလေးရေးပေးစမ်းပါဗျာ"

ကဲ. . . ကြည့်ကိုယ့်ဆရာရေ့. . . လူကြည့်တော့ မောင်မဲညို ကြိုက်တော့ တရုတ်မတဲ့ ဖြစ်မလားဗျာ. . . .၊

"ကျွန်တော်က ဘယ်လိုရေးရမလဲ ကိုမဲရာ"

"ဟို. . . ဟိုဗျာ. . . ကိုရဲ. . . အခု ကိုရဲချစ်သူကို စ,ပေးတဲ့ ပြီးရည်းစားစကားပြောတဲ့ စကားမျိုးလေးပေါ့ဗျာ. . ."

ကိုမဲကြီးစကားကြောင့် သူရယ်သည်။ ရယ်ရင်းနှင့် ခေါင်းခါ၏။

"အဲဒါ. . . အဲဒါပေါ့ ကိုမဲရာ. . . ကျွန်တော်နဲ့ ချယ်နဲ့က ရည်းစားစကားမပြောပဲ ရုတ်တရက်ကြီးချစ်သူ ရည်းစားဖြစ်သွားကြတာဗျ။ ဘာမှန်းမသိပဲ ချစ်သူဘဝရောက်သွားမှ ကျွန်တော်နဲ့ ချယ်နဲ့က သိပ်ချစ် သွားကြတာဗျ. . . . နေဦး. . . . ကျွန်တော်စဉ်းစားမိပြီ. . . ကျွန်တော် ရေးပေးမယ်. . . ဘယ်မှာလဲ စာရွက်"

ကိုမဲကြီး ပျော်သွားသည်။ ခါးမှာထိုးထားသော စာရင်းစာအုပ်နောက်ကျောဘက်ကို လှန်ပေး၏။ ဘီယာနှစ်ခွက်နှင့် သူအာသွက်လက်သွက်ရှိနေသည်။ ချယ့်ကိုလည်း လွမ်းနေသည်။ သည်တော့ သူရေးလိုက်သော စာလေးမှာ ချယ့်အမှတ်တရဖြစ်နေသည်ကို ကိုမဲသိမည်ပင်မဟုတ်။ ချယ့်ကို သတိရနေတော့လည်း အငွေ့အသက်က အပြည့်. . .။ ကြည့်လေ. . .





တရုတ်မလေးရေ. . . .
ကိုမဲကြီးဟာ မျောက်ဖြစ်တယ်. . .
တိရစ္ဆာန်ရုံမှာ ရှဉ့်ရယ် မျောက်ရယ် ကိုမဲကြီးရယ်
ဘယ်သူ့ကိုချစ်လဲ. . . တရုတ်မလေးဖြေပါ. . ။
အချစ်များစွာဖြင့်. . .
ကိုမဲကြီး. . .

မျှော်လင့်ခြင်းအပြည့်နှင့် စာကို ဖတ်ကြည့်အပြီးမှာ ကိုမဲကြီး မျက်နှာကြီး ပိုမဲသွားသည်။ အလိုကျပုံမရ. . . .၊ ခေါင်းကြီးကုတ်လျက် ညည်းတွားသည်။

"ကိုရဲ စာကြီးကလည်း ဘယ်လိုကြီးလဲမသိဘူး. . . . သူက ဘာကောင်မှ မချစ်ဘူးဆို ဘယ့်နှယ့်လုပ်မလဲ. . ."

အာသွက်နေတော့လည်း သူ ကိုမဲကြီးကို ရှင်းပြနိုင်ပါသည်။

"သူတို့ တရုတ်လူမျိုးတွေမှာ မွေးတဲ့နှစ်ကိုကြည့်ပြီး အကောင်ဆယ့်နှစ်ကောင်နဲ့ ဇာတာဖွဲ့တယ်ဗျ. . .၊ ဆယ့်နှစ်ရာသီကို စိုးမိုးတဲ့ ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး၊ မြွေ၊ မြင်း၊ ဆိတ်၊ မျောက်၊ ကြက်၊ ခွေး၊ ဝက် ဆိုပြီး အကောင်ဆယ့်နှစ်ကောင်နဲ့ဖွဲ့တာဗျ. . .၊ အဲဒါက လမင်းကြီးရဲ့ လဆန်း၊ လဆုတ်ပေါ်မူတည်ပြီး ပြက္ခဒိန်ဖွဲ့၊ အဲဒီမူကို အခြေပြုပြီးမှ ဆယ့်နှစ်ရာသီ ဆယ့်နှစ်ကောင် ဇာတာဖွဲ့တာလေဗျာ. . ခင်ဗျား ကောင်မလေးက မျောက်ဇာတာရှင်ဆိုရင်တော့ အိုကေပဲ. . . မျောက်ကိုချစ်တယ် ဖြေမှာပေါ့. . . ကိုမဲကြီးက မျောက်ဖြစ်တယ်ဆိုတော့ မျောက်ကိုချစ်တယ်ဆိုရင် ကိုမဲကြီးကိုချစ်တာ ပဲပေါ့ဗျာ. . . ဟာဗျာ. . . သူဘာပဲဖြေဖြေ ခင်ဗျားကိုချစ်တယ်ပဲ ဖြစ်မှာပဲပေါ့ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



ကိုမဲကြီးမျက်နှာ ယခုမှ ပြုံးသွားသည်။ လမင်းနှင့်အပြိုင်ပေါ့။ ကိုမဲသည် ရောက်လာသော ဘီယာနှစ်ခွက်မှ တစ်ခွက်ကိုကောက်ကိုင် ကာမြှောက်လိုက်ပြီး. . .

"ကိုရဲလည်း ခွက်ကိုင်မြှောက်ဗျာ. . . ချစ်သူလေးတွေကို သတိတရပေါ့ ဟား ဟား ဟား "

သည့်နောက်. . . "ချစ်တဲ့တရုတ်မလေးအတွက်"ဟု အော်လိုက်၏။ သူကလည်း အညှံ့မခံ. . . "ချစ်တဲ့ချယ့်အတွက်"ဟု ပြန်အော်လိုက်၏။

ပြီးတော့. . . နှစ်ယောက်သား အမြှုပ်တွေ ပါးစပ်ပေအောင် သောက်လိုက်ကြကာ. . . ရယ်မောလိုက်ကြပါတော့သည်။

***

တစ်ခါတစ်ရံမှ လာသောက်ပြီး ပျော်နေလိုက်ကြတာ. . .

ငါ့လို နေတိုင်းသောက်နိုင်တဲ့ကောင်တွေလည်းမဟုတ်. . .၊ အရင်ကတော့ ဒီနေရာဟာ ဦးအောင်ဇေယျရဲ့ ရဲမက်တွေ ရောင်ထုံး တကားကား၊ ထိုးကွင်းမင်ကြောင်တွေနှင့် ပင်ကျရည်သောက်တဲ့ ထန်း တောကြီးပဲဖြစ်မှာပေါ့. . .၊ အခုတော့ ဘီယာစတေရှင်ဖြစ်သွားတာပဲ ဖြစ်မည်။ ခပ်လှမ်းလှမ်းက တမာရိပ်မှာ ဘီယာလေးမှီဝဲနေသော ဦးဖိုးချယ်သည် အသံနည်းနည်းကျယ်လာသော ဘသားချောနှစ်ကောင် အား အမှတ်တမဲ့လှမ်းအကြည့်လိုက် 'ဒိန်း' ကနဲ ခေါင်းကြီးသွားသည်။ နောက် ဇက်ကလေးပုဝင်သွားပြီး အမှောင်ရိပ်သို့ တိုးကပ်သွားသည်။





သေချာပါသည်။ အသက်ကြီးပေမယ့် အဝေးအမြင်မှာ ကောင်းမှ ကောင်း၊ ခွေးမသားနှစ်ကောင်၊ မဲကြီးနှင့် မိမိ၏သားမက်လောင်း ရဲထက်. . .။ သည်ညမှာ အပြတ်ယူမည့် ဇရက်မင်းစည်းစိမ်လေး. . . သည်နှစ်ကောင်ကြောင့် ပစ်လိုက်ရပြီပေါ့. . . ဦးဖိုးချယ်သည် လက် ကျန်ကို အပြတ်မော့လိုက်ကာ ရဲထက်တို့နှင့်ဝေးရာဘက်မှ ခပ်ကုတ် ကုတ်လေး ထွက်သွားပါတော့သည်။

အပြန်လမ်း၌ ဦးဖိုးချယ် ဒေါပွနေမည်ထင်ပါသလား. . .။

သူ့မျက်နှာကြီးပြုံးနေပါသည်။ အာရုံမှာ သမီး မိချယ်လေး၏ မျက်နှာကိုမြင်လိုက်မိ၏။ လိမ္မာလိုက်သည့်သမီးလေး. . .၊ ရွေးတတ် လိုက်တာ. . .၊ ဒီကရှေ့ အဘတော့ သောက်ဖော်သောက်ဘက်ရပြီ. . တဲ့၊ ကဲ. . . ခွမကျလား ကိုယ့်ဆရာရေ. . .။

***

"ထူးအိမ်သင်ရဲ့ အမေ့ရဲ့ဒုက္ခအိုးလေးဆိုတဲ့ထဲက စာသားလေး လိုပေါ့ ကိုမဲရာ. . .၊ ကိုယ်မှန်တယ်ထင်ရင်. . . ခေါင်းမာတတ်တဲ့ အကျင့်ကဆိုး ဆိုတာမျိုးပေါ့ဗျာ၊ ဦးဖိုးချယ်ဟာ မှန်တယ်ထင်ရင်ခေါင်း မာတတ်တဲ့အကျင့်ဆိုးလေးကြောင့်ပေါ့. . .၊ မျိုးရိုးလို့ပဲပြောရ မလား. . . ကျွန်တော့်ရဲ့ချယ့်မှာလည်း သူ့အဖေရဲ့ ခပ်ကြောင်ကြောင် ခေါင်းမာတာလေးတွေ ပါလာခဲ့တယ်ဗျ"

"ကျွန်တော်မြင်လိုက်သားပဲ. . .၊ ဆားတောင်မရောက်ခင် လောက်မှာ ဦးဖိုးချယ်ရဲ့သမီး. . . ခင်ဗျားကောင်မလေး သူ့ချစ်ကား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တစ်ယောက်တည်း ဒလကြမ်းမောင်းခဲ့သွားတာဗျ. . .၊ လွတ်မောင်းဗျာ. . .၊ ကျွန်တော်တို့စီးလာတဲ့ကားနဲ့ မျက်နှာချင်းဆိုင်ဖြတ်မောင်းသွားတာပဲ. . .၊ ခင်ဗျားမမြင်လိုက်တာ ခင်ဗျားကိုက လွဲချင်လို့ဗျ. . . . လွဲချက်ဗျာနော်"

"အဲလိုလွဲတာတွေကတော့ ထုံးစံဖြစ်နေပြီကိုမဲရေ၊ ကျွန်တော့်မှာ လုပ်တာတစ်ခြား. . .ဖြစ်လာတော့တစ်ခြား အမြဲဖြစ်တတ်တယ်ဗျ. . .၊ အဲဒါကြောင့်လည်း ကျွန်တော်နဲ့ချယ် ချစ်သူတွေဖြစ်ခဲ့ ကြတာပါပဲ. . .၊ ချယ်က ခေါင်းမာမာနဲ့ ကတိဆိုတဲ့မြားကြီးနှစ်ချောင်းကို သူ့ရင်ဘတ်နဲ့သူပစ်လွှတ်လိုက်တာ. . . . အဲဒီမှာ မှားနေကျ ကျွန်တော်နဲ့ထိပြီး သူ့ရင်ဘတ်သူပြန်စိုက်သွားခဲ့တာလေ. . . ."

ဖွေ့ဖွေ့လိပ်လိပ် တိမ်တစ်အုပ်က ညရဲ့လမင်းဆီသို့ ဖြည်းဖြည်းဖွဲ့ဖွဲ့ချည်းကပ်လာနေသည်ကို သူငေးကြည့်နေမိပြန်သည်။ လမင်းထဲမှာရှိနေသော ချယ့်မျက်နှာကို တိမ်အုပ်က ဖုံးကွယ်မသွားစေဖို့ သူ ဘယ်လိုလုပ်ရပါ့။ ချယ်နှင့်ပတ်သက်၍ သူမတတ်နိုင်ခဲ့တာတွေ အများကြီးရှိခဲ့သည်ကော. . .။

ရင်၌အတွေးကိုယ်စီလွယ်လျက် ဆောင်းဦးညကို နင်းဖြတ်လျှောက်ကာ ပြန်လာခဲ့ကြသည်။ နေ့ခင်းက ဆူညံအော်ဟစ်ခဲ့ရ၍ ပင်ပန်းဒဏ်နှင့် အိပ်မောကျနေပြီဖြစ်သော ဈေးကြီးကို ကတ္တရာလမ်းမကြီးတစ်ဘက်မှ ကြည့်လိုက်မိ၏။ ချယ် ဘယ်အချိန်မှာ ဈေးဝယ်ပါလိမ့်. . .။ မာကျူရီမီးရောင်အောက်မှာဆိုတော့ ပြုံးသွားသောသူ့နှုတ်ခမ်းအစုံကို ကိုမဲ၏မျက်လုံးတွေက ဖမ်းဆုပ်လိုက်မိသွားသည်။

"ဈေးကြီးကို ကြည့်ပြီး ဦးဖိုးချယ်နဲ့ သမီးကို သတိရသွားတာ





မဟုတ်လား. . . . ကိုရဲ ဟား ဟား ဟား"

"ကျွန်တော်တို့ အခုအပြန်လမ်းတစ်လျှောက်လုံး စကားကောင်းကောင်းမပြောမိကြဘူးလေ. . .၊ အဲဒါ နှစ်ယောက်စလုံးတွေးနေကြလို့ပေါ့ဗျ. . . ကျွန်တော့်ကိုတော့ပြောတယ်. . .၊ ကိုမဲလည်း တရုတ်မလေးအကြောင်းတွေးလာတာပဲမဟုတ်လား. . . .၊ ရည်းစားစာတော့ ရှိသွားပြီ. . . မနက်ဖြန်မှာ ငါဘယ်လိုပေးရမလဲဆိုပြီး တွေးလာတာပဲမဟုတ်လား. . . . ကိုမဲ"

သူ့စကားကြောင့် ကိုမဲသဘောကျကာ ရယ်သည်။ ရှက်ရယ်ရယ်နေခြင်းဆိုတော့မျက်နှာကြီးက ထူအမ်းနေသည်။ ရယ်ရာမှ တဖြည်းဖြည်းတည်လာသည်။ အကြည့်လွှဲလျက် ပြောရှာ၏။

"စဉ်းစားကြည့်ရင်တော့ ကျွန်တော်နဲ့ တရုတ်မက လုံးဝမဖြစ်နိုင်ဘူးဆိုတာ ကျွန်တော်သိပြီးသားပါ. . .၊ အမြင်မှာလည်း မတင့်တယ်ပါဘူး. . .၊ တရုတ်မက ကျွန်တော့်ကို ကြည့်လို့ကိုမရတာရယ်၊ ဟုတ်ပါတယ်ဗျာ. . . .၊ သူဟာ ကျွန်တော်နဲ့မတန်ပါဘူး. . .၊ အဲဒီ စာလေးကို ကျွန်တော်လိုရမယ်ရသာဆောင်ထားတာပါ. . .၊ ပေးရင်လည်း သူ့ကိုစ တဲ့သဘောပါ. . .၊ ဟိုတလောက ကျွန်တော် သူ့ကိုစ လိုက်မိတယ်ဗျ ပြောရဦးမယ်. . ."

"ကျွန်တော့်ဆိုင်ကို သူနဲ့သူ့သူငယ်ချင်း ခေါ်တ်လာဝယ်ကြတာ၊ လူတွေထဲမှာဆိုတော့. . . . ကျွန်တော်က သူ့ကိုစချင်တာနဲ့ 'ဝေါအိုင်ငြီး' ဆိုပြီး တရုတ်လို စလိုက်တာလေ. . . . နင့်ကိုငါချစ်တယ်. . . လို့. . .၊ ကျွန်တော်လည်း ဒီတစ်လုံးပဲသိတာဗျ. . .၊ သူကချက်ချင်းပဲ 'ငြီးမားနဲပီး' ဆိုပြီး ပြန်ပြောတော့ ဟာ. . . အဖြေပေးပြီဆိုပြီး ကျွန်တော် ဝမ်းခုန်



www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့. . . .၊ 'ငြိမ်းမားနဲ့ပီး-ငြိမ်းမားနဲ့ပီး" ဆိုပြီး အဲဒီစာလုံးလေး မမေ့အောင်ကျွန်တော် ရွတ်နေရတာပေါ့"

"အဓိပ္ပာယ်လည်း မသိတော့ တအားသိချင်တာနဲ့. . . ညနေပိုင်းမှာကျတော့ ကျွန်တော့်ပွဲရုံရှေ့က လမ်းလျှောက်နေကျ တရုတ်ကြီးကို လှမ်းပြီး နှုတ်ဆက်လိုက်တာပေါ့. . 'ဟေ့ သာကော . . . . ဝွတ်အီးဗနင်း ငြိမ်းမားနဲ့ပီး" ဆိုတော့ တရုတ်ကြီးရဲ့ မျက်နှာကြီးဟာ ရဲတက်သွားပြီး ရှုံးကနဲ ကျွန်တော့်ရင်ဘတ်ကို အကျီစဆွဲဆုပ်ပြီး အကိုင်ခံလိုက်ရပါရောဗျို့. . လုပ်ချက်ဗျာ. . . မိုက်ပ့ါ"

ကိုမဲ စကားကြောင့် သူဟက်ကနဲရယ်လိုက်မိသည်။ ရိုးသားသော သဘောကောင်းရှာသောကိုသားပါလား. . .၊ငြိမ်းမားနဲ့ပီးဆိုတာ နှင့် အမေရဲ့ ဟိုဟာလို့ ဆဲသွားတာ သူ့ခမျာမသိရှာတော့လည်း. . . ဖြစ်မယ်ဆိုဖြစ်စရာပေါ့. . .။

"ဟား ဟား ဟား အဲဒီကျမှ တရုတ်လိုဆဲသွားတယ်ဆိုတာ ခင်ဗျားသိသွားတာပေါ့ ဟုတ်လား ကိုမဲ"

"အင်းပေါ့ဗျာ. . .၊ တရုတ်မက ကျွန်တော့်ကို အဲ့လိုမေတ္တာထားချက် ဗျာနော. . . ဟား ဟား ဟား"

ရယ်ရင်းလမ်းလျှောက်နေမိရာမှ ကိုမဲသည် ရုတ်တရက်ရပ်လိုက်ကာ သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်သည့်အတွက် သူလည်းရပ်လိုက်သည်။ ကိုမဲသည် သူ့မျက်နှာကို စေ့စေ့ကြည့်လျက် စကားတည်တည်ဆို၏။

"ကျွန်တော်. . . . ကိုရဲရေးတဲ့ရည်းစားစာ. . . တရုတ်မကို ပေးမှာပါ. . . အဲလိုပေးတာဟာ သူ့အချစ်ကို ရယူဖို့မဟုတ်ပါဘူး. . ၊





သူ့ကို ကျီစယ်တာသက်သက်ပါ. . ၊ ခုနကလိုပဲ သူဆဲလိုက်တာလေး ထပ်ကြားချင်လို့ပါ. . .'ဒါ. . ကျွန်တော့်ရဲ့သစ္စာစကားပါ ကိုရဲ"

ကိုမဲ၏ မျက်နှာမှာ ဆွေးရိပ်တွေက အပြည့်အဝနေရာယူထားသည် မိန်းမတွေသည် အပေါ်ယံအရေပြားကိုပဲ ဘာ့ကြောင့်များ ကြည့်တတ်ကြပါလိမ့်. . .၊ နှလုံးသည်းပွတ်သို့တိုင် ကြည့်နိုင်ဖို့ကျတော့ အချိန်ပေးရသည်။ ဒါပေမယ့်. . . အချိန်တိုင်းမှာလည်း အပေါ်ယံအရေပြားကြီးကဖုံးကွယ်ထားစမြဲ. . .။ ချယ်. . . ကျတော့ရော. . .၊ ဩော် ချယ်ကတော့ သူများတွေနှင့်မတူလေသည့် ချယ်ပဲမဟုတ်လား. . .။ ချယ့် အကြောင်းက ခေါင်းထဲရောက်လာပြန်တော့ သူ့နှုတ်ခမ်းတွေပြုံးသွားပါတော့သည်။

တစ်ခါတုန်းကပေါ့လေ. . .

□



www.burmeseclassic.com

www.burmeseclassic.com



ကံ့ကော်ရွက်တွေကြားကပဲ ချောင်းကြည့်ကြည့်. . . ရေတမာရွက်တွေကြားကပဲ ချောင်းကြည့်ကြည့် ခုံတန်းလေးပေါ်မှာ ထိုင်နေတဲ့ သူနဲ့ချယ်ကိုတွေ့ရမှာပါပဲ။ သူ့ထမင်းဘူးထဲထည့်လာသည့် ပုဇွန်ခွက်ကြော်သုပ်နှင့် ကြာဇံချက်ကို ချယ်က အရသာခံကာစားနေသည်။ အမှန်ဆို သူသည် ထမင်းဘူးယူဖို့လုံးဝ ဝါသနာမပါသည့်သူ. . .၊ ချစ်တာကိုး . . . ယောကျ်ားလေးတွေဟာ ဒီလိုပဲ အလုပ်ရှုပ်ခံတတ်ကြတယ် ကိုယ့်ဆရာ. . .၊ ကျောင်းမှာမရှိသည့် မိန်းကလေးတွေကြိုက်တတ်သည့် အစားအစာလေးတွေကို သူက ရပ်ကွက်ထဲမှနေပြီး ချယ့် အတွက် ဝယ်လာတတ်သည်လေ. . .။ ရုတ်တရက်ကြီး ချစ်သူရည်းစားဖြစ်သွားသည့်အတွက် ချစ်သက်တမ်းရှည်ဖို့ သူကြိုးစားနေခြင်းမဟုတ်ပါ. . .၊ ဒါက သူ့ရင်ထဲက တကယ့်စေတနာ. . .။ ချယ့် နှုတ်ခမ်းဖူးပြင်မှာ စို့တက်နေသော ချွေးဥလေးတွေကို ကြည့်ကာ သူကြည်နူးနေမိသည်။ စားပြီးတော့ ကျေးဇူးဟုဆိုကာ ချယ်က သူ့ထမင်းဘူးကိုပြန်ပေး၏။ Tissues စက္ကူစ





အခေါက်လေးလိုက် သူ့အလိုက်တသိထုတ်ပေးလိုက်တော့ ချယ် ရယ်သည်။ ချယ်ရယ်တော့ သူလည်းလိုက်ရယ်မိ၏။

"ကိုရဲက ဘာရယ်တာလဲဟင်"

"ချယ် ရယ်လို့ရယ်တာ. . . ကိုယ့်ကိုယ်ကိုလည်း အရမ်းဖားနေမိသလားဆိုပြီး စိတ်မလုံလို့. . . ."

ချယ် ရယ်ပြန်သည်။ ချယ်သည် ရယ်လိုက်လျှင် ပိုလှ၏။ ပိုပြီး ကျက်သရေရှိ၏။

"ရယ်ပြန်ပြီကွာ. . . ကိုရဲကိုတော့မေးတယ်. . .၊ ချယ် ကရော ဘာလို့ရယ်တာလဲ"

"သြော်. . . ချယ်နဲ့ကိုရဲက ပြောင်းပြန်ဖြစ်နေတယ်လေ. . .၊ အမှန်ဆို ဒါတွေက ချယ်လုပ်ပေးရမယ့်ကိစ္စတွေ. . . ချယ်က မိန်းခလေးလေ. . ."

"အာ. . အဲဒီလိုမတွက်ပါနဲ့ ချယ် ရာ. . .။ မအားရင်တော့ ကိုရဲလည်း ဘယ်လုပ်ပေးနိုင်မှာလဲ. . . ခုဟာကအားလည်းနေလို့. . . ချယ့် နားမှာ နေရတာ ကိုရဲလည်းပျော်လို့. . . အဲ. . . အဲ ကြည်နူးလို့ပေါ့"

စကားစကပြတ်သွားပြန်သည်။ ဘာပြောရမှန်းမှမသိကြတာ။ သူတို့က သူများအတွဲတွေလိုမဟုတ်တာကို. . .။ သူငယ်ချင်းမတွေက နှုတ်ရေကန်ထဲ ခြေချော်ကျသွားတဲ့ စုံတွဲလို့ သမုတ်ခံထားရတဲ့အတွဲ. . .၊ နှယ်နှယ်ရရမှတ်လို့. . .။

"ချယ်နဲ့ ကိုရဲနဲ့က ဖူးစာကို ဆုံချင်လို့ပဲနေမှာ. . . အမှန်ဆို



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတက္ကသိုလ်မှာ ချယ် ဘာသာရပ်တစ်ခုခု ယူပြီးတက်လို့ရလျက်နဲ့ . . . ရန်ကုန်မှာ Distance နဲ့ Physics တက်နေတာလေ. . .။ အံ့သြတယ်. . . ကျေးဇူးလည်းတင်တယ်. . . ဒါမှ ကိုရဲနဲ့ဆုံရတာမို့ပါ ချယ်က ဆယ်တန်းတုန်းက ရန်ကုန်မှာပဲ အစ်မဝမ်းကွဲအိမ်နေပြီး ကျောင်းတက်ခဲ့တာလေ. . . . အရွယ်လေးရလာတော့. . . feel ပေါ့ . . .၊ အင်းလျားကန်ဘောင်မှာလမ်းလျှောက်ချင်တယ်. . . .၊ အဓိပတိလမ်းပေါ်မှာ လျှောက်ချင်တယ်. . . ကံ့ကော်တောရဲ့ အရသာကို ခံစားချင်တယ်. . .၊ . . . ဟောဒီတက္ကသိုလ်ကြီးထဲမှာ ချယ်ရီဆိုတဲ့ ကျောင်းသူလေးရှိခဲ့တယ်ဆိုတာကို တစ်ချိန်မှာ ပြန်ပြီးအမှတ်ရချင်တယ်. . .၊ နောက်ပြီး ရန်ကုန်တက္ကသိုလ်ရဲ့ ပညာသင်ကြားရာအဆောက်အဦကြီးတွေကို သဘောကျလို့. . ."

နောက်ဆုံးစကားတစ်ခွန်းမှာ သူ့မျက်နှာကွက်ကနဲ ပျက်သွားသည်ကို ချယ်ဖတ်မိလိုက်၏။ သူ့ကို ရှားရှားပါးပါးချယ်သဘောကျသည့် အထဲမှာ သည်တစ်ချက်လည်းပါသည်။ သူ့မျက်နှာတွင် ဘယ်သောအခါမှ မျက်နှာဖုံးမရှိ။ သူစိတ်ပျော်လျှင် သူ့မျက်နှာသည် ပျော်နေ၏။ သူစိတ်ညစ်လျှင်သူ့ မျက်နှာသည် သူ့စိတ်၏ ကြေးမုံအစစ်ဖြစ်၏။ ဟန်မဆောင်တတ်. . . မလိမ်ညာတတ်သောမျက်နှာ. . .။

"ကိုရဲ. . . . တစ်ခုခုဖြစ်သွားတယ်. . .၊ ချယ့်စကားထဲမှာ ကိုရဲ အလိုမကျတာ တစ်ခုပါသွားပြီဆိုတာ ချယ် သိလိုက်တယ်. . . ချယ့်ကို မညာနဲ့နော်"

ခပ်ယဲ့ယဲ့ သူပြုံးသည်။ ချယ့်ကို ရှင်းပြဖို့ ကြိုးစားကာ စကားစဉ်





နေမှန်း ချယ် သိပါသည်။

"ဘာရယ်မဟုတ်ပါဘူး ချယ် ရယ်. . .၊ ဘယ်သူ့မှလည်း မထိခိုက်ပါဘူး ကိုရဲကိုယ်၌က အဲဒီအပိုင်းမှာ ခံစားမှုလွန်သွားတာပဲဖြစ်မှာပါ. . .၊ ဘာမဟုတ်တာလေးကို ခံစားလွန်းတယ်ထင်ရင်လည်း ကိုရဲကို ခွင့်လွှတ်ပါ. . .၊ တစ်ခါတစ်ရံမှာ ဟောဟို တက္ကသိုလ်ကြီးကိုမြင်တိုင်း ကိုရဲစိတ်ထဲမှာ ခို့လို့ခုလုကြီးဖြစ်သွားတတ်တယ်. . . ကိုရဲပြောပြမယ် ချယ်. . ."

ဤတွင် သူ့ထံမှ ချယ်မမျှော်လင့်ထားသော စကားတို့ကို ကြားလိုက်ရပါလေတော့သည်။

***

"အဲဒီတုန်းက မြန်မာပြည်က နယ်ချဲ့အင်္ဂလိပ်ရဲ့ လက်အောက်မှာ သူ့ကျွန်ဘဝမှာပေါ့ချယ်. . . ၁၉၂၇ နှစ်ဦးပိုင်းသာသာလောက်မှာ ပေါ့. . .၊ ဘုရင်ခံက ဆာဟာကုတ်ဘတ္တလာ. . .၊ ဆာဟာကုတ်ဘတ္တလာဟာ အဲဒီနှစ်မှာ ဘုရင်ခံသက်တမ်းကုန်ပြီး ဘိလပ်ပြန်တာပါပဲ သူဟာ အိန္ဒိယမှာ တုန်းကလည်း နိုင်ငံခြားရေးအတွင်းဝန်တာဝန်နဲ့ ပညာရေးလုပ်ငန်းတွေလုပ်ခဲ့တာရယ်. . .၊ သူမပြန်ခင်မှာ သူ့လုပ်ရပ်ကို မှတ်မှတ်သားသားဖြစ်ကျန်စေဖို့ရာရယ်ဆိုပြီး ရန်ကုန်မှာ ယူနီဗာစီတီ တက္ကသိုလ်ကျောင်းတစ်ကျောင်းဆောက်ဖို့လုပ်ခဲ့တာလေ. . .၊ သူရိယ သတင်းစာကနေပြီး ယူနီဗာစီတီတက္ကသိုလ်ကြီးဆောက်ဖို့ တစ်တိုင်းပြည်လုံးက အလှူငွေထည့်ကြပါဆိုပြီး မေတ္တာရပ်ခံချက်လည်းထည့်တယ်. . . ကျွန်တော်ပြောတာ ပျင်းစရာများဖြစ်နေပြီလား ချယ်



www.burmeseclassic.com

www.burmeseclassic.com



ချယ်သိလိုက်ပါပြီ. . .၊ သူ့အကျင့်က အဲလိုပါပဲ. . .၊ စကားတစ်ခွန်းကို လေးလေးစားစားပြောတော့မယ်ဆိုရင် သူ့ကိုယ်သူ ကျွန်တော်လို့ နာမ်စားပြောင်းသုံးတတ်သူ. . . .၊ ချယ် ပြုံးသည်။ ဒါ. . . ချစ်သူတွေပြောတဲ့စကားတဲ့လား. . .။

"ပြောပါ ကိုရဲ. . . .၊ ချယ် မပျင်းပါဘူး၊ သမိုင်းကြောင်းဆိုတော့ ချယ့်လည်း စိတ်ဝင်စားတယ်"

"သူရိယသတင်းစာမှာ ဘုရင်ခံက အဲဒီလိုတိုင်းပြည်ကို မေတ္တာရပ်ခံချက် မထည့်ခင်မှာ. . . သူ့လက်အောက်က အင်္ဂလိပ်တိုင်းမင်းကြီးတွေ၊ အင်္ဂလိပ်အရေးပိုင်တွေ၊ အင်္ဂလိပ်ပုလိပ်မင်းကြီးတွေ၊ အင်္ဂလိပ်ရာဇဝတ်ဝန်တွေ၊ အဲဒါတွေကို အားလုံးခေါ်ပြီး ဟောဒီ ရန်ကုန်ယူနီတစီတီတက္ကသိုလ်ကြီးဆောက်ဖို့ ရန်ပုံငွေတွေ အပူတပြင်း ရှာခိုင်းခဲ့တာပေါ့။

သတိရလို့ပြောဦးမယ် ချယ်. . .၊ ရန်ပုံငွေ စအလှူခံစမှာပဲ ဧရာဝတီဆိုတဲ့ ဘိလပ်က ကုမ္ပဏီက လှမ်းပြီး အလှူငွေတစ်သိန်းထည့်တယ်တဲ့. . .၊ အဲဒီနယ်ချဲ့အရင်းရှင်ကုမ္ပဏီဟာ မြန်မာပြည်အထက်ပိုင်းကို ဗြိတိသျှအစိုးရက တက်သိမ်းတဲ့အခါမှာ စစ်ရေးအတွက် ရေတပ်အကူအညီအပြည့်အဝပေးခဲ့တဲ့ကုမ္ပဏီ. . .၊ နယ်ချဲ့အစိုးရရဲ့လက်ထက်မှာကျတော့လည်း မြန်မာနိုင်ငံရဲ့ရေကြောင်းခရီးတစ်ခုလုံးကို လက်ဝါးကြီးအုပ်ထားတဲ့ ကုမ္ပဏီပါ ချယ်. . .၊ နိုင်ငံခြားသားကုမ္ပဏီပေါ့. . ."

"စောစောက စကားကို ပြန်ဆက်မယ်နော်. . .၊ ဘုရင်ခံက ညွှန်ကြားတော့ လက်အောက်ခံတွေက တစ်ခါ သူတို့အောက်က အရေးပိုင်တွေ၊ မြို့အုပ်တွေကိုဆင့်ပြီး ယူနီဗာစီတီတက္ကသိုလ်ကျောင်းကြီး ရန်ပုံ





ငွေအတွက် ဘယ်နယ်က ဘယ်လောက်ရအောင်ရှာဆိုပြီး ရှာခိုင်းတာလေ၊ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာရဲ့ ခွင့်ပြုချက်နဲ့ဆိုပြီး အာဝါဒေးပွဲတွေလုပ်၊ လောင်းကစားမျိုးစုံခွင့်ပြုပြီး ဂျင်ဝိုင်းတွေ အကြီးအကျယ်လုပ်ခဲ့တာပါပဲ. . .၊ ယူနီဗာစီတီ တက္ကသိုလ်ကြီးဆောက်ဖို့ ရန်ပုံငွေဆိုပြီးခေါင်းစဉ်တပ်ခဲ့တယ်. . .၊ သတင်းစာတွေကအော်. . . လူတွေကြိုက်သလောက်ပြော၊ နယ်ချဲ့အစိုးရကတော့ ဂရုမစိုက်ပဲ ကိုလိုနီ ပညာရေးတက္ကသိုလ်ကြီးအတွက် ရန်ပုံငွေရအောင်ရှာခဲ့ကြတယ်။ မြန်မာတစ်ပြည်လုံးမှာ လောင်းကစားဝိုင်းကြီးတွေကို အောက်လင်းဓါတ်မီးကြီးတွေထွန်းပြီး ချိမ့်ချိမ့်သဲသဲကျင်းပ. . . ရန်ပုံငွေရှာခဲ့ကြတာလေ။ အခုချယ်သဘောကျတယ်ဆိုတဲ့ ဒီယူနီဗာစီတီတက္ကသိုလ်အဆောက်အဦတွေဟာ နယ်ချဲ့လက်အောက်မှာ မြန်မာတစ်ပြည်လုံး ကစားဝိုင်းတွေကရတဲ့ ငွေတွေကို မ,တည်ပြီး ဆောက်ခဲ့တာပါ ချယ်. . ."

"ဘုရင်ခံ ကိုလိုနီပညာရေးတက္ကသိုလ်ကြီးအတွက် အဓမ္မနည်းနဲ့ ရန်ပုံငွေရှာတာ. . .၊ လိုတဲ့ရန်ပုံငွေ သိန်း(၄၀)တော့ ရသွားခဲ့ပါတယ်။ အဲဒီခေတ်က သိန်း(၄၀)နော် ချယ်. . . ဘယ်လောက်များလိုက်မလဲ စဉ်းစားကြည့်. . .။ ဘုရင်ခံလိုတဲ့ရန်ပုံငွေရသွားခဲ့ပေမယ့် တစ်ပြည်လုံးက ကျွန်တော်တို့လူမျိုးတွေ ဘာဖြစ်ကျန်ခဲ့မလဲ ချယ်. . . ကစားဝိုင်းကြောင့် မွဲပြာကျသွားတဲ့ အိမ်ထောင်တွေ၊ သူခိုးတွေ၊ ဓါးပြတွေဖြစ်ကြကွဲကုန် ပျက်ကုန်တဲ့အိမ်ထောင်တွေ ဘယ်လောက်များ များခဲ့မလဲ လူတွေကုန်းကောက်ဖို့ ခက်အောင်ဆင်းရဲတွင်း နက်ခဲ့ကြရတယ်. . ."

"ပြန်ကြည့်မယ်ဆိုရင်တော့ ဖြေသာပါတယ်. . .၊ ယူနီဗာစီတီတက္ကသိုလ်ကြီးပေါ်ပေါက်ခဲ့တော့. . . .၊ တက္ကသိုလ်ကျောင်းသားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တွေ၊ သမဂ္ဂတွေကြောင့်လည်း ဗြိတိသျှနယ်ချဲ့ကို ပြန်တွန်းလှန်တိုက်ပွဲဝင်နိုင်ခဲ့လို့ တိုင်းပြည်လွတ်လပ်ရေးအတွက် အထောက်အကူဖြစ်စေခဲ့တာပေါ့ ချယ်"

"ကျွန်တော်ပြောတာ ချယ် သဘောပေါက်မှာပါ ဟောဒီ တက္ကသိုလ်အဆောက်အဦကြီးတွေကိုမြင်ရင်. . .၊ အမြဲတမ်းတော့ မဖြစ်မိပါဘူး. . .၊ တစ်ခါ တစ်ခါ သတိရမိတဲ့အခါမျိုးမှာပါ. . . နယ်ချဲ့ အင်္ဂလိပ်အစိုးရကျင်းပတဲ့ လောင်းကစားဝိုင်းတွေမှာ ရှိသမျှငွေလေး လက်ထဲမှာဆုပ်ကိုင်ပြီး ရလိုဇောနဲ့တိုးခွေ့လောင်းကြေးချနေကြတဲ့ ဆင်းဆင်းရဲရဲ ကျွန်တော်တို့လူမျိုးတွေရဲ့ ရုပ်ပုံလွှာတွေကို မျက်စိထဲမှာ မြင်မြင်နေမိတယ်. .၊ အဲလိုအခါမျိုးမှာ ကျွန်တော့်ရင်ထဲမှာ ခို့လို့ခုလုကြီး ဖြစ်ဖြစ်နေတတ်တာပါ ချယ်"

ချယ် သည် သူ့ကို ငေးကြောင်လျက်ကြည့်နေလေသည်။

ချယ့် မျက်ဝန်းတွေထဲမှာ သူတစ်ခါမျှ မမြင်ဘူးခဲ့သော အကြည့်မျိုးကိုမြင်နေရ၏။ ဘာဆိုတာသူမပြောတတ်ပေမယ့် ချယ် ၏ ယခုလို အကြည့်မျိုးကို သူမခံစားခဲ့ဖူးပါ။ ဒါဟာ အချစ်တဲ့လား. . .၊ ချယ့် မျက်လုံးတွေထဲမှာ အချစ်ကို သူတွေ့လိုက်ရပြီ။ ချယ်သည် သူမ၏ လက်ဖဝါးလေးတွေနှင့် သူ့လက်တွေကို ဆုပ်ကိုင်လိုက်၏။ သည့်နောက် ချယ်၏ ဦးခေါင်းကလေး သူ့ပခုံးထက်သို့မှီကျလာသည်။ ညာလက်ရုံးမှာ ခေါင်းဝှက်လို့ မီးခွဲ့တယ်တဲ့လား ချယ်. . .၊ အမှန်ဆို အခုလိုအနေ အခိုက်မျိုး၌ ချယ့်ပခုံးကို ဖွဖွလေး သူသိုင်းဖက်ထားရမည်ဖြစ်ပါသည်။ ရည်းစားမှ မထားခဲ့တာကိုး. . .၊ စက်ရုပ်တစ်ရုပ်လိုပဲ သည်အတိုင်း ကြီး မလှုပ်ရဲပဲထိုင်နေမိသည်။ ဒါပေမယ့် သူ့ရင်တွေ တဒိုင်းဒိုင်းခုန်လှုပ်





နေသံကို ချယ် ကြားနေပါလိမ့်မည်။ ချယ့် နှုတ်ခမ်းတွေ ပြုံးသွား၏။

***

"နောက်မှ သိရတာပါဗျာ. . . အဲဒီမှာပဲ ချယ်ကကျွန်တော့်ကို ချစ်သွားတာတဲ့ဗျ"

"ဗျာ ဘာပြောလိုက်တာလဲ ကိုရဲ"

"ဘာမှမဟုတ်ပါဘူးဗျာ. . . Sorry ကိုမဲရာ. . . ကျွန်တော် တစ်ယောက်တည်းတွေးနေရင်းနဲ့ ပါးစပ်ကလွှတ်ကနဲထွက်သွားလို့ဗျ ဟဲဟဲ"

ကိုမဲသည် ထုံးစံအတိုင်းမျက်မှောင်ကျုံ့ကာ ခေါင်းကုတ်လျက် "ခင်ဗျား အတော်နောက်တဲ့လူဗျာ. . .၊ ခင်ဗျားအကြောင်းလည်း ပြောမပြပဲနဲ့. . . . တစ်ယောက်တည်းတွေးနေပြီး ပြောချင်ရာ လွှတ်ကနဲပြော. . . ကျွန်တော့်မှာ အူကြောင်ကြောင်ဖြစ်ဖြစ်သွားတယ် နဂိုတည်းကမှ လူမှာစိတ်ကနောက်ချင်ချင်ရယ်ဗျ ဟား ဟား ဟား"

နှစ်ဦးသား၏ ရယ်သံတွေနှင့် အတူညသည် ရင့်ရော်မှုတွေ အပြည့်ပြိုကျလာ၏။ ရှေ့မှာ ကိုမဲ၏ အိမ်ကိုမြင်နေရပြီ။ ခုတော့ ခဏနားထားလိုက်ဦးမယ်။ အိပ်ရာထက်မှာရောက်မှ. . . ချယ့် အကြောင်းကို ဆက်တွေးတော့မည်။

သည်တစ်ခါအတွေးထဲမှာတော့. . . ချယ့်ရင်ဝ၌ စိုက်ဝင်နေသော ကတိမြားတစ်စင်းကြောင့် ချယ်နှင့်သူချက်ချင်းကြီး ချစ်သူရည်းစားဖြစ်သွားရသည့် အကြောင်းက သေချာပေါက်ပါလာတော့မည်လေ . . .။

***



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားနတ်ရေကန်ထဲသို့ အမှတ်တမဲ့ ခြေချော်ကျခဲ့လေသည့် သူတို့နှစ်ဦးသည် သစ်ပုတ်ပင်ကြီးကို မော်မကြည့်ပဲ သတိမေ့ကာ ဖြတ်ခဲ့ကြ၏။ တစ်ချိန်က ချယ်၏စိတ်ကူးအိပ်မက်ထဲမှာ တံတားကြီးလို ရှိနေခဲ့သော အဓိပတိလမ်းထက်၌ သူပါဖဝါးချင်းယှဉ်လျက် ရှိနေခြင်း ပါလား။

ဝင်းပေါက်မှ ထွက်လိုက်တော့ ပလက်ဖောင်းပေါ်မှာ ခြေချမိကြသည်။ ရည်ရွယ်ချက်မှာ လှည်းတန်းဈေးထိပ် ဦးလေးကြီးဦးစိုးကြည် ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲကြော်သွားစားရန်ဖြစ်၏။ သူသည် ချယ်နှင့် ယခုလိုယှဉ်တွဲလျက် သွားရန်ဝန်လေးနေတတ်ပါသည်။ တစ်လက်မခွာ မြင့်ဖိနပ်အမြဲတစေစီးတတ်သော ချယ်သည် သူနှင့်ယှဉ်လိုက်တိုင်း နှစ်လက်မလောက်အမြဲမြင့်နေတတ်သည့်အတွက်ဖြစ်သည်။ ဒါပေမယ့်. . . သူမျက်နှာမငယ်ရပါ. . .။ ချယ်သည် သူ့လက်မောင်းကို အမြဲကိုင်ကာ လိုက်လာတတ်သည် မဟုတ်လား. . .။

နောက်ပြီးတော့ တွတ်တီးတွတ်တာလေးတွေလည်း ပြောတတ်သေးသည်လေ. . .။ ချယ်သည် တစ်ခါတရံ၌ အခြားမိန်းကလေးများ. လိုလည်း ပြုမူနေထိုင်တတ်ပါသည်။

"ကိုကို ဒီနေ့ ချယ် ဖွင့်ပြောစရာတစ်ခုရှိတယ်ကွ"

သူမျက်ခုံးလေးမြင့်တက်ကာ ချယ့် ကိုငဲ့ကြည့်သည်။

"ချယ်နဲ့ကို အပျော်မေးခွန်းလေးမေးရင်း ချယ်က ချက်ချင်းကြီး ချစ်သူဖြစ်ပစ်လိုက်တာ ဘာဖြစ်လို့လဲဆိုတာ သိလား. . . ကို"

"ပြောမှသိ. . . ထိမှနာမယ့်သူပါ အစ်မရယ်. . . ကဲ. . . ပြောပါဦး"





"ချယ့်မှာ. . . ချယ့်ကိုချယ် ပေးထားတဲ့ ကတိတွေရှိတယ်. . .၊ ချယ်လေ ကိုယ့်ချစ်သူကိုပဲချစ်တယ်လို့ပြောမယ်. . . ချယ့်နှုတ်က ချစ်တယ်လို့ပြောတဲ့သူဟာ ချယ့်ချစ်သူပဲ. . . အဲဒါက ကိုယ့်ကိုယ်ကိုပေး ထားတဲ့ကတိ"

သူ့နှုတ်မှ "ဘုရား. . . ဘုရား"ဟု ရွတ်လိုက်မိရင်း ရင်ဘတ်ကို ပွင့်ရုတ်တရက် လက်နှင့်ဖိကပ်လိုက်မိ၏။ ကံကောင်းလို့ပါလား. . . .၊ ကိုယ့်နေရာမှာ တစ်ခြားတစ်ယောက်ကများ ဦးအောင်သည်လိုမေး လိုက်မိခဲ့လျှင် ဒုက္ခ. . .။

"အဲလို ချယ့်ကိုယ် ချယ်ပေးထားတဲ့ ကတိကိုလည်း ချယ်က သူ့ကိုတကယ်ချစ်သွားမှပဲ ဖွင့်ပြောမယ်လို့ ကိုယ့်ကိုကို ကတိပြုထား တယ်"

သူမျက်ခုံးနှစ်ဘက် တစ်ခါထပ်ပြီး မြင့်တက်သွားရပြန်သည်။

ဘယ်လိုကြီးလဲ. . . ချယ့်ကတိတွေက ကြောက်စရာကြီးတွေပါ လား. . .၊ လွယ်လွယ်လေးနှင့် အတိမ်းအစောင်းမခံသည့် ကတိတွေနှင့် ချယ့်ကိုယ် ချယ် ချည်နှောင်ထားခြင်းဆိုတာ စဉ်းစားဖို့ကောင်းသည်။

"ဒါဆို ချယ်က ကိုကို တကယ်ချစ်သွားလို့ အခုလိုဖွင့်ပြောတာ ပေါ့ဟုတ်လား ချယ်"

ချယ် ခေါင်းညိတ်ပြသည်။ ညင်ညင်သာသာလေးပါပဲ. . .၊ ပြီးတော့သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးပြုံးလေးမေး၏။

"ချယ် ကိုကိုဘယ်တုန်းကချစ်သွားလဲဆိုတာ သိလား ကို"

ဆိတ်ဆိတ်နေခြင်းသည် မသိဘူးဝန်ခံရာရောက်၏။ ဤသို့ သဘောပိုက်ကာ သူငြိမ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“ယူနီဗာစီတီတက္ကသိုလ် အဆောက်အဦကြီးတွေကို မြင်တော့ တစ်ခါတစ်ရံရင်ထဲမှာ ခို့လိုခုလုဖြစ်ဖြစ်သွားတတ်တယ်လို့ ကိုပြောခဲ့တုန်းကလေ. . .၊ ဒီအဆောက်အဦကြီးတွေဖြစ်လာဖို့ အင်္ဂလိပ်ဘုရင်ခံရဲ့ ဗျူရိုကရက်အာဏာပိုင်တွေကျင်းပတဲ့ လောင်းကစားပွဲတွေမှာ တိုးဝှေ့ပြီးလောင်းကြေးထိုးနေကြတဲ့ ကျွန်တော်တို့လူမျိုးတွေကို မျက်စိထဲမှာ မြင်ယောင်နေတယ်လို့ ကိုပြောလိုက်တဲ့အချိန်မှာ ချယ် ကို့ကို ချစ်သွားတာလေ. . . ဟင်း. . . ဟင်း. . . . ဟင်း”

ရင်မှာကြည်နူးခြင်းက မွှေ့ပျော်သည်။ တစ်ဆက်တည်းမှာပင် ချယ့်စိတ်ကိုလည်း သူလန့်လာသည်။ ပျော်မောကြီးပါလား. . .၊ ရပ်ကွက်ထဲက ပုဇွန်ခွက်ကြော်၊ ရှောက်သီးသုပ်မှအစ လမ်းထိပ်က မရရမ်ဘီ၏ အာလူးပူတီအဆုံး စားစေလို၍ တကူးတက ဝယ်လာခဲ့ရသည်တို့ကို ကျော်လွန်လျက် ဗြိတိသျှလက်ထက် ယူနီဗာစီတီရန်ပုံငွေအကြောင်းပြောပြခဲ့သည်ကျမှ သူ့ကိုချစ်သွားသည်ဆိုပါလား. . .။

“အဲလိုတွေးတတ်တဲ့၊ အဲလိုအသိမျိုးရှိတဲ့ ယောကျာ်းမျိုးကို ချယ်လေးစားတယ်. . . ချယ် ချစ်တယ်. . . အဲဒါ. . အခု ကို့ကို ချယ် ဖွင့်ပြောတာနော် . . . ဒါဆို ကို သဘောပေါက်ပြီမဟုတ်လား. . .”

ချယ့် လယ်ဖဝါးနုနုတို့ကို ဖွဲ့ဖွဲ့တင်းတင်းဆုပ်ကိုင်လိုက်မိ၏ ချယ်ရယ်. . . .၊ ချယ့် ကတိမြားတွေကကြောက်စရာလိုက်တာ. . .၊ နှလုံးသားကို ကတိကဝတ်ပြုလောင်းကြေးထပ်တဲ့ ချယ့်ကတိမြားတွေဟာ တစ်ချိန်ချိန်မှာ ကိုယ့်ရင်ကို ထုတ်ချင်းထွင်းခတ်သွားရင် ကိုရော ချယ်ရော ခံနိုင်ရည်ရှိနိုင်မှာတဲ့လား. . .။ သူသည်လို စဉ်းစားနေခိုက်မှာပင် ချယ်သည် သူမမြင်ရသော ကတိမြားတစ်စင်းအား စစ်မျက်နှာဖွင့်လျက်





လှုပ်နိုးလိုက်လေ၏။

“ဪ. . . ကို့ကို ချယ် တစ်ခုကြိုပြီး သတိပေးထားရဦးမယ်၊ ချယ့် ကိုယ် ချယ် ပေးထားတဲ့ ကတိတစ်ခုရှိသေးတယ်. . .၊ အဲဒါ ကို့ကိုတော့ ချယ်ဖွင့်မပြောသေးဘူး. . .၊ ချယ်ကို့ကို သတိပေးမယ်နော်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ချယ့်ပါးကို ကိုမနမ်းမိပါစေနဲ့. . .၊ အဲလို နမ်းမိသွားရင် ကိုနာပြီသာမှတ်”

မမြင်ရသော ကတိမြားတစ်စင်းအတွက် သတိစကားက သူ့တစ်ကိုယ်လုံးကို ကျင်စက်နှင့်အတို့ခံလိုက်ရသည့်နှယ် တုန်ခါသွားလေသည်။ ဟန်ချက်ပျက်သွားသော သူ့ပုံစံကိုကြည့်ကာ ချယ်သည် ခပ်ဖွဖွ ရယ်မောနေလေ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



“မင်းက မနေ့ကမှ ရွှေဘိုရောက်တဲ့ကောင်. . .၊ ဖိုးချယ်တို့က ရွှေဘိုမှာ နားရေးမျက်စိရောကို တံခွန်တိုင်ချိတ်ထားတဲ့ကောင်ကွ. . . မင်းဖင်ခေါင်းကျယ်တာလောက်ကတော့ ဖိုးချယ်ရှုံ့ထားသလောက်ပဲရှိတယ်၊ မင်းနဲ့ ငမဲ မနေ့ညက ဘီယာသောက်နေတာ ငါတွေ့တယ်. . . အဲဒီကိစ္စ မိချယ်လေးလာမှ ငါအမိန့်ချမယ်. . . မင်းနာပြီသာမှတ်”

အဲဒါက စောစောစီးစီးကြီးမှာ ဦးဖိုးချယ် ချမှတ်လိုက်သည့် အာဏာမတန်ရာဇသံဖြစ်သည်။ သူတော်တော်တုန်လှုပ်သွားသည်။ ဆိတ်ကွယ်ရာမရှိပါလား. . . .။ ချယ် လာရင်ဘာဖြစ်ဦးမည်မသိ။ ဦးဖိုးချယ်က ကန့်လန့်သမား. . .၊ လူဖြောင့်ကြီးဆိုတော့ သူလန့်သည်။ အဖိုးကြီးက ဆိုင်ကယ်နှင့် အပြင်ထွက်သွားသည်။ ကောက်ညှင်းကျည်တောက်၊ ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းကို ဒေါ်စိန်ရီက ချကျွေး၏။

“ကိုရင်ဖိုးချယ်က ငမဲနဲ့မတည့်ဘူးကွဲ့. . .၊ ငယ်ကတည်းက မတည့်ကြတာ. . .၊ ငမဲက မိချယ်လေးနဲ့ သူငယ်ချင်းတွေ. . .၊ သူက





မိချယ်လေးကို ကြိုက်တာ တစ်ပိုင်းသေပေါ့. . . လူပျိုစကားပြောလိုက်တာနဲ့ မိချယ်လေးနဲ့ မခေါ်တော့တာလေ. . . ငမဲက သားအဖနှစ်ယောက်လုံးနဲ့ တစောင်းစေးနဲ့ မျက်ချေးဆိုတော့. . . မောင်ရဲထက်ဒီကရှေ့ ငမဲနဲ့မပေါင်းနဲ့တော့ကွဲ့”

စိတ်ထွေနေ၍ မပြီး၊ လုပ်စရာရှိတာ ဆက်လုပ်ရမည်။

ဒေါ်စိန်ရီ့ကို နှုတ်ဆက်ကာ သူအလုပ်ဝင်ရမည့် ဆေးဆိုင်သို့ ထွက်လာခဲ့၏။

သည်ဆိုင်က ရန်ကြီးအောင်လမ်းထဲမှာ ရှိသည်။ စိုက်ပျိုးရေးဆေးဆိုင်ကြီးဖြစ်သည်။ အစ်ကိုဝမ်းကွဲဖြစ်သူ ကိုမြင့်ဆောင် ဦးစီးသည်။ ကိုမြင့်ဆောင်၏ အမျိုးသမီးမှာ မြောင်မှဖြစ်သည်။ မြောင်သည် မန္တလေးမုံရွာကားလမ်းမပေါ်တွင် မြင်းမူကိုကျော်သည်နှင့် လမ်းခွဲ၍ သီးခြားသွားရသော တောမြို့ကြီးဖြစ်သည်။ မြောင်မြို့နယ်တစ်နယ်လုံးသည် စိုက်ပျိုးရေးနှင့် အဓိကအသက်မွေးကြသည်။ ကိုမြင့်ဆောင်သည် အမြင်ကျယ်စွာဖြင့် ဇနီးမယား၏ ဇာတိရပ်ရွာဖြစ်သော မြောင်မှာ စိုက်ပျိုးရေးဆေးဆိုင်ကြီးတစ်ဆိုင်ကို ခွဲထွက်ဖွင့်မည်ဖြစ်သည်။ ရွှေဘိုမှ သည်ဆိုင်ကို ရဲထက်က ပခုံးပြောင်းတာဝန်ယူကာ ဆက်လက်ဦးစီးလုပ်ကိုင်ရမည်။ ကိုမြင့်ဆောင်က တစ်ပတ်တစ်ခါပြန်လာပြီး ကြီးကြပ်မည်။ ယာညက်-ကြက်မောပဲဆိုပါတော့ ရွှေဘိုမှာ အိမ်ထောင်ပြုတော့မည့် သူ့အတွက်အလုပ်ကလည်း ရေကန်အသင့်ကြာအသင့်ဖြစ်၊ ကိုမြင့်ဆောင်လည်း နယ်တစ်နယ်မှာ စိုက်ပျိုးရေးဆေးဆိုင် တစ်ဆိုင်ခွဲဖွင့်ပြီးသားဖြစ်. . . အဲလိုဖြစ်စေဖို့ ရန်ကုန်မှ အစ်ကိုကြီး ကိုမျိုးထက်က စီစဉ်ပေးခြင်းဖြစ်သည်။ ကိုမြင့်ဆောင်အား မနေ့ကတည်းက ခရီးပမ်း



www.burmeseclassic.com

www.burmeseclassic.com



၍တစ်ရက်နားမည်ဟု ကြိုတင်ပြောထားပြီးဖြစ်သည်။ ဝန်ထမ်းကောင်လေးတွေ ဈေးဝယ်လာတောင်သူတွေနှင့် အလုပ်ရှုပ်နေသည့်ကြားမှ ကိုမြင့်ဆောင်က လုပ်ငန်းနှင့်ပတ်သက်တာတွေ အသေးစိတ်ပြပေးနေ၏။

"ဒါက မင်ကိုသိန်းကွ. . .၊ အရွက်တွေမှာကျတဲ့ ဒေါင်းနီမှိုရောဂါ၊ ရွက်ပြောက်ရောဂါ၊ အကြေးဖတ်ရောဂါ. . . အဲဒါတွေအတွက် မှိုရောဂါသတ်ဆေးပေါ့ကွာ. . .၊ ဇင့်ဆားပါတဲ့ Polymeric complex ပဲ. . .၊ ဒါက စက်ာပူကထုတ်တာ. . . ငါတို့ဆီမှာကျပြန်လည်ထုပ်ပိုးခွင့်လိုင်စင်နဲ့ ဖြန့်ရတာ. . .၊ သီးနှံမျိုးစုံ ဟင်းသီးဟင်းရွက်၊ သစ်ပင်ပန်းပင်အားလုံးသုံးလို့ရတယ်. . .၊ မင်းလည်းရန်ကုန်မှာ သင်တန်းတက်ခဲ့ ပြီးသားပဲ. . .၊ လိုအပ်တာကိုလည်း ဒီကစိုက်ပျိုးရေးဌာနက အကူအညီပေးကြတယ်. . .၊ ဆေးသုံးစွဲပုံ ရေနဲ့ ရောစပ်ပုံတွေကိုတော့ တောင်သူတွေကို မင်းသေသေချာချာတိတိကျကျ ရှင်းပြပြီး မှတ်ခိုင်းရမယ်. . . . ဂရမ်တွေ ကီလိုတွေ ပေါင်တွေကို သူတို့နားမရှင်းပဲ ထွေးသွားကြမှာလေ. . ."

Hand Phone မြည်သံက နှစ်ဦးသားကြားမှာ ဝင်ရောက်လာသည်။ Vibrator ကို On ထားသည့်အတွက် တုန်ခါမှုက အကျီစကြားခံလျက် နှလုံးအိမ်ကို ပုတ်ခတ်နေသည်။ အိပ်ထောင်ထဲမှ ထုတ်ယူကာ နံပါတ်ကိုကြည့်လိုက်သည်။ ချယ် တို့အိမ်က ဖုန်းနံပါတ်ပါလား. . . .။

"ဟယ်လို. . . ကျွန်တော် ရဲထက်ပါ"

"ကို. . . ချယ် ပြန်ရောက်ပြီ. . . ကို ချယ့်ကို အိမ်က ဘာလို့စောင့်မနေတာလဲဟင်"





"ကို. . . ဆေးဆိုင်မှာ ချယ်ရဲ့. . .၊ အခုမနက်ကစပြီး လုပ်ငန်းအတွေ့အကြုံဆင်းနေရပြီကွ. . .၊ ဒီက အလုပ်လေးတစ်ပိုင်းပြတ်ပြီးရင် ကိုချက်ချင်းပြန်ခဲ့မယ် ချယ်"

"အင်းပေါ့လေ. . . ကို. . . ရွှေဘိုကို ပြောင်းလာတာ အလုပ်လုပ်ဖို့က အဓိကကိုး ဟင်းဟင်း"

ခနဲ့တဲ့တဲ့စကားသံ. . . . ချယ် သည်လည်း တစ်ခါတရံ၌ အခြားမိန်းကလေးများလို အမူအကျင့်ရှိသည်။ ပြန်၍နှုတ်လှန်မပြောတတ်တော့ သူငြိမ်နေလိုက်၏။ သက်ပြင်းနှင့်အတူ ချယ့်စကားလွှင်လွှင်က နှလုံးအိမ်ကို ဆွဲခါသွား၏။

"ချယ် အရင်ဆုံးမြင်ချင်တာ ကို့ကိုပါ. . . ဒါ့ကြောင့် မန္တလေးထိလာကြိုတာ၊ ကိုက ရွှေဘိုရောက်နေပြီဆိုတော့ ချယ်အစောကြီးထပြန်လာခဲ့တာလေ. . .၊ ရွှေဘိုပြန်ရောက်ရောက်ချင်း ချယ် ပထမဆုံးမြင်ချင်တာလဲ ကို့မျက်နှာပါပဲ. . .၊ ချယ် ပင်ပမ်းပြီး မောနေပြီကွ. . . ချယ် အိမ်ကပဲ စောင့်နေတော့မယ်နော်"

ဖုန်းချသွားပေမယ့် hand phone ကိုင်ကာ တွေတွေကြီးရပ်နေဆဲမှာ. . .၊ သတိဝင်သွားမှ သူ့ကိုယ်သူငုံ့ကြည့်လိုက်မိသည်။ ခန္ဓာကိုယ်သည် အကောင်းကြီးရှိနေဆဲ. . .၊ အရည်ပျော်ကျ မသွားသေးပါလား ချစ်သူရဲ့စကားဟာ လူကိုအရည်ပျော်ကျသွားစေတယ် ကိုယ့်ဆရာ. . .။

***

ချစ်သူ၏ မွေးသဖခင်နှင့် မွေးသမိခင်တို့ရှေ့၌ ချစ်သူနှင့်ယှဉ်



www.burmeseclassic.com

www.burmeseclassic.com



တွဲလျက် ထမင်းအတူစားဖူးပါသလား. . .၊ ချစ်သူခပ်ထည့်ပေးသော အသားဟင်းတုံး တစ်တုံး၏ အရသာအနုဂုဏ်ကို ခံစားဖူးပါသလား. . . ကြက်သား ကာလသားချက်၊ ချဉ်ပေါင်ငါးပိကြော်၊ ကြက်သွန်နန်းချင်း ငရုပ်သီးကြော်၊ ပဲကြီးနှပ်ချက်၊ အစပ်အဟပ်က တည့်လှချည့်. . . ဒါတွေ အားလုံး ချယ် ချက်ထားတာတဲ့လေ. . .၊ ဦးဖိုးချယ်ကတော့ အစား အသောက်နည်းပုံရ၏။ ပန်းကန်ထဲမှာ ထမင်းလေး လေး,ငါးဇွန်းစာ ထည့်ကာ တို့ကတိဆိတ်ကာနမ်းနှင့်. . .၊ သူကြိုက်တတ်သော အမြစ်တုံး ကို ပန်းကန်ထဲသို့ ချယ် ခပ်ထည့်အပေးမှာ ဦးဖိုးချယ်ထံမှာ မကျေနပ် သော သတိစကားက စားနေသည့်ထမင်းလုတ်ကို ပုတ်ချလိုက်သည် နှယ်. . .၊

"ဟော့ကောင် ငရဲ. . သိပ်မစားနဲ့ကွာ. . . နည်းနည်းပဲစား ချိုးမှပဲ"

သူ မျက်နှာကြီး ထူပူသွားကာ ဦးဖိုးချယ်အားပါးစပ်အဟောင်း သားနှင့် ကြည့်လိုက်မိသည်။ ဦးဖိုးချယ်သည် သူ့ကို ဂရုမစိုက်ပဲ ချယ့် ကိုလှမ်းကြည့်ကာ သဟောက်သဟဲပြုပြန်၏။

"မိချယ်လေး နင်ဘာအကဲထတာလဲ. . .၊နင်က ငါ့မွေးလို့ လူဖြစ်လာတာ. . .၊ နင့်ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ အဘကိုကြော ဖို့မကြံနဲ့ မိချယ်"

ချယ့် ကိုထိတော့ သူထောင်းကနဲ ဒေါသထွက်သွားသည်။ ဦးဖိုးချယ်သည် စိတ်ဆိုးသွားသည့်အသွင်နှင့် စားလက်စထမင်းကို ရပ်လိုက်သည်။ ဒေါ်စိန်ရီ့အား ကြည့်လိုက်တော့ ဒေါ်စိန်ရီမျက်နှာက ပြုံးနေသည်။ ဘယ်လိုအဘွားကြီးလဲ. . . ညှော်သည်ကိုအားမနာသည့်





အပြင် သူကပါ အပြုံးမျက်နှာနှင့်. . . .၊ ချယ့် ကိုကြည့်လိုက်တော့လည်း ထူးမခြားနား. . . .၊ ပခုံးတွန့်လျက် အပြုံးမျက်နှာနှင့် သူ့မွေးသဖခင် လူရမ်းကားကြီးအားကြည့်နေ၏။

"အဘကလည်း စိတ်ချည့်ပဲ. . . မိချယ်မေ့သွားလို့ပါ အဘရဲ့"

ဘာတွေလဲ. . . ဘယ်လိုမိသားစုလဲ . . . သူတော်တော်ကြီး စိတ်ကသိကအောက် ဖြစ်သွားရသည်။ ဘယ်လိုတုန့်ပြန်ရမလဲ စဉ်းစား နေခိုက်မှာပင် ဦးဖိုးချယ်၏စကားက ထမင်းဝိုင်းကို ချုပ်ကိုင်သွား၏။

"မင်း မနေ့က ငမဲနဲ့ဘီယာသောက်နေတာ ငါမြင်တယ်. . .၊ ငမဲက ငါနဲ့လဲမတည့်ဘူး. . . မင်းယူတော့မယ့် မိချယ်နဲ့လည်းမတည့် ဘူး၊ အဲဒီကောင်နဲ့နောက်မပေါင်းနဲ့. . .၊ ပေါင်းစရာရှားလို့ကွာ မိုက်ပ့ါ"

"ဒီမှာ ငရဲ. . . တစ်ခြားအချိန်တော့ မပေါင်းနဲ့. . .၊ ရွှေဘိုမှာ နေညိုပြီဆိုရင် မင်းငါနဲ့ပဲပေါင်း . . . ငါနဲ့ပဲဘီယာသောက်. . .

ငါ့မှာတော့ သောက်ဖော်သောက်ဘက်ရပြီဆိုပြီး ဝမ်းသာနေ တာကွ၊ မိချယ်လေးက မသိရန်ကာ. . . မင်းကို အစားတွေ စွတ်စားခိုင်း နေတာ ဆိုင်ကအပြန်ကျ အပင်းဆို့အောင်စားစားကွာနော ငရဲ"

အခုမှ သူသဘောပေါက်သွားသည်။ ဩော် အချက်မသိတော့ သားမက်ကို ဂျိုးထင်နေသည်လားမသိ. . .၊ ရှာမှရှားသည့် ယောက္ခမ လောင်း. . . သူဘယ်လိုဆက်ပေါင်းရပ့ါ. . .၊ သူသည် ချယ့်နားကပ်ကာ တီးတိုးတပ်ကူတောင်းမိ၏။

"ချယ်. . . ကိုက တစ်ခါတစ်လေမှပဲ မိတ်ဖြစ်ဆွေဖြစ်သောက် တတ်တာ ချယ် သိသားနဲ့. . .၊ နေ့တိုင်းကြီး ကိုမှမသောက်တတ်တာ. . ချယ် ကြည့်ပြောပေးဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



နားကပါးလိုက်တာမှ လှစ်လို့. . .၊ ချယ်ကသာမသဲမကွဲဖြစ်နေမည်၊ ဦးဖိုးချယ်ကတော့ နားရွက်ကြီးနှစ်ခုလုံးထောင်လို့. . .။

"မင်း ယောက်ျားမဟုတ်ဘူးလား ငရဲ. . . ယောက်ျားဆိုတာ နည်းနည်းပါးပါးတော့သောက်တတ်ရတယ်ကွ. . . များရင်တော့ ဘေးဖြစ်တယ်. . . ပုံမှန်လေးမှီဝဲသွားရင် ဘလက်စလိုးမိုးရှင်း မှန်ပြီး နေလို့ထိုင်လို့ကတော့. . . လွတ်ကောင်းဗျာ"

(နောက်မှ သိရသည်။ ဦးဖိုးချယ်ပြောသည့် ဘလက်စလိုးမိုးရှင်းဆိုသည်မှာ Blood Circulation (သွေးလည်ပတ်မှု)ကို ပြောခြင်းဖြစ်ပါသတဲ့လေ. . . .)

သူသည် ချယ်အား အားကိုးသည့်အကြည့်နှင့် ကြိုးစားမိပြန်သည်။ အားကိုးထိုက်ပါသည်၊ သမီးအလိမ္မာကြီး ချယ်သည် သူ့ဘက်မှ မားမားကြီးရပ်တည်ကာ ဤကိစ္စအား ကြားဝင်ဆုံးဖြတ်ပေး၏။ ဒေါ်စိန်ရီက အဆစ်လေ. .။

"လိုက်သွားလိုက် ကို. . .။ တစ်ခွက် နှစ်ခွက်တော့ သောက်ပေးလိုက်. . .၊ ကိုထွေထွေလေးယစ်နေတာ ချယ်လည်းမြင်ဖူးချင်လို့. . . ဟုတ်တယ် မဟုတ်လား အမေ"

"ဟုတ်သားပဲ လိုက်သွားလိုက် မောင်ရဲထက်. . . . . နောက်ဆို မင်းပဲအမြဲလိုက်ရမှာ အမေတို့က လိုက်လို့ရတာမဟုတ်ဘူးကွဲ့. . . မိန်းမသားနဲ့ ဗျစ်ဆိုင်ဆိုတာ မအပ်မရာကောလေ"

ကျွန်ယုံ တစ်ဘက်ကန်း၊ သားသမီးယုံစုံလုံးကန်း၊ ချစ်သူကိုယုံတော့ မျက်စိစုံလုံးကန်း နားစုံလုံးကန်းမည့်အဖြစ်. . .။

နေချင်သည်က ချစ်သူ့အနားမှာ။ နေရသည်က ယောက္ခမ





အဘိုးကြီးနှင့်. . .။ အမှန်ဆို သူက ချယ့်ပခုံးလေးကို ဖက်ထားရမည့်အချိန်. . .၊ ယခုတော့ အဘိုးကြီးက သူ့ပခုံးကိုဖက်ကာ အိမ်ထဲမှ ထွက်လာခဲ့သည့်အဖြစ်. . .။

"မင်းရှင်းမယ်တော့ စိတ်မကူးနဲ့ငရဲ. . .၊ ငါနဲ့သောက်တိုင်းငါပဲရှင်းမယ်၊ ရှင်းလို့ကတော့ မိချယ်လေးနဲ့မင်းကို မပေးစားဘူး၊ သားအဖချင်းသာသာနာနာမတွက်လေနဲ့. . .၊ အဖေအမေနဲ့ ယောက္ခမတွေ ရှာခဲ့တဲ့စည်းစိမ်က မင်းရဲ့သားသမီးထိ မပူရဘူးဆိုတာသာ ခေါင်းထဲထည့်ထား. . ."

ချယ်က ဝင်းပေါက်ဝထိလိုက်လာသည်။ ပေါက်ဝရောက်တော့ ဦးဖိုးချယ်က တစ်စုံတစ်ရာကိုသတိရကာ ချယ့်ဘက်သို့လှည့်ပြောသည်။

"ခြောက်နာရီခွဲမှာ မြကန်သာက ဖိုးကျော်-ဒန်းလာပို့ပေးလိမ့်မယ်. . . ဟို ပိတောက်ပင်အောက်ဆို ပဏာတင့်မယ် မိချယ်. . .၊ နံဘေးမှာလည်း ဖွန်ပန်းရုံနဲ့ ရေတွင်းဘေးမှာ အေးလည်းအေးမယ်. . သတိရလို့ အဘ မနက်ကမှ ဆိုင်ကယ်နဲ့ထွက်ပြီးသွားမှာလိုက်တာ. . . ညကျ ငရဲနဲ့မိချယ်လေးထိုင်စကားပြောလို့ရအောင်လေ"

ချုပ်ငြိမ်းစ ပုဇွန်ဆီဆည်းဆာသွေးက ချယ်နှင့်သူ၏ ပါးပြင်ထက်သို့ ကျဲပက်စီးကျသွားသည်။ စောစောပိုင်းက စိတ်ထဲမှနေ၍ ဦးဖိုးချယ်အား အမှုန့်ကြိတ်ပစ်နေသော သူ့လက်အစုံသည် ယခုတော့လည်း စိတ်ထဲမှနေ၍ ဦးသုံးကြိမ်ချ နေမိပြန်၏။

***



www.burmeseclassic.com

www.burmeseclassic.com



လသည်ည၏ဖွက်ထားခံရရာမှ ခြေစုံကန်ရုန်းထွက်လာ၏။ ပြီးတော့. . . ရင်အစုံဖွင့်လျက် ညကို ပြန်လည်ပွေ့ပိုက်ပစ်လိုက်သည်။ ညလေသည် ဇွန်ပန်းရနံ့တွေ ယှက်နွယ်လျက် အေးစိမ့်ခြင်းသို့ ရွေ့မြောနေသည်။ လရောင်လိမ်းချယ်ထားသည့် ပိတောက်ရွက်ရင့်တို့မှာ ရနံ့ပျယ်တေးသွားတစ်ခုနှင့် အလိုက်သင့်ယိမ်းသွဲ့နေသည်။ သူသည် ချယ့်ပခုံးကိုထွေးထွေးပွေ့ဖက်ထားမိ၏။ လရိပ်အောက်မှာ ယှဉ်တွဲထွေးပွေ့ထိုင်နေမိခြင်းသည် သူနှင့် ချယ် အတွက် ယခုတစ်ကြိမ်မှာ ပထမဦးဆုံးဖြစ်သည်။ လရောင်၏လျှို့ဝှက်စွာ ဖမ်းစားခံနေရသည့် ချယ့် မျက်နှာသည် သူ၏ သတိသပမ္ပဇဉ်ကို စည်းချက်ကျငြိမ့်ငြိမ့်ထိထိ ပင်လယ်လှိုင်းတို့နှယ် ရှတပုတ်ခတ်နေသည်။ တိုးတိုးသက်သက် သူသက်ပြင်းချတော့ ချယ့် နှုတ်ခမ်းမှာ ပန်းတစ်ပွင့်ပွင့်သွား၏။

"ကို ချယ့်ကို နမ်းချင်နေတာ မဟုတ်လား. . .၊ နမ်းချင်ရင် နမ်းလေ"

"အာ. . . မလုပ်ပါနဲ့ ဟင်း ဟင်း ဟင်း"

သူ ပျာပျာသလဲ ငြင်းတော့ ချယ့်ကိုယ်လေး သိမ့်ကနဲဖြစ်သွားသည်။

ဩော်. . . ချစ်သူက နမ်းခွင့်ပြုပါလျက် မနမ်းရှိုက်ရဲသည့် ဘဝ. . . ပါးပြင်အား နမ်းရှိုက်ကြည့်ပါလား. . .၊ သူ့အာရုံထဲမှာ အကြွေးဇာတ်ကားထဲမှ မင်းသားကြီးကျော်ဟိန်းသည် လက်ဆယ်ချောင်းကို ဖြန့်မပြပဲ လက်ညှိုးကြီးထောင်ကာ"ဟော့ကောင် ရဲယက်တစ်နှစ်. . တစ်နှစ်တိတိ နောက်ဆုတ်သွားမယ်. . . တစ်နှစ်. . . တစ်နှစ်"ဟု အထိတ်တလန့် သတိပေးအော်ဟစ်နေ၏။ ချယ်နှင့်အတူ





သူပါ ရယ်မောမိလိုက်သည်။

"တစ်ခါမှားခဲ့လို့ နှစ်နှစ်ခံခဲ့ရပြီးပြီလေ. . . ကို အဲလောက် မမိုက်ဘူး ချယ် ရဲ့ ဟင်း ဟင်း"

"ချယ့် ရဲ့ကတိမြားတွေကို မြားဆိပ်ပျယ်စေချင်ပြီ ချယ်"

ချစ်သူသည် ပြုံးပြုံးလေးနှင့် သက်ပြင်းငွေ့ငွေ့ပြု၏။

"ရက်ပိုင်းလေးပဲ လိုတော့တာပဲ ကိုရယ်. . . အဘကတော့ ထုံးတမ်းစဉ်လာတွေ လုပ်မနေနဲ့. . . နင်တို့အခုယူလိုက်ရင် အခုလင်မယားဖြစ်ပေါ့လို့ပြောတာပဲ: . . . ဒါပေမယ့် အမေက နေ့ကောင်းရက်သာ ရွေးခိုင်းတယ်. . .။ အဲဒါရွေးပြီးပြီဆိုရင် ကို့ မိဘတွေကို လှမ်းခေါ်လိုက်တဲ့. . .၊ ဘာပကာသနမှ မလိုဘူး. . .၊ အရှေ့ခုနစ်အိမ် နောက်ခုနစ်အိမ် ဖိတ် မင်္ဂလာဆွမ်းကပ်ပြီးရင် လက်ထပ်မင်္ဂလာအထမြောက်ပြီပဲတဲ့. . ကို သဘောတူတယ်မဟုတ်လားဟင်"

"ချယ် သဘောပါ ချယ်. . . ခုချိန်ထိ ချယ့်ကို ကိုဘာများ စောဒကတက်ဘူးလို့လဲ"

"ခန်းဝင်ပစ္စည်းတွေကိုတော့ မန္တလေးက အဒေါ်တွေက လှမ်းပို့ပေးမယ် ကို"

"ကို့ကို ချယ့်အတွက် တစ်ခုခုလုပ်ခွင့်ပေးပါလား ချယ်ရယ်. . . တစ်ခုခုပေါ့. . . ချယ့်အတွက် ကိုလုပ်ပေးချင်လိုက်တာ. . ."

ခေါင်းမာသော ကောင်မလေးချယ်သည် ခေါင်းကိုအသာလေး ရမ်းခါလိုက်၏။ ချယ့်မျက်ဝန်းလဲ့လဲ့တွေက သူ့မျက်နှာကို စူးစူးနစ်နစ်ငေးကြည့်နေသည်။ လရောင်၏ လျှို့ဝှက်သော ဖမ်းစားခြင်းသည် ချယ့်မျက်ဝန်းများကို ထိုးဖောက်ကာ ချယ့်နှလုံးသားအား တိမ်းတိမ်းမူးမူး



www.burmeseclassic.com

www.burmeseclassic.com



လက်စုံနှင့် ဆုပ်ကိုင်ပစ်လိုက်သည်။ ချယ်၏ ဖယောင်းလက်ကလေးတွေသည်ဖြေးဖြေးရွှေ့ရွှေ့ကြွတက်လာကာ သူ့ဦးခေါင်းကိုအုပ်ကိုင်လိုက်သည်။ ချယ့်မျက်နှာလေး သူ့အနားတိုးကပ်လာ၏။ ပါးပြင်မှာနွေးကနဲ . . ၊ သူ့ရင်တစ်ခုလုံးပြောင်းဆန်ကာ ကတုန်ကယင်ကြီးဖြစ်သွားသည်။ ကောင်လေးဟာ ကောင်မလေးရဲ့ပါးပြင်ကို နမ်းရှိုက်ခွင့်မရတော့ ကောင်မလေးက ကောင်လေးရဲ့ပါးကိုနမ်းရှိုက်လိုက်တာပါပဲ ကိုယ့်ဆရာ . .။

"ညဥ့်နက်ပြီ . . . ကိုပြန်တော့နော် . . . ၊ ချယ်လည်းအိမ်ထဲဝင်တော့မယ်"

သည်ညမှာ နှစ်ဦးစလုံးရော အိပ်ပျော်နိုင်ပါမည်တဲ့လား . . . ရန်ကြီးအောင်လမ်းသို့ သူလမ်းလျှောက်ပြန်လာခဲ့သည်။ နည်းနည်းလှမ်းပေမယ့်အေးဆေးပေါ့ . . .။ အတွေးကို အဖော်ပြုလျှောက်ခဲ့သည်။ ချယ်က သူ့ကိုကြိုပြီးသတိပေးခဲ့ဖူးသည်။ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ချယ့်ပါးကို မနမ်းမိပါစေနဲ့ . . . တဲ့။ အသေအချာ သတိပေးခဲ့ပါလျက် ဖြစ်မှုကျူးလွန် မိခဲ့တော့ နှလုံးသားကို နှစ်နှစ်တိတိ ဒဏ်ခတ်အကျဉ်းချခံခဲ့ရသည်။ ယခုတိုင် အမှတ်တရ မမေ့မပျောက်တွေးမိနေဆဲ . . ၊

အဲဒီတုန်းက . . . .

သံလျှင်သူ သန်းသန်းနု တို့တိုက်တက်မှ သူနှင့် ချယ်နှစ်ယောက် တည်းပြန်လာခဲ့စဉ်က ဖြစ်ပါသည်။

❑





နံနက်ဆယ်နာရီခွဲမှာ သံဃာတော်တို့ထံမှ အန္တရာယ်ကင်းပရိတ်တရားတော်ကို နာယူပြီးနောက် သန်းသန်းနုတို့မိသားစုနှင့်အတူ သူငယ်ချင်းတစ်ဖွဲ့လုံးပျော်ပျော်မွေ့မွေ့ ဆွမ်းကပ်လှူကြသည်။ အဲဒီနောက် စားကြသောက်ကြ၊ ဆေးကြောသိမ်းဆည်းကြနှင့် ဆိုတော့ နေ့ဆယ့်နှစ်နာရီကို စွန်းသွားပြီ . .။ သန်းသန်းနုက တရုတ်လူမျိုးဖြစ်သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ဘာသာရေးအလေးထားကြသူများဖြစ်၍လားမသိ၊ မျှတမှုရှိကာ သမာသမတ်ကျသည့်အတွက် ဈေးထောင့်မှ ကုန်ခြောက်နှင့်စတိုးဆိုင်ကြီးနှစ်ခုလုံးက အရောင်းအဝယ် ဖြစ်ထွန်းသည်။ သည်ဘက်ပိုင်း လူကုန်ထံ သူဌေးတွေစုရာရပ်ကွက်မှာ ခြံကျယ်ဝန်းကျယ်နှင့် တစ်ခန်းတနားနေနိုင်ခဲ့ကြပြီ။ နေ့တစ်နာရီထိုးပြီ။ ခြံထဲက သစ်ရိပ်အောက် ခုံတန်းဝိုင်းကလေးမှာ သူငယ်ချင်းတစ်စု လက်ဘက်၊ အချိုပွဲတို့နှင့် ပြောမကုန်သော စကားတွေနှင့် သိုင်းဝိုင်းနေခိုက်မှာ ရေကျော်မက အဆိုတစ်ခုတင်သွင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံလျှင်ရောက်တုန်းမှာ ရေလည်ကျောက်တန်းကို ငါတို့ဘုရားသွားဖူးကြရအောင်ဟာ"

"အေး. . . အဲဒီအစီအစဉ်ကောင်းတယ်. . .၊ ငါလည်း ငါးအကြီးကြီးတွေကို အစာကျွေးချင်တယ်. . .၊ ကြည့်ချင်တာနဲ့အတော်ပဲ. . . နီလာ နင်ရော"

"ဩော်. . . မြင့်မြင့်သန်းရယ်. . .၊ ကုသိုလ်ရမယ့်ကိစ္စ ငါ့လို နွယ်သာကီမျိုးမက ရှေ့ဆုံးကပေါ့ဟဲ့. . . . ခက်ပေါ့"

သူငယ်ချင်းတွေအားလုံး ညီညွတ်ရေးတေးကို တစ်ပြိုင်တည်း ဆိုနေကြတော့ သူပျော်သွားသည်။ သူလည်း ချယ်နှင့်အတူ အမှတ်တရ ကြည်နူးလိုသည်။ သူနှင့် ချယ်မှာ ယခုထက်တိုင် ဘုရားသွားကျောင်းတက် ကုသိုလ်မဆက်ခဲ့ဖူးသေးပါ။ ဒါပေမယ့် သူ့စိတ်ထဲမှ အကြံ ကြည်နူးပျော်ထုကို ချယ့်စကားကခွဲချေပစ်လိုက်သည်။

"ငါလိုက်လို့မရဘူး. . . အစ်မတွေရဲ့အိမ်ကို ငှါးနာရီခွဲမှာ အရောက်ပြန်ရမှာ. . . နင်တို့သွားကြ၊ ငါနဲ့ကိုက ပြန်မယ်လေ. . . နင်တို့ကိုငါပြောခဲ့ပြီးသားပဲဟာ"

"ဟင်. . . ချယ်က သူငယ်ချင်းတွေနဲ့အတူ ဒီမှာ တစ်ညပျော်ပျော်ပါးပါးနေမှာ မဟုတ်ဘူးလား"

သူ့အမေးကို ချယ်မဖြေ၊ နီလာက ဝင်ဖြေသည်။

"မရဘူး. . ကိုရဲထက်ရဲ့ သူက ရန်ကုန်မှာကျောင်းတက်နေတဲ့ အချိန်မှာ အစ်မတွေရဲ့အိမ်ကလွဲပြီး ဘယ်နေရာမှာမှ ညအိပ်ညဉ့်နေ မနေဘူးလို့ သူ့အဖေဦးဖိုးချယ်ကို ကတိပေးခဲ့တယ်တဲ့. . ."

ကဲ. . . နဖူးတွေ့ ဒူးတွေ့မြင်တွေ့လိုက်ရ ပြန်ပြီပေါ့ မချွေချယ်





ရဲ့ကတိမြားတစ်စင်း. . .။

***

အချိန်ကိုတွက်ဆကြည့်တော့ ဗီရိယသမားဆိုလျှင်မောစရာ ပေါ့. . .၊ ဒီကနေ နာရီစင်ဘက်လျှောက်ရဦးမည်။ နာရီစင်နားမှ သူ့ အသိ ကက အငှားကားဆရာနှင့်တွေ့ပါမှ အဆင်ပြေနိုင်မည်။ ချယ်က တော့ ဒါကို သိလိမ့်တွေးလိမ့်မည်မဟုတ်။ ဒါပေမယ့် သူတို့အတွက် အဆင်ပြေချင်တော့လည်း အကြောင်းအရာတစ်ခုက သူတို့ရှေ့မှောက် ဆိုက်ရောက်လာ၏။ သန်းသန်းနုတို့ခြံစောင့်ကြီး သူတို့ဝိုင်းအနီးလျှောက် လာသည်။

"အပြင်ဘက်မှာ ကက တစ်စီးခြံထောင့်မှာ ရပ်ထားတယ်. . .၊ အဲဒါ ဆယ့်တစ်နာရီလောက်ကတည်းကပဲ. . .၊ လူငယ်တစ်ယောက် လည်းရှိတယ်. . . . သမီးတို့ဆီလိုက်လာတဲ့ သူငယ်ချင်းများဖြစ်နေ မလားလို့"

ကကနှင့်ပါလာသော လူငယ်ဆိုသည်ထက် ကကကိုပို၍စိတ် ဝင်စားသည့်အတွက် သူထွက်ကြည့်လိုက်သည်။

ကားနံဘေးမှာရပ်နေသော သကောင့်သားကိုမြင်လိုက်တော့ သူငယ်ချင်းမတွေရှိရာ သူပြန်လာခဲ့သည်။

"နီလာရေ. . . ခင်ဗျားချစ်ချစ်လိုက်လာတာဗျ၊ အောင်ကျော် ဦးလေ"

သူ့စကားကြောင့် နီလာ၏ မျက်မှန်အောက်မှ မျက်ဝန်းစိုစိုကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု ဝိုင်းသွားသည်။ ထုံးစံအတိုင်း ရင်ဘတ်ကို လက်နှင့်ဖိလျက်. . .

"အဲဒါသာကြည့်. . . ငါ့လူကတော့လေ. . . လူကြည့်တော့ ပါးရေနပ်ရေနဲ့. . . . အူကြောင်ကျားဟဲ့. . .၊ မနက်ကတည်းက ငါတို့နဲ့အတူလိုက်မယ်ဆိုပြီးပေါ်မလာ. . . . ခုကျ ဆယ့်တစ်နာရီထဲက ရောက် နေတာကို အိမ်ထဲကိုဝင်မလာဘူးတဲ့ ဩော်. . . ငါက အမျှော် အမြင်ကြီးစွာနဲ့ လိုရမယ်ရ နင့်လိပ်စာကို ပေးခဲ့လို့သာပေါ့ သန်းသန်းနု ရယ်. . . ကဲ. . . နင်ကအိမ်ရှင်. . . ထွက်ခေါ်လိုက်ပါဦး. . . ရောက်မှ ငါနဲ့တွေ့မယ်. . . ဒီလူတော့"

သန်းသန်းနုပင် ထွက်ခေါ်စရာမလို. . .၊ အောင်ကျော်ဦး ခြံထဲ ဝင်လာတာ နီလာမှလွဲ၍အားလုံးမြင်လိုက်ရသည်။ နီလာက ကျောပေး ထားတော့မမြင်။ အောင်ကျော်ဦးက လက်ဟန်ဖြင့် အသာနေဟု အမူအယာပြထားတော့ အထာပေါက်စွာဖြင့် သူငယ်ချင်းတွေက မှင် မပျက် နီလာ့ကို ကြည့်နေကြသည်။ အောင်ကျော်ဦးက နီလာ့နောက်မှာ ခေါင်းကလေးပုကာ ဆောင့်ကြောင့်ထိုင်ချလိုက်တော့ ချယ်ကနီလာ့ကို အချွန်နှင့်မကာ မေးလိုက်၏။

"နင် အောင်ကျော်ဦးကို အဖြေပေးပြီးပြီလား နီလာ"

"ငါကျောင်းပြီးမှ အဖြေပေးမယ်လို့ ပြောထားတာလေ. . . မလိုပါဘူးဟာ မဟုတ်လည်း ငါချစ်နေတာ သူသိနေတာပဲဟ. . . ဟဲ ဟဲဟဲ ချစ်တယ်လို့ အဖြေပေးပြီး တန်းယူပစ်လိုက်ယုံပဲရှိတော့တာပဲ. . . သူဆရာဝန်ဖြစ်အောင်တော့ စောင့်ရဦးမလားမသိ. . ဟူး. . . "

"ပီ. . . ဘွတ်"

နီလာသက်ပြင်းချတာ အတွင်းအားပါသွား၍လား မသိ။ 'ပီ ဘွတ်' . . . ဟူသော ပေါက်ကွဲမှုသံစဉ်နှင့် လေလည်လိုက်မိသည်။ အောင်ကျော်ဦး၏ နဖူးမှာချွေးကနဲဖြစ်သွားကာ နဖူးပေါ်မှဆံပင်လေး ဖတ်ကနဲ လှုပ်သွားလေ၏။ ပထမတော့ အားလုံးမျက်လုံးပြူးသွားသည်။ ပြီးမှ တခွီးခွီးရယ်မိလိုက်ကြ၏။ နီလာအထိတ်တလန့်နှင့် နောက်လှည့် ကြည့်လိုက်တော့ အီးမှန်ထားသော မချိမဆန့်မျက်နှာနှင့် အောင်ကျော်ဦးကိုမြင်လိုက်ရ၏။ ဒါပေမယ့် အောင်ကျော်ဦးပြုံး နေပါသည်။ အချစ်ဆိုတာ သည်လိုပဲလားမသိ။

***

"ဆယ့်တစ်နာရီထဲက ရောက်နေတာဆို ဘာလို့အထဲဝင်မလာ တာလဲ"

"နီလာစိတ်ဆိုးနေမလားလို့ မနက်က မလိုက်လို့လေ"

"ခုကျ ဘာလို့ဝင်လာလဲ"

"ကိုရဲထက်က ထွက်ခေါ်လို့"

"ဒါဆို ဘယ်တော့ပြန်မှာလဲ"

"နီလာတို့ပြန်တဲ့အချိန်ပြန်မှာ. . . တို့ ကက တစ်ခါတည်း အသင့် အော်ဒါခေါ်လာခဲ့တယ်"

"အဲဒါဆို မနက်မှပဲ ပြန်. . . နီလာတို့သူငယ်ချင်းတွေက ညအိပ်ကြမှာ. . . ကိုအောင်ကတော့ ဘုရားစင်ရှေ့မှာအိပ်ပေါ့. . . အခုနီလာတို့ ရေလည်ကျောက်တန်းသွားကြမလို့"

"ဒါဆို ကိုအောင် ကကကိုပြန်လွှတ်လိုက်မယ်"







www.burmeseclassic.com

www.burmeseclassic.com



ချယ်နဲ့သူအတွက် အဆင်ပြေချင်တော့လည်း အဲလိုပါပဲ. . . သူက ဒီလိုနေရာမျိုးတော့ ရွှေညဏ်တော်ပြေး၏။

"အတော်ပဲ ကိုအောင်ကျော်ဦး. . . . ကျွန်တော်နဲ့ချယ် အခုပဲ ပြန်ကြမှာ. . . အဲဒီ ကကကို ကျွန်တော်တို့ဆက်ငှားသွားမယ်. . . ချယ်ကိုတို့သွားကြရအောင်"

***

မြို့ထဲကထွက်လာတော့ ချယ့်ခေါင်းကလေး သူ့ပခုံးပေါ် မှီကျလာသည်။ ကားဆရာကြီးကလည်း ကွမ်းကလေးမြုံ့ရင်း သူ့ဘာသာအေးဆေး. . . ၊ သူနှင့်ချယ်ကလည်း နောက်ခန်းမှာ အေးဆေး နောက်ခန်းထိုင်ခုံနဲ့ကလည်း နှစ်ခုခွဲမထားတော့ ပို၍အေးဆေးပေါ့. . . . ။

"ချစ်သူတစ်ယောက်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ဖို့အတွက်ကို့ အရည်အချင်းကို ကြည့်ရတော့မှာပဲ"

"ဘယ်. . . ဘယ်လို ချယ်"

"သြော်. . . ညက အိပ်ရေးမဝခဲ့လို့. . . အချိန်လေးရတုန်း... ချယ် မေးလိုက်ချင်လို့"

"ရတယ်လေ ချယ်ရဲ့. . ချယ် ကို့ကိုမှီထားလေ. . . အိပ်လိုက်"

ကားတံခါးဘက်သို့ သူတိုးကပ်လိုက်သည်။ လွယ်အိတ်ကို ပေါင်ပေါ်တင်လိုက်၏။ (ချစ်သူအတွက်ရော ကိုယ့်အတွက်ပါ ကာကွယ်လိုက်တယ်ဆိုတာ ယောကျ်ားချင်းသဘောပေါက်မှာပါ ကိုယ့်ဆရာ)။ ဆိုဖာလက်တင်ပေါ်သို့ညာလက်ကိုတင်လိုက်သည်။ သူလှုပ်ရှားသမျှကို ချယ်





က ကြည့်နေ၏။

"OK . . . ဒါဆို ချယ် အိပ်လို့ရပြီကွ"

"ဟင်. . . အဲဒီပေါ် အိပ်ရမှာလား"

ချယ်သည် ကြောင်သွားသော သူ့မျက်နှာကိုကြည့်လျက် တစ်စုံတစ်ခုကို သတိရသွားသည့်နှယ်. . . ၊ နောက်. . . ချယ် ပြုံးသွားသည်။

" Sorry ဟုတ်တယ်. . . အဲလိုအိပ်ရင် အဆင်ပြေဆုံးပဲ. . . ကိုမဆိုးဘူး တော်သားပဲ. . . "

အပေါ်ဝတ်အနွေးထည်ပါးကို ချယ်က ရင်စေ့သည်။ ပိုက်ဆံအိတ်ကို သူ့ညာလက်ထဲ ထည့်ပေးရင်း လက်နှစ်ဘက်ရင်မှာယှက်လျက်ညာလက်ရုံးမှာ ခေါင်းအုံးကာကျောပေးအနေအထားနှင့် ချယ့်ခန္ဓာကိုယ်အိအိထွေးထွေးက ရင်ခွင်ထဲမှာ စက်ပျော်မှီကျလာ၏။ ရင်ဘတ်ထဲမှာထည့်ထားတဲ့နှလုံးသားဆိုတဲ့အရာဟာ သံပတ်ပေးမှ ခုန်လှုပ်တတ်တဲ့ပစ္စည်းတစ်ခုသာဆိုရင်တော့ ခုချိန်မှာ အဲဒီသံပတ်ကို ဖြုတ်ထားလိုက်မှာပါ ချယ်. . . ၊ ခုတော့. . . ၊

ကားသည် ရန်ကုန်သံလျင် မြစ်ကူးတံတားကြီး၏ ခါးကြောလည်မှာရောက်နေပြီ. . . . ။ တစ်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တော့ ပင်လယ်ကူးသင်္ဘောကြီးတွေနှင့် ငြိမ်သက်နေသည့် ဆိပ်ကမ်း. . . ၊ မြစ်ရေစိမ်းစိမ်းကလည်း သက်ငြိမ်ပန်းချီကားတစ်ချပ်နှယ် ဣန္ဒြေကြီးတစ်ခွဲသားနှင့် အသံမဲ့တေးသွားတစ်ခုဆိုညည်းလျက်. . . ။ သူငယ်ငယ်ကတော့ သည်ရေပြင်ပေါ်မှာ သည်တံတားကြီးရှိမနေသေး. . . ၊ အဖေတို့နှင့်အတူ သီတာသင်္ဘောကြီးစီးခဲ့ရတာ သတိရမိ၏။ သံလျင်ရယ် သီတာရယ်. . . နောက်နံဘေးပတ်လည်မှာ ဖင်ယော်တွေနှင့်၊ အဲဒီတုန်း

www.burmeseclassic.com



က သံလျင်ဆိပ်ကမ်းမှနေ၍ သံလျင်မြို့ထဲရောက်ဖို့ လိုင်းကား အကြာကြီးစီးခဲ့ရတာ သူမမေ့. . . .၊ သူ ဘာတွေတွေးနေပါလိမ့်၊ သေချာတာတစ်ခုကတော့ ရင်ခုန်ပြေဖို့ အာရုံတွေလွှဲတွေးနေခြင်းပဲဖြစ်ပါသည်။

ရင်ခွင်ထဲမှ ချစ်စရာကောင်းတဲ့ ချစ်သူအား အခြားဘယ်အတွေးတွေကများ အချိန်အကြာကြီး ကျော်လွန်လျက် အာရုံဖမ်းစားနိုင်ပါမည်နည်း။ သူသည်ချယ့်ကို ငုံ့ကြည့်လိုက်မိ၏။ အပြစ်ကင်းလိုက်သည့်မျက်နှာလေး. . .၊ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်မောကျပြီ. . .၊ မျက်တောင်ကော့ကော့ကြီးတွေ ပိတ်လို့. . .၊ စိမ်းမှောင်မှောင်မျက်ခုံးနှစ်ခုကြားမှာ သွေးကြောစိမ်းစိမ်းလေးကို နို့နှစ်ရောင်အသားရေပြားဖုံးကွယ်မှုအောက်၌ မြင်လိုက်ရ၏။ ချယ် ခေါင်းကိုက်လျှင်(သို့မဟုတ်)ဖျားစပြုပြီဆိုလျှင် သည်သွေးကြောစိမ်းလေးကို မြင်ရနေကျဖြစ်သည်။ ချယ်ဖျား ပြီလားမသိ. . .။

ရင်ထဲမှ အသေးစားပူပန်မှုလေးက ခေါင်းထောင်ထလာသည်။ ချယ့် လက်ကလေးနှစ်ခုပေါ်မှာတင်ထားမိသော သူ့ဘယ်လက်က ချယ့်နဖူးပြင်အားအသာလေး ဖဝါးနှင့်စမ်းမိလိုက်၏။ တော်သေးရဲ့. . . .၊ ကိုယ် ပူချိန်က Normal ပါပဲ. . .၊ ချယ်က နိုးမသွား. . .၊ ပူပန်ခြင်းကင်းကင်းစက်ပျော်နေဆဲ. . .၊ ချစ်သူ၏နုသက်သော မျက်နှာလေးအား သူမည်မျှကြာအောင် ငုံ့ငုံ့ကြီးငေးကြည့်နေမိသည်မသိ. . .၊ သည်အချိန်အခိုက် တဒင်္ဂလေးမှာ သူသည် အရာအားလုံးကို မေ့သွားပါတော့သည်။ သူဘာလုပ်လိုက်မိသည်ကို သူ့ကိုယ်သူပင်တားဆီးဖို့ သတိမပြုမိလိုက်ပါ. . .။

ချယ့်ကိုယ်လေး လွန့်သည်ဆိုရုံမျှ လွန့်သွားသည်ဟု ထင်မိလိုက်





သည်။ ပိတ်နေသော မျက်တောင်တွေ မွေးစင်းရာမှ ပွင့်လာသည်။ ပထမဆုံးဖြည်းဖြည်းလေးပစ်လွှတ်လိုက်သော ချယ့် မျက်ဝန်းများ၏ဦးတည်ရာသည် သူ့မျက်နှာ. . . .။ လိပ်ပြာမလုံသူမို့ အထိတ်တလန့်သူပြုံးပြလိုက်မိသည်။

“နိုးသွားတာလား ချယ်. . . . ဆက်အိပ်လေ”

ချယ့်ထံမှ တုန့်ပြန်သံမကြားရ. . .၊ ချယ် မျက်ဝန်းတွေကသူ့မျက်နှာကိုသာ မလွှဲဖယ်ပဲ အကြည့်နစ်နှင့်. . .။ သည့်နောက်. . သူ့ရင်ကိုဆွဲကိုင်လှုပ်ခါပစ်လိုက်သည့် တိုးသဲ့သဲ့ချယ့်အမေးစကား. . .၊

“ကို. . . ချယ့်ပါးကို နမ်းမိလိုက်တယ် မဟုတ်လားဟင်”

သူ့ရင်သည် တဒိုင်းဒိုင်းခုန်လှိုက်လာသည်။ တစ်ကမ္ဘာလုံးမှာရှိသော လူတွေအားလုံးထဲမှာ သူဘယ်လိုနည်းနှင့်မျှ လိမ်၍မရသော၊ မလိမ်ရက်နိုင်သော တစ်ဦးတည်းသော သူမှာ ချယ် ဖြစ်ပါသည်။

“ကို မညာပါဘူး. . . ဝန်ခံပါတယ် ချယ်”

သူမျှော်လင့်ထားသလို ချယ် တုန်လှုပ်မသွားပါ. . .၊ အပြုံးထေ့ထေ့ ချယ် ပြုံးသည်။ သက်ပြင်းငွေ့ငွေ့ပြုသည်။

“ချယ် ကြိုပြီးသတိပေးထားလျက်နဲ့ ကိုစည်းဖောက်လိုက်တာနော်. . .၊ ကိုယ်နဲ့ချယ် လက်ထပ်ရတော့မယ်၊ ဒါပေမယ့် ဒီနေ့ကစပြီးနောက်နှစ်နှစ်ကြာမှ ချယ်တို့လက်ထပ်လို့ရတော့မယ်. . .၊ အဲဒါ ချယ်ခွင့်မပြုပဲ ကို နမ်းမိလိုက်လို့ပဲ. . . ချယ့်ကိုယ်ချယ် ကတိပြုဆုံးဖြတ်ထားတာတစ်ခုကို့ကိုဖွင့်ပြောမယ် ကို”

လာပြန်ပြီ ကတိများတစ်စင်း. . .၊ သည်တစ်စင်းသည်နောက်ဆုံးပဲဖြစ်ပါစေတော့၊ သည်ကတိများကတော့ နှလုံးသည်းပွတ်ကို ရက်ပေါင်း(၇၃၀)တိတိ အသက်ကြီးသွားစေသည့် ကတိများတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပါလား. . .။

***

"ချယ် အရွယ်ရောက်လို့ ချယ့်မှာချစ်သူရှိသွားပြီဆိုပါတော့၊ ချယ့်ချစ်သူကို ချယ်စောင့်ကြည့်မယ်. . .၊ သူ့ကိုချယ် တကယ်ချစ်သွားပြီဆိုမှ ချယ်သူ့ကိုလက်ထပ်မယ်၊ ချယ့်ပါးကိုချယ် တကယ်ချစ်တဲ့သူကိုပဲ နမ်းခွင့်ပြုမယ်. . .၊ ချယ် လက်ထပ်မယ့်သူကပဲ ချယ့်ပါးကိုနမ်းရမယ် ချယ့်ကိုနမ်းတဲ့သူက ချယ် လက်ထပ်မယ့်သူပဲ"

ဝမ်းသာရိပ်က သူ့မျက်နှာမှာ ရုတ်ချည်းသက်ရောက်သွားသည်။

"ဒီလိုမှန်းသိရင် ဒီပြစ်မှုကို အစောကြီးထဲက ကို ကျူးလွန်ခဲ့ပါတယ်. . . ချယ်"

ချယ်ရယ်သည်။ နောက်ဆက်တွဲ ချယ့် စကားက သူ့နှလုံးသားကို လက်သီးဆုပ်ထဲသို့ ပို့ပစ်လိုက်၏။

"ချယ့်စကားမဆုံးသေးဘူး ကိုရဲ့. . .၊ ချယ်ကခွင့်ပြုမှပဲ ချစ်သူက နမ်းလို့ရမယ်. . .၊ ချယ်ခွင့်မပြုခင်မှာ အဲဒီပြစ်မှုကို ကျူးလွန်ရင် ချယ်သူ့ကိုလက်ထပ်ချင်မှ လက်ထပ်မယ်. . .၊ မေ့ပစ်လိုက်မယ်. . မမေ့နိုင်အောင် ချယ်က ချစ်နေပြီဆိုရင်လည်း နှစ်နှစ်နေမှ သူ့ကို ချယ်လက်ထပ်မယ်. . . အဲဒီချစ်သူက ချယ်ခွင့်ပြုလို့ပဲဖြစ်ဖြစ်၊ ခွင့်မပြုပဲနဲ့ဖြစ်ဖြစ်နောက်ထပ် အဲလိုပြစ်မှုမျိုး တစ်ခါကျူးလွန်တိုင်း လက်ထပ်ဖို့ တစ်နှစ်ထပ်ပြီး နောက်ကျကျသွားလိမ့်မယ်"

ချယ့်စကားကြောင့် သူသည် ချယ့်မျက်နှာနှင့်ဝေးရာသို့ ခြောက်





လက်မလောက် ယောင်ရမ်းကာ ဆုတ်လိုက်မိ၏။ ချယ် ဆက်ပြောသောစကားက သူ့အဖို့ ထိပေါက်ပြီး ထိလက်မှတ်အသိမ်းလွန်ကာ ဘယ်နေရာထားမိမှန်းမသိသော သူတစ်ယောက်ဘဝသို့ရောက်သွားစေသည်။

"အခုဆို ချယ် တို့ကျောင်းပြီးဖို့ နှစ်လလောက်ပဲလိုတော့တာနော်. . . .၊ စာမေးပွဲနောက်ဆုံးရက်မှာ ကိုနဲ့ ချယ်ခွဲကာနီး အဲဒီခွင့်ပြုချက်ကို ချယ်က ကိုကိုခွင့်ပြုမလို့ပါ. . .၊ အဲဒီနေ့ကျမှ ချယ်က ဒီကတိကို ကိုကိုဖွင့်ပြောမလို့. . .၊ ခုကျတော့ ကိုက ချယ်ကြိုပြောထားပါလျက်နဲ့ ပြစ်မှုကျူးလွန်လိုက်တာကိုး. . . . ဘယ်တတ်နိုင်မလဲ ကိုရာ ချယ့်ကိုယ်ချယ်ထားတဲ့ ကတိအတိုင်းပဲ ဖြစ်ရတော့မှာပေါ့. . . . .၊ ကို ချယ်နဲ့ လက်ထပ်ဖို့ နောက်ထပ်နှစ်နှစ်ထပ်စောင့်ရတော့မယ်"

ပြောအပြီးမှာ ချစ်ရသော မရွှေချယ်က မျက်လုံးလေးတွေမှိတ်သွားသည်။ မေးလိုက်ဦးမည်တဲ့. . . . ချယ် အိပ်ပျော်ပါမည်လား. . အိပ်မပျော်နိုင်မည်လား. . . . သူမသိပါ။ ချယ့်ကိုကြည့်ကာ ဘာခေါင်းစဉ်တပ်ရမည်မသိသော လက်အစုံက သူ့နှလုံးသားကို ဆုပ်ကိုင်ခြင်းခံနေရလေသည်။ ဘယ်မိန်းကလေးများ သည်လိုကတိတွေနဲ့ ချည်နှောင်မှာတဲ့လဲ ချယ်. . .။

သည်တစ်ခါ ချယ့်ရင်ဘတ်နှင့် ပစ်လွှတ်လိုက်သော ကတိမြားသည် သူ့ရင်ကိုတည့်တည့်စိုက်ဝင်သွား၏။ သေချာတာ တစ်ခုကတော့ ရက်ပေါင်း(၇၃၀)တိတိပြည့်မှ ဆွဲနှုတ်၍ ရနိုင်မည်ဖြစ်ပါသည်။

***



www.burmeseclassic.com

www.burmeseclassic.com



ခုတော့လည်း နေ့စဉ်ရက်ဆက် ချိုးတွက် အတွေးအိမ်မက်တွေနဲ့ မျှော်လင့်ပျော်မောခဲ့ ခရီးရှည်ကြီးကို ကျော်ဖြတ်လို့ရက်၇၃ဝကျော်ကြီး နောက်မှာချန်ထားရစ်ခဲ့ပြီ။ ကတိမြားတစ်စင်းရဲ့ ထိပါးခြင်းက ရင်နဲ့မမျှစွာ နာရီလက်တံတွေကို မြင်ပြင်းကပ် ရိုးအီခဲ့ရသည်။ ချယ့်ကတိမြားတွေလည်း ကုန်လောက်ပြီထင်ရဲ့။ လမ်းလျှောက်ခြေထောက်တွေက အတွေးအိတ်ကို ဖောက်ထွက်ကျလာသည်။ ရှေ့မှာ ရန်ကြီးအောင်လမ်းကိုရောက်ပြီ။

မနက်ဖြန်ဆိုသည့်အရာသည် ရင်ချင်းထပ်သူနှစ်ဦးအား ကျောချင်းကပ်သွားစေတော့မည်ကို မသိသေးတော့လည်း သည်ညရဲ့ အပျော်စိတ်တွေကြားမှာ ကံကြမ္မာကို သူမေ့လျော့နေတာ အဆန်းတော့မဟုတ်ပါ။

❑





သူသည် ဗေဒင်ကို လက်ခံသည်လည်းမဟုတ်၊ လက်မခံသည်လည်းမဟုတ်ပါ။ မြတ်စွာဘုရားရှင်လက်ထက်တော်ကတည်းက ရှိခဲ့သည့် အတတ်ပညာဖြစ်သည့်အတွက် ဗေဒင်ပညာကိုတော့ လေးစားပါသည်။ ဝေဒပညာရှင်တွေကျတော့ သူတို့၏ ပညာရပ်အပေါ်တွင် နစ်နစ်နဲနဲ ထဲဝင်လိုက်စားမှုအပေါ်၌ မူတည်မည်ဟု သူခံယူပါသည်။ အနာဂတ်ကိုတော့ မပြောလို့. . .၊ အတိတ်က ဖြစ်ပျက်ခဲ့သည့်ကိုယ့်အကြောင်းကိုတော့ကိုယ့်ထက်ပိုပြီးဘယ် ဗေဒင်ဆရာကမှ ပိုမသိနိုင်ပါ။ အခုဟာကျတော့ အကြားအမြင်ဟူသော ခေါင်းစဉ်အောက်မှာ ရောက်နေသည်။ ဆရာကြီးသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်းလျက် အချိန်တိုင်းမှာ သရဏဂုံသုံးပါးနှင့် အရဟံဂုဏ်များ ပွားများအားထုတ်သည်. . .၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာတရားများ ပွားများသည်. . . သီလကျင့်ကြံမှုနှင့် စရဏ ရင့်သန်မှုကို ချယ်ကရှင်းပြတော့ သူ့လိုလူငယ်တိုင်းရင်ဆိုင်ရနေကျ 'နေရာတိုင်းမှာ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်ဖြစ်ပါလျက် ဒါတွေကိုလက်ခံသည်'. . . . ဆိုသော အယူအဆက ခေါင်းထဲမှထွက်သွားသော်လည်း လောကီတွေ၊ လောကုတ္တရာတွေ. . . . အကြားအမြင်. . . စသည်တို့က ထပ်မံရှုပ်ထွေးလုံးချာလိုက်သွားသည်။ ရှိစေတော့. . . အခု သူတို့ အကြားအမြင်ရသည်ဟူသော ဆရာကြီးဆီသွားကြမည်တဲ့. . .။ ဂျစ်ကားကို ချယ်ကမောင်းသည်။ သူက ချယ့်ဘေးမှာ. . .၊ နောက်ခန်းမှာ ဒေါ်စိန်ရီက ကန်တော့ပွဲကြီးနှင့်. . .၊ အမွှေးတိုင်တွေနှင့်. . .၊ လုပ်ကြပေါ့. . .၊ အမိက က ချယ်စိတ်ကျေနပ်ဖို့ပဲမဟုတ်လား. . .။

မရောက်ဖူးသော အရပ်ဒေသဆိုတော့လည်း အရှေ့အနောက်တောင်မြောက်ဆိုတာ သူမပြောတတ်၊ မြို့ပြင်ဘက်မောင်းထွက်ခဲ့တာပဲသူသိသည်။ ချယ်သည် တောလမ်းလေးအတိုင်း ကားကိုမောင်းနေသည်။ ခုနစ်မိုင် ရှစ်မိုင်လောက်မောင်းပြီးနောက် တောလမ်းနံဘေးသစ်ရိပ်အောက်မှာ ကားကို ရပ်လိုက်သည်။ နံဘေးဝဲယာ သူစေ့ငုံကြည့်တော့ ဘာမှလည်းမတွေ့ရ။

"ဆင်းလေ. . . ကို၊ ဟိုဘက်မှာ ကားသွားလို့မရတော့ဘူး။ ခြေလျင်ဆက်လျှောက်ရမယ်"

မြေနီလမ်းလေးအတိုင်း ခြေလျင်ဆက်လျှောက်ခဲ့ကြသည်။ ဒေါ်စိန်ရီကနောက်မှာ ကန်တော့ပွဲကြီး ရွက်လျက်လိုက်လာ၏။ အမွှေးတိုင်၊ ဖယောင်းတိုင်တွေနှင့် သစ်သီးတွေထည့်ထားသောခြင်းကို ချယ်ကဆွဲလျက်လှမ်းသည်။ သူက ချယ့်နံဘေးမှာ ချယ်သွားရာပေါ့. . .၊ တစ်မိုင်နီးနီးလောက်လျှောက်မိတော့ တောကြိုအုံကြားမှာ ထုံးသင်္ကန်းစေတီလေးနှင့် ထန်းလက်မြေစိုက်တဲလေး တစ်လုံးကို ဘွားကနဲတွေ့လိုက်ရသည်။





စေတီအနီးမှာ ယောဂီဝတ်အဖိုးအိုကို တွေ့ရ၏။ အသားကဖြူဖြူသန့်သန့်၊ ဆံပင်နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး မျက်ခုံးမွေးက အစအားလုံးဖွေးဖွေးဖြူနေပြီ။ ထူးခြားသည်မှာ စူးရှတောက်ပလွန်းသောမျက်လုံးများပဲဖြစ်သည်။ သားငါးမစား၊ သစ်သီးကိုသာ အဟာရအဖြစ်မှီသည်တဲ့။

ဘုရားမှာ ကန်တော့ပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် သစ်သီးတွေကို ကပ်လှူပြီးနောက် ဘုရားကို သူတို့ဦးခိုက် ကန်တော့ကြသည်။ သည့်နောက်ယောဂီအဘိုးအိုကို ကန်တော့သည်။ အဘိုးသည် သူ့ကိုပထမကြည့်သည်။ နောက်. . . ချယ့်ကိုကြည့်သည်။ အဘိုး၏အသံသည် တုန်ယင်ခြင်းမရှိ၊ သတ္တုသံရောစွက်သော အသံမျိုးဖြစ်၏။

"အခုနှစ်ပိုင်းမှာတော့ သူတို့နှစ်ယောက် အိမ်ယာထူထောင်ဖြစ်ကြမှာမဟုတ်ဘူး၊ အိမ်ယာထူထောင်မယ့် အစီအစဉ်ကို ကလေးမလေးဘက်က ဖျက်လိမ့်မယ်"

သူမှင်သက်ငေးကြောင်သွား၏။ ချယ့်ကိုကြည့်လိုက်တော့ ပါးစပ်အဟောင်းသားနှင့် ခန္ဓာကိုယ်လေးညွတ်ယိုင်လျက် တုန်ခါသွားသည်။

"ဒီက အပြန်မှာ သမီးနဲ့ သူငယ်လေး တစ်ယောက်နဲ့တစ်ယောက်ကျောချင်းကပ်ပါ၊ စိတ်ထဲကနေပြီး တစ်ယောက်ကိုတစ်ယောက်စိတ်နာပါ၊ လှည့်မကြည့်ပဲနဲ့ ကျောခိုင်းထွက်ကြ၊ နေ့တစ်နေ့ချုပ်ငြိမ်းပြီးမှပြန်ဆုံကြပါ. . .၊ ကံကြွေးကို ယှဉ်နိုင်လျှင်တော့၊ ကျော်နိုင်မှာပါ. . .၊ သူငယ်ကို သင်္ကန်းဝတ်နဲ့နှစ်ခါမြင်တယ်. . .၊ သမီးက ဘဝတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားမယ်. . .၊ လောကီကရှုပ်ထွေးတယ်၊ သရဏဂုံ တည်ကြပါ. . . ကဲ. . . ကဲ. . . ပြန်ကြပေတော့. . . . ”

***

ရင်ချင်းထပ်ကြမည့်သူနှစ်ဦး ယခုတော့ ကျောချင်းကပ်ထား ကြရသည်။ သူတို့ တစ်ခွန်းတပါဒမျှ မပြောကြားမိမှာ မွက်ဟသော ယောဂီအဖိုး၏စကားကြောင့် သူရောချယ်ပါ တုန်လှုပ်ခဲ့ရသည်။ ယခု တော့ တကယ်ပဲ ကျောချင်းကပ်ကြရပြီ။ စိတ်ထဲမှနေ၍ ချယ့်ကို စိတ်နာကြည့်သည်။ စိတ်နာစရာတွေးကြည့်သည်။ ဘယ်အကြောင်း အချက်ကလေးကမျှ ခေါင်းထဲရောက်မလာ။

“ချယ်. . . ကို စိတ်ထဲကနေပြီး ချယ့်ကိုဘယ်လိုမှ စိတ်နာကြည့် လို့မရဘူးဖြစ်နေတယ် ချယ်”

“ချယ်လည်း ကို့လိုပဲ. . .၊ ကိုက ချစ်သူသက်တမ်းတလျှောက် လုံး ချယ် စိတ်ချမ်းသာဖို့ပဲ အရာရာခေါင်းညိတ်ခဲ့တဲ့သူ. . . ကို့ကို စိတ်ထဲက စိတ်နာကြည့်ဖို့ ချယ်ဘာမှ စဉ်းစားလို့မရဘူး. . . ကို့ကို ချယ် ချစ်တယ်. . . အဲဒါကို ဘယ်လိုစိတ်နာလို့ရမှာလဲ”

ဟုတ်တော့လည်း ဟုတ်သည်။ တစ်ခါမှ ရန်မဖြစ်၊ စိတ်မ ကောက်၊ စိတ်မဆိုးဖူးကြသော ချစ်သူနှစ်ဦး ဘယ်လိုများ ရင်ထဲက စိတ်နာကြည့်လို့ရနိုင်ပါမည်နည်း။

“စကားမပြောကြနဲ့လေ. . ငြိမ်ငြိမ်နေပြီး ကျောချင်းကပ်ထား”

ဒေါ်စိန်ရီကသတိပေးရင်း ဝင်ထိန်းလိုက်မှ နှစ်ဦးသားငြိမ်





သက်သွားသည်။ ဦးဖိုးချယ် အပြင်မှ ပြန်လာ၏။

“ကောင်းဘွိုင်ကားတွေထဲကလို ကျောချင်းကပ်ပြီး သေနတ်ပစ် တမ်းကစားနေကြတာလား. . . ဘာအရှုးထနေကြတာလဲ”

“ကိုရင်ဖိုးချယ်. . . ရှင်ဝင်မပါနဲ့ဦး. . ဒါကလေးတွေ အတွက် အရေးကြီးနေတဲ့ အချိန်တော်ရဲ့”

ဆံပင်လုံးဝမရှိသော ဦးခေါင်းကို ကုတ်လျက် ဦးဖိုးချယ်သည် အိမ်အတွင်းသို့ ဝင်သွား၏။

“ကျောချင်းကပ်ထား. . .၊ လက်သီးဆုပ်ထားကြ၊ စိတ်ထဲက တစ် နှစ် သုံး လေး . . . မှန်မှန်လေး. . . ရေ၊ ဆယ့်တစ်ရောက်ရင် နောက်လှည့်မကြည့်ပဲလမ်းခွဲလိုက်ကြတော့. . . . ”

စိတ်ထဲမှနေ၍ တစ် နှစ် သုံး လေး ဟုရေတွက်နေစဉ် ငါးကို အရောက်မှာ အနှောင့်အယှက်ဝင်လာသည်။ ဟန်းဖုန်းမြည်သံဖြစ်သည်။ ဖုံးကိုထုတ်ကာ နံပါတ်ကြည့်လိုက်သည်။ ကိုမဲကြီး ဖုန်းဆက်ခြင်း ပါလား. . .။ ဖုန်းဖွင့်ရနိုး မဖွင့်ရနိုး သူဝေခွဲမရဖြစ်နေစဉ်မှာပင် သူ့ကျောကို ထိကပ်ထားသော ချယ့်ကျောပြင်က သူ့ကိုခွာသွားသည်။ ချယ်သည် သူ့ကိုလှည့်မကြည့်ပဲကျောခိုင်းထွက်ခွာသွားပြီ။ ရင်မှာကျင် ကနဲ ခံစားလိုက်ရ၏။

ကိုမဲကြီးခေါ်နေသော ဟန်းဖုန်းက အော်နေဆဲ. . .၊ နောက်မှ သူသတိဝင်လာကာ ချယ်တို့အိမ်ကို ကျောခိုင်းထွက်လာခဲ့သည်။ အရာအားလုံးဟာ ချယ့် အလိုကျပါ ချယ်. . . ချယ်ဖြစ်စေချင်သလို ချယ့် ဆန္ဒအတိုင်းကို ချယ့်ကို ကျောခိုင်းထွက်ခဲ့ပါပြီ ချယ်. . .။

ခြေထောက်တွေက စိတ်မငြိမ်သော သူ့ခန္ဓာကိုယ်ကို ဆေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ သယ်ဆောင်သွားသည်။ ဟန်းဖုန်းကိုဖွင့်ကာ ကိုမဲ၏ ဖုန်းနံပါတ်ကိုပြန်ခေါ်လိုက်သည်။ ကိုမဲ ဖုန်းက မအားတော့. . .၊ နှစ်ကြိမ် သုံးကြိမ်ခေါ်ကြည့်သော်လည်းမရ။ ဘာသဘောပါလိမ့်. . .၊ ယတြာကိစ္စလား ဓါတ်သဘောလား ဘာခေါင်းစဉ်တပ်ရမည်မသိသော အစီအရင်ကိစ္စပြုလုပ်နေစဉ်ကတော့ အနှောင့်အယှက်ပြုကာ ဖုန်းခေါ်သည့်ကိုမဲ. . . ယခုတော့ ခေါ်လို့မရတော့။

နောက်မှခပ်သုတ်သုတ်လိုက်လာသော ခြေသံကိုကြားရသည်။ ခြေသံက သူ့ကိုမီလာသည်။ ကြည့်လိုက်တော့ ဦးဖိုးချယ် ဖြစ်နေ၏။ ဦးဖိုးချယ်သည် သူ့လက်ထဲသို့ စာရွက်လေးထည့်ကာ ရုတ်ချည်းပြန်လှည့်ထွက်သွားသည်။ ခပ်သုတ်သုတ်ပြန်ထွက်သွားသည့်အတွက် သူလှမ်းမခေါ်မိလိုက်ပါ။ လက်ထဲကစာရွက်လေးကို သူဖတ်ကြည့်လိုက်၏။ ဦးဖိုးချယ်၏ ဘုန်းကြီးကျောင်းသားလက်ရေးဝိုင်းဝိုင်းကြီးများကို တွေ့လိုက်ရသည်။

"ငရဲ. . . .

စကားမပြောရဘူးဆို၍ စာရေးပြီး ပြောလိုက်သည်။

ညနေ ငါးနာရီခွဲ ဆေးဆိုင်ကစောင့်နေ၊ အဘလာခေါ်မည်။

ငါ့သားနဲ့အဘ ဘီယာသောက်ကြမည်။

ပုံ

ဖိုးချယ်" တဲ့. . .။

***





'ရသေ့စိတ်ဖြေ' ဟူ၍ဆိုရမည်လားမသိ၊ ချစ်သူနှင့်တွေ့ခွင့်မရှိချိန်တွင် ယောက္ခမလောင်းနှင့်အတူ Beer Station ထိုင်ရင်း ချယ်နှင့်ပတ်သက်၍ တစ်စွန်းတစ်စ သိရကြားရသည်ကပင် ဖြေသာသည်ဟု သူတွေးမိသည်။ ဒုတိယခွက်ကို ဇာတ်လမ်းစတော့ ဦးဖိုးချယ်၏ မျက်နှာက ပြုံးထေ့ထေ့ဖြစ်လာ၏။

"ငါ့ကို အားမနာနဲ့ငရဲ. . . .၊ မင်းဆန္ဒရှိသလိုသာ သောက်ခွဲ၊ ငါကတော့ နှစ်ခွက်ထက်ပိုပြီး မသောက်ဘူးလို့ ငါ့ကိုယ်ငါ ကတိပြုထားတာကွ"

လာပြန်ပြီ. . . ကတိစကား. . .၊ ကတိစကားတွေကြားတိုင်း သူမှာထိတ်လန့်နေရသည့်အဖြစ်. . .။

"ချယ့်မှာ အဘသွေးအပြည့်ပါနေတယ်နဲ့တူတယ်. . .၊ ချယ်ကလည်း သူ့ကိုယ်သူ အဲလိုကတိတွေနဲ့ ချည်ထားတတ်တာဗျ"

"သွေးပဲပြောရမလား. . . ဗီဇပဲပြောရမလားမသိနိုင်ဘူးပေါ့ကွာ. . . အမှန်ကတော့ သားသမီးဆိုတာ ငယ်ကတည်းက အရွယ်ရောက်တဲ့အချိန်ထိ မသိလိုက်မသိဘာသာနဲ့ သူတို့အတုယူစံပြထားမိတဲ့သူဟာ အနီးဆုံးမှာရှိတဲ့ မိဘပဲကွ. . .၊ ရင်အုပ်မကွာ လက်ပွန်းတတီးနေလာခဲ့တော့ အမူအကျင့်က ကူးစက်မှန်းမသိ ကူးစက်သွားတာပါပဲ. . .၊ ငါကတော့ အဲလိုပဲမြင်တယ်၊ ဒီထက်ပိုပြီးအသေးစိတ်ကျရင်တော့ ငြင်းခုန်စရာတွေ တစ်ထွေးကြီးရှိလာတော့မှာကွ. . .၊ ဒီအတိုင်းပဲလွှတ်ထားလိုက်. . . အဲဒါ စိတ်ချမ်းသာတယ်. . ."

"နေ့လည်က ကျောချင်းကပ်တဲ့ကိစ္စကို အဘဘယ်လိုမြင်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ. . . . သူတို့ ကိစ္စလေကွာ. . . မိန်းမဆိုတာကတော့ မိန်းမပဲကွ. . . နေရာတကာမှာ ငါတို့လိုတော့ မတွက်နဲ့ပေါ့ကွာ. . . ဘဝကို မထိခိုက်နိုင်တဲ့အသေး အဖွဲလေးတွေလောက်ဆို လွှတ်သာထား လိုက်. . .၊ သူတို့စိတ်ချမ်းသာမှ ငါတို့လည်းစိတ်ချမ်းသာမှာကွ. . .၊ ဘောင်ကျော်လာရင်တော့ ထပြီးရိုက်ခွဲပစ်လိုက်ပေါ့ကွာ. . . "

ဪ. . . သူသိချင်သည်က တစ်မျိုး. . .၊ ဦးဖိုးချယ်ပြောနေသည်က `တစ်ခြားဖြစ်နေပါလား. . .၊ သူ့မျက်နှာ အိုစာသွားသည်ကို ဦးဖိုးချယ် ချက်ချင်းဖမ်းမိသွားသည်။

"မင်းသိချင်တာကို ပွင့်ပွင့်လင်းလင်းပဲ မေးလေကွာ"

"နေ့လည်က ကိစ္စလေအဘ. . . အဲဒါ အစီအရင်ကိစ္စခေါ်လား ယတြာလား"

"ကျိန်းကျေအောင် ကျိန်းချေတယ်ပဲ လွယ်လွယ်ပြောလိုက်ကွာ အဲဒါ ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ အဲဒီကိစ္စအောင်မြင်လား မအောင်မြင်လား မသိလိုက်ဘူး. . . ကျွန်တော်တို့စိတ်ထဲကလည်း စိတ်မပါဘူး. . . နောက်ပြီး အနှောင့်အယှက်၊ အရေးထဲမှာ ဖုန်းကဝင်လာပြီး နှောင့် လိုက်သေးတာလေ"

"ဘယ်ကဖုန်းလဲ"

"ကို. . . ကိုမဲကြီးဆက်တာ"

သူ မရဲတရဲဖြေသည်။ သူထင်သလို ဦးဖိုးချယ်မျက်နှာတင်း မသွား။ သက်ပြင်းချသည်။ ပြီးတော့ ဦးဖိုးချယ်ပြုံးသည်။

"စိတ်ထဲထားမနေပါနဲ့ကွာ. . . . ခေါင်းလေးပါတယ်. . . .





အဲဒါသူတို့ မိန်းမတွေကိစ္စ. . . . လွှတ်ထားလိုက် ငရဲ. . . လွှတ်ခွဲကွာ ဟား ဟား ဟား"

"ဒါဆိုလည်း မစဉ်းစားတော့ဘူး အဘရာ. . . အဘပြောသလို ပဲ လွှတ်ခွဲပစ်လိုက်ပြီးဗျာ. . . . ဟား ဟား ဟား"

ဟုတ်တော့လည်းဟုတ်သား. . .၊ ရင်ထဲက လေးလံနေသည် တို့ကို လွှတ်ချပစ်လိုက်သည်။ ချက်ချင်းပဲ ရင်ဘတ်ကြီး တစ်ခုလုံး မိုးပျံ ပူဘောင်းထဲရောက်သွား၏။ အရသာရှိလိုက်တာ. . .။

"စဉ်းစားကြည့်ရင် မင်းကတော့ပဲ ငရဲ. . .၊ ဒီအချိန်မှာ မင်းစဉ်းစားရမှာက ငွေရဖို့ ငါဘယ်လို အလုပ်လုပ်မယ်ဆိုတာ ဖြစ်ရမှာ ကွ"

"အဘကလည်း. . . . ကျွန်တော် အစ်ကို့ဆေးဆိုင်မှာ ဝင်လုပ် နေပြီလေ"

"အဲဒါကြောင့် တော့လို့ပြောတာပေါ့. . . သူများ လက်ခစား လုပ်ရတယ်လို့ တုံးချက်ကွာ. . . လွှတ်တုံးဟ"

အဘိုးကြီး သူ့ကိုအသားလွှတ်ဆော်နေပါလား. . .၊ ဟုတ်နေ တော့လည်း သူဘာမှ ပြန်ပြီးခွန်းတုံ့မဆိုနိုင်။

"ငါ့မှာ မိဘကရော ယောက္ခမကရော ထားခဲ့တဲ့အမွေအနှစ်က မနည်းဘူးကွ. . .၊ အရင်းအနှီးရှိတယ် အတတ်ပညာရှိတယ်ဆိုရင် သူများထက် တစ်ပန်းသာတယ်. . .၊ ငါက ဆေးရွက်ကြီး ကျွမ်းတယ်. . ဆေးရွက်ကြီးမှာ ဖိုးချယ်ကို ဘယ်သူမှမကျော်နိုင်ဘူး၊ မြောင်တစ်နယ်လုံး ဖိုးချယ်ရောက်တယ်၊ ဆေးမဒူးခင်တည်းက ဆေးခင်းတွေအားလုံးကြည့် ပြီး ဖိုးချယ်သိမ်းပြီးသား အုပ်ပြီးသားကွ၊ တစ်နှစ်ရှစ်ဆယ်ကိုဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျန်တယ်. . .၊ မြောင်မှာ ငါ့အောက်ကညီဖိုးလယ်တို့ မိသားစုကို အထိုင်ချထားတယ်. . . ."

ဦးဖိုးချယ်အား လျှော့တွက်မိခဲ့ခြင်းပါလား. . .၊ အဘိုးကြီးကား တကယ့် Business ကြီးပါလား. . .။ သူအံ့သြသွားသည်။ ဆက်ပြောသည့် စကားက သူ့ရင်ကို ပိုထိသည်။

"မိချယ်ဆိုငါနဲ့အတူ လိုက်နေတာ နှစ်နှစ်ရှိပြီ. . .၊ အရွယ်ရောက်ကတည်းက ဆေးရွက်ကြီးကို မျက်စိရည်ဝနေပြီ. . .၊ ဒီနှစ်ဆို သူ့ကိုပဲ လွှဲထားတာ. . . အဲဒါ မင်းနဲ့သူ့ရဲ့ဘဝအတွက်တဲ့. . . ."

သူပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ယောကျ်ားတစ်ယောက်၏ မာနနှင့်အရှက်တရားက နှလုံးအိမ်ကိုပြင်းစွာ ထိခိုက်သည်။ သူ့အပေါ်မှာထားသော ချယ်၏ ချစ်ခြင်းမေတ္တာကို သိရတော့ ကိုယ်တွင်းရှိသွေးကြောတွေ ဖျဉ်းဖျဉ်းဆူကြွသွားရသည်။

"လာမယ့်နှစ်မှာ ဆန် လက္ကားပို့ဖို့ သူစီစဉ်ပြီးပြီ. . . .၊ အဲဒါ သူကျွမ်းကျင်တဲ့အလုပ်၊ မန္တလေးက အဒေါ်တွေက ဆန်ပွဲရုံသမားတွေချည့်ပဲ၊ မိချယ်အတွက်က အေးဆေးပဲ. . .၊ အဲဒါလည်း မင်းနဲ့သူ့ရဲ့ ဘဝအတွက်ပဲတဲ့"

သူဘာပြောရမှန်းမသိတော့. . .၊ ယောက္ခမလောင်း ငြိုငြင်မည်စိုး၍ တစ်ခွက်ပဲသောက်မည်ရည်ရွယ်ထားသောဘီယာလက်ကျန်ကို မော့မိလိုက်သည်။

"ဆန်ပို့မယ့် လုပ်ငန်းကို အစက မလုပ်ခဲ့တာက သူ့သူငယ်ချင်း မေမဲကိုငဲ့လို့ကွ၊ သမုဒ္ဒရာရေဆိုပေမယ့် ငါတို့သားအဖရဲ့ စိတ်ဓါတ်က တစ်ဝက်လောက်သောက်ခွဲလိုက်ရမှာကွ. . .၊ ပြောသာပြောရတာ





မင်းပေါင်းတဲ့ မေမဲကို မိချယ်က သူငယ်ချင်းဆိုပေမယ့် ကြည့်လို့ရတာ မဟုတ်ဘူးရယ် သူ့ကိုလူပျိုစကားပြောလိုက်ကတည်းက မိချယ်က မြင်ပြင်းကပ်သွားတာပဲ. . .၊ မေမဲကတော့ မိချယ်ကို အသေကြိုက်ကွ. . မင်းမြင် ကြည့် သူကညိုညိုမဲမဲ. . . မိချယ်က ဖြူဖြူဖွေးဖွေး အံမာ. . . ဒီကောင် က မိချယ်ကို ဘယ်လိုခေါ်တယ်မှတ်လဲ. . . 'တရုတ်မလေး' တဲ့ကွ"

"ဗျာ၊ . . . အ. . . အဘ"

သူအလန့်တကြား အော်လိုက်မိသည်။

ဒါကတော့. . . လွှတ်ခွဲလို့မရသည့်ကိစ္စ. . .၊ သူ့ခေါင်းကြီး ဗြိုဟ်သားလို ခန္ဓာကိုယ်နှင့် မမျှစွာကြီးသွားပါတော့သည်။

❑



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့နံနက်ခင်းတစ်ခုလုံး သူသည်ချယ့်ဆီသို့ မသွားပါ။ ချယ်နှင့်တွေ့ရမည်ကို သူကြောက်နေသည်။ ချယ်နှင့်တွေ့လျှင် ကိုမဲနှင့်ပတ်သက်သောကိစ္စ သူမေးဖြစ်မည်။ ရင်ကိုထိခတ်သော အကြောင်းတစ်စုံတရာကို ချယ့်ထံမှ ကြားလိုက်ရမှာ သူကြောက်နေခြင်းဖြစ်သည်။ ဘာ့ကြောင့်ရယ်မသိ၊ ချယ်နှင့်သူ့ကြားတွင် ကိုမဲအား သူမသိမြင်နိုင်သော လျှို့ဝှက်ခြင်းတစ်ခုနှင့် ဖျက်မျဉ်းတစ်ကြောင်းကို ကန့်လန့်ဖြတ်မြင်ယောင်နေမိသည်။

နံနက်ဆယ်နာရီသာသာတွင် စိုက်ပျိုးရေးဆေးဆိုင် ရှေ့သို့ဂျစ်ကားတစ်စီးထိုးဆိုက်လာသည်။ ချယ်သည် ကားပေါ်မှ ဆင်းလာ၏။ ချယ့်ပုံစံက ပေါ့ပါးလန်းဆတ်နေသည်။ သူသည် ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ရင်ထဲက အပြုံးတစ်ခုနှင့် နံနက်ခင်း၏ ပန်းတစ်ပွင့်ကို ကြိုဆိုထွေးပွေ့လိုက်ပါသည်။

"ကို. . . နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် ချယ်ရဲ့. . . ဘာဖြစ်လို့လဲ"





"ကို့မျက်နှာ မလန်းဘူး. . . ဘာမှ စိတ်ထဲမထားပါနဲ့ကွာ. . . ချယ်နဲ့ကိုနဲ့ ဘာမှမဖြစ်ပါဘူး. . . ကဲ. . . ကို ချယ်နဲ့လိုက်ခဲ့. . . မင်္ဂလာကိစ္စအတွက် ချယ်နဲ့ကို ဗေဒင်ဆရာကြီးဆီ နေ့ကောင်းရက်သာ သွားရွေးရအောင်"

ဗေဒင်ဆရာကြီးရှေ့မှောက်မှာ မင်္ဂလာရက်ကို ရွေးချယ်တွက်ချက်ကြည့်တော့မှ ချယ်သည် စနေသမီးဖြစ်ကြောင်း သိလိုက်ရသည်။ ဦးဖိုးချယ်မှ 'ချယ်'နှင့် ဒေါ်စိန်ရီမှ(ရီ)ကိုပေါင်းပြီး ချယ်ရီဟု သူ့အဖေက ပေးထားခြင်းမည်ပါသတဲ့လေ. . .။ 'စနေ-ဗုဒ္ဓဟူး ရှုးအောင်ချမ်းသာဦးမယ်ကွ'ဟူသော အနာဂတ်ပျော် ဟောကိန်းတစ်ခုကို ရင်၌မျိုးစေ့စိုက်လျက် မင်္ဂလာချိန်ခါရက်ကို ချယ့်လက်ကိုင်အိတ်ထဲသို့ ထည့်ကာပြန်လာခဲ့ကြသည်။ သို့တိုင် ရေရာခြင်း၊ မရေရာခြင်းတွေက တွေးစိတ်ထင့်စွာ ယှက်လိမ်ကပ်ပါနေဆဲ. . .။ ချယ့်ကိုကြည့်လိုက်တော့လည်း ခေါင်းထဲမှာ ဘာမှမရှိတော့သည့်ဟန်. . .၊ ချယ်ပျော်နေသည်လေ. . .။

အပြန်၌ ချယ်၏ ဦးဆောင်မှုဖြင့် ဘုရားသို့ ဝင်ဖူးဖြစ်သည်။ ချစ်သူနှင့် ဘုရားသွားကျောင်းတက် ကုသိုလ်ဆက်သည်ဆိုသော စကား၏ အနှစ်သာရကို သူယခုမှ ပြည့်ပြည့်ဝဝဦးဆုံးခံစားမိသည်။ ချယ် ၏အပျော်သည် သူ့ရင်သို့ စီးမြောနေရာယူသွားသည်။ ချမ်းမြေ့ခြင်းသည် ရင်၌တည်ဖွဲ့၏။

ရင်မှာပျော်နေသည်၊ နေပူခံကျောက်ပြားတွေ ပေါ်နင်းဖြတ်နေသော ခြေထောက်တွေလည်းပျော်နေသည်။ သည်မှာပင် တဒင်္ဂသူမေ့နေမိသော အကြောင်းခြင်းရာတစ်ခုက အပျော်ပေါ်သို့ ပြေးဖြတ်ဝင်ရောက်လာ၏။ နံနက်ငှက်ကလေးများတေးသံ-သို့မဟုတ်-ဟန်းဖုန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်သံ...၊ ကြည့်လိုက်တော့... ကိုမဲကြီးထံမှ ဖြစ်နေသည်။ စကရင် ပေါ်မှာ ပေါ်နေသော ဂဏန်းလေးကိုးလုံးကို သူငေးကြောင်ကြည့်နေမိ သည်။ နှလုံးအိမ်သည် တဒိတ်ဒိတ်ခုန်လှုပ်လာ၏။ ပင့်သက်မောနှင့် ဖုန်းဖွင့်လိုက်မိသည်။

“ဟယ်လို.... ကိုမဲလား... ကျွန်တော် ရဲထက်ပါ”

“အေး... ကိုရဲ...၊ ဒီမနက် အိမ်မှာ အန္တရာယ်ကင်းဆွမ်း ကပ်လို့ဗျ...၊ ထမင်းစားခဲ့ရအောင် ခင်ဗျားကိုလှမ်းခေါ်လိုက်တာပေါ့ မနေ့က လှမ်းဖိတ်သေးတယ်...၊ ခင်ဗျား ဖုန်းမကိုင်လို့...၊ ဘယ့်နှယ့်လဲ...၊ အခုလာခဲ့မလား....၊ ကျွန်တော်လည်း မစားသေး ဘူး၊ ခင်ဗျားနဲ့မှ စားမလို့စောင့်နေတာ”

“အင်... အခု... အခု...၊ ကျွန်တော်က... ဟို... အဲ ဘုရားမှာရောက်နေတာဗျ... Sorry ကိုမဲရာ...”

ရွှေဘိုမှာ ဦးဦးဖျားဖျား ကူညီပေးခဲ့ရှာသူ မိတ်ဆွေရင်းကြီး အား ဖိတ်ကြားမှုကို ငြင်းပယ်ဖို့ စကားက စဉ်ရခက်နေဆဲ...၊ ချယ်က သူ့လက်ထဲမှ ဟန်းဖုန်းကို လက်ဆန့်တောင်းသည်။ သူ ကမ်းလိုက်၏။

“ငမဲလား... ငါပါဟ... ချယ်ရီလေဟာ”

“အား... တရုတ်မ... ငါ ကိုရဲကို ထမင်းကျွေးဖိတ်နေတာ ဟ”

“အေး.. အခုလာခဲ့မယ်လေဟာ... ကိုရဲနဲ့အတူ ငါပါလိုက်ခဲ့ မယ်....၊ ကိုရဲလက်ကိုတွဲပြီး နင့်အိမ်ကို ငါဝင်လာမှာနော်... နင် မျက်ရည်မကျရဘူး သိလား... ဖိတ်စာတော့ ငါနောက်မှပို့မယ်.. ငမဲ”

“ငါပဲမျက်ရည်ကျမလား... နင်ပဲမျက်ရည်ကျမလား...





နင်လိုက်လာရင်အတော်ပဲ.. ငါလည်း နင်မင်္ဂလာဖိတ်စာမပို့ခင် နင့်ကို စာတစ်စောင်ပေးခဲ့မလို့ဟ... နင် တရုတ်လိုဆဲတာလေးကြားချင်လို့ ဟား ဟား ဟား”

စပီကာ ဖွင့်ထားတော့ အားလုံးကြားနေရသည်။ ပက်ထရီ့ရော့ ဒုံးကျည်တစ်စင်း သူ့ငယ်ထိပ်တည့်တည့်ကို ထိမှန်ပြီးထင်၏။ သူ့ တစ်ကိုယ်လုံး လေထဲသို့ ကိုရိုးကားရား လွင့်ထွက်သွားသည့်နှယ်...၊ ထိတ်ပျာခြင်းသည် ချွန်းလွှတ်ဆင်လို ဦးဆောင်သွားသည်။

“မသွားဘူး... မသွားချင်ဘူး။ ချယ့်ကို သူပေးမယ့်စာ ကို သိတယ်။ ကိုတို့အဲဒီကိုသွားရင် အဲဒီစာကို ရင်ဆိုင်ရတော့မယ်... ချယ်နဲ့ကို မသွားပဲနေကြရအောင် ချယ်”

သူ့ပုံစံကိုကြည့်ကာ ချယ် မျက်ခုံးကလေး ကျုံ့သွားသည်။ နောက်... အတွေးတစ်ခု ခေါင်းထဲရောက်သွားပုံနှင့် ချယ့်မျက်နှာလေး လင်းသွားသည်။ ပခုံးနှစ်ဘက်ကို အပေါ်ကျုံ့တက်ပြလိုက်ရင်း ချယ့်နှုတ် ခမ်းလေးပြုံးသွား၏။

“ဘာလဲဆရာကြီးရဲ့... သဝန်တိုတာပေါ့လေ...၊ ငမဲက ချယ့်ကို တစ်ပိုင်းသေအောင်ကြိုက်တာ... ချယ်ကတော့ ဒီကောင့်ကို ကြည့်လို့ကို မရတာ၊ အဲ့ဒါကြောင့် ကိုလက်ကိုတွဲပြီး သူ့အိမ်ကိုဝင်မလို့၊ ငမဲကို နိုင်တုန်းဖိထောင်းမလို့၊ တကယ်ဆို ချယ်က သူ့ကို စကားကို ပြောချင်တာမဟုတ်ဘူး”

သူနှင့်မလွဲတော့ဘူးဆိုပြီး ချယ်ပျော်နေသည်၊ အူပွနေပုံရသည်။ အရှင်လျှင် ငိုရတတ်သည်တဲ့၊ ပြုံးထေ့ထေ့ပျော်နေသောချယ့်ကိုကြည့်ရင်း ရင်၌ တစတစလေးလဲလာကာမွန်းကြပ်လာသည်။ ယောင်မှားဘပင်



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ခြေတစ်လှမ်းဆုတ်မိလိုက်၏။

"တစ်ခုခုတော့မှားနေပြီ. . .၊ ကိုရယ် ချယ်ရယ် ကိုမဲရယ်. . . ကိုတို့သုံးယောက်ကြားမှာ တစ်ခုခုတော့မှားနေပြီဆိုတာ ကို ခံစားနေရတယ်ချယ်"

ချယ့်မျက်ခုံးလေးတွန့်ကွေးသွားသည်။ စူးစမ်းကြည့် ကြည့်သည်။

"ကိုပြောတာ ချယ်နားမလည်ဘူး. . . ဘာအဓိပ္ပာယ်လဲ ကို"

"ကိုလည်းဘယ်လိုပြောရမယ်မှန်းမသိဘူး ချယ်. . .၊ စိတ်ထဲမှာလည်းမရှင်းဘူး၊ နောက်နေတယ်. . . ကိုတို့သုံးယောက်မှာ တစ်ယောက်ကမသိဘဲ နှစ်ယောက်ကသိတဲ့ လျှို့ဝှက်ချက်တစ်ခု၊ နှစ်ယောက်က မသိဘဲ တစ်ယောက်ကသိတဲ့ လျှို့ဝှက်ချက်တစ်ခု မရိုးသားမှုတစ်ခုရှိနေတယ်လို့ ကိုခံစားနေရတယ် ချယ်"

မရေလည်သော သူ့စကား၏အဓိပ္ပါယ်ကို ချယ်ဘာသာပြန်လွဲသွားသည်။ ချယ့်ကိုယ်လေးဆတ်ကနဲဖြစ်သွားသည်။ ချယ့် မျက်နှာထက်မှာ ဒေါသရိပ်တို့ နီစွေးသွားသည်။

"ဘာလျှို့ဝှက်ချက်လဲ. . .၊ ချယ်နဲ့မေမဲက ကိုမသိတဲ့ ဖုံးကွယ်မှုရှိတယ်လို့ ကိုစွပ်စွဲတာလား၊ ချယ့်ကို အဲလိုထင်တဲ့ကို့ကို ချယ် အံ့သြတယ်ကွာ၊ ချယ့်ဘဝမှာ ကိုကလွဲပြီး ဘယ်ယောကျ်ားလေးမှ မရှိခဲ့ဘူး အရှုပ်အရှင်းလုံးဝမရှိဘူး၊ ကို. . . ကြိုက်တဲ့ လူရှေ့ရှင်းလို့ရတယ်"

စာမရီသားကောင်တို့သည် သူတို့၏သားမွေးတစ်ဆံတစ်မျှင်မျှကိုသော်မှ မကျွတ်ရစေရန် အထိပါးမခံ စောင့်ထိန်းတတ်ကြသည်။ သူ့အပေါ်ထားရှိသော ချယ်၏ မေတ္တာတရားသည်လည်း ဤနှယ် မြင်သိ





ခံစားလိုက်ရပြီ။ ရင်မှာလှိုက်ခုန်စွာဖြင့် သူသည်ချယ်၏ လက်မောင်းနှစ်ခုအား အုပ်ကိုင်မိလိုက်သည်။

"Sorry ချယ်. . . ကို ပြောတာအဲလိုမဟုတ်ဘူး. . . ကိုနဲ့ ချယ် နှစ်ဦးစလုံးမသိလိုက်တဲ့ လျှို့ဝှက်ချက်တစ်ခုကို ကိုမဲ မရိုးမသားစွာ ဖန်တီးလိုက်ပြီလို့ ကိုခံစားလိုက်ရလို့ပါ ချယ်"

ချယ်သည် သူ့မျက်နှာကို စူးစမ်းကြည့်နှင့် ကြည့်ကာ ဆိုသည်။

"ဘာလဲ. . . ခုနက ဖုန်းထဲမှာ မေမဲပြောတဲ့ စာပေးမယ်ဆိုတဲ့ ကိစ္စကို ပြောတာလား"

"ဟုတ်တယ်ချယ် အဲဒါကို ကိုယ် ရင်မဆိုင်ရဲတာပဲ"

"ဒါများ ကိုရာ သူပေးလည်း ချယ် လက်ခံမှဖြစ်တဲ့ကိစ္စ အဲဒီစာပေးတဲ့ကိစ္စက မေမဲနဲ့ချယ် သဘောတူထားတဲ့ ကတိရှိခဲ့ကြပြီးသား. . . မဖြစ်နိုင်တဲ့ ကတိလေ ဟင်း ဟင်း"

လာပြန်ပြီလား သည်ကတိ. . .၊ မဖြစ်နိုင်တဲ့ကတိဟုဆိုသော်ငြား ချယ့် ကတိစကားတွေနှင့် ခံခဲ့ရပေါင်းများခဲ့သူအဖို့ ရင်ထဲမှ မီးသတ်ကားက ဝိုင်ယာလက်သံရှည်ကြီးဆွဲကာ အာရုံထဲမှာ မောင်းချလာနေပြီ။

"ဘယ်လို မဖြစ်နိုင်တဲ့ကတိလဲ ချယ်"

"ဩော်. . . . မေမဲက ချယ့်ကို ရည်းစားစကားလည်းပြောတယ် လက်ထပ်ပါရစေဆိုပြီး စာလည်းပေးတယ်. . . ချယ် အမြင်ကပ်ကပ်နဲ့ Lesson ပေးပစ်လိုက်တယ်. . . မဖြစ်နိုင်တဲ့ စကားပေါ့. . .၊ နင် ငါ့ကို ပေးမယ့်ရည်းစားစာကို ငါတို့အိမ်ထောင်စုထဲက အိမ်သားတစ်ယောက်ယောက်က ရေးပေးတယ်ဆိုရင် နင့်ကို ငါယူမယ် မေမဲလို့. . . ."



www.burmeseclassic.com

www.burmeseclassic.com



"အား"

အဲဒါ. . အထိတ်အလန့် အော်မိလိုက်တဲ့ ရဲထက်ရဲ့အသံပါ. .၊ မျက်လုံးကြီးပြူး. . . ပါးစပ်အဟောင်းသားနဲ့. . . တောင့်တောင့်ကြီးဖြစ်သွား. . . နှလုံးသားဟာ ကြက်ပေါင်ကြိုးချည်ထားတဲ့ကြားက ရာဘာဘောလုံးတစ်လုံးလိုလွင့်ကန်ထွက်. . .၊ ဟင်းလင်းပြင်ဘက်ထိ. . .၊

***

"ကို"

"ကို"

"ကို"

ချယ်က အသံနှင့်ရော လက်နှင့်ပါ ပုတ်နှိုးလိုက်သည်။ သူမှင်သက်ငေးကြောင်ရာမှ လွန့်နိုးသွား၏။

"ကို. . ကိုဘာဖြစ်သွားတာလဲ. . နေရောကောင်းရဲ့ လားဟင်"

"ကောင်း. . . ကောင်းပါတယ် ချယ်. . . ကိုတို့အိမ်ကိုပြန်ကြရအောင်နော်"

"ပြန်လို့မရသေးဘူးလေ. . . ငမဲအိမ်ကို ထမင်းစားလာခဲ့မယ်လို့ ပြောထားပြီးပြီလေ"

"မသွားနဲ့. . . မသွားပါနဲ့ ချယ်. . . ကိုတို့နှစ်ယောက် အဲဒီကိုသွားရင် အခြေအနေက တစ်မျိုးဖြစ်သွားနိုင်တယ်. . . ချယ့် စိတ်ကိုသိတယ်. . . . ချယ်နဲ့ကို ဝေးသွားလိမ့်မယ် ချယ်"

သူ့စကားကို သဘောကျစွာ ချယ် ဟက်ကနဲရယ်သည်။





"အဓိပ္ပါယ်မရှိ. . . လာပါကိုရာ. . . ချယ်သိပါတယ်. . . ကိုက ချယ်နဲ့အတူတွဲသွားရမှာ ငမဲကိုအားနာလို့ငြင်းနေတာ မဟုတ်လား"

"မဟုတ်ဘူး. . . ကို ရှင်းပြမယ် ချယ်"

"ရှင်းပြမနေနဲ့. . . ကို ဘာတွေပြောမယ်ဆိုတာ ချယ်သိပြီးသား ကဲ. . . သွားကြစို့"

"ချယ်. . . ကို ရှင်းပြမယ်ဆိုတာ နားထောင်ဦးလေ"

သူ့အသံ နည်းနည်းလေးမာသွားသည်။ ချယ့် မျက်နှာလေး ချက်ချင်းတင်းသွားသည်။

"ဘာမှရှင်းပြမနေနဲ့. . .၊ ချယ့်စိတ်ကို ကို သိတယ်နော်. . . ချယ်ကတော့ သွားမယ်လို့ပြောထားရင်သွားမှာပဲ. . . ချယ် လုပ်ချင်တာတစ်ခု ချယ် လုပ်မယ်ဆိုတဲ့ကိစ္စတစ်ခုကို လုပ်ပစ်လိုက်ရမှ ရင်ထဲမှာရှင်းတယ်. . . ကို ရှင်းပြချင်ရင်အပြန်မှရှင်း. . . ဒါ့ထက် ရှေ့ဆက်ရင် ချယ့် အဆိုးမဆိုနဲ့"

သူသည် ချယ့်စိတ်ကို လန့်သွားသည်။ သည်တစ်ခါလန့်သော အလန့်မှာ တစ်မျိုးဖြစ်သည်။ ခါတိုင်းလန့်သော အလန့်သည် ချစ်၍လန့်သော အလန့်ဖြစ်၍ ယခုအလန့်မှာ ကြောက်၍လန့်သော အလန့်ခါးဖြစ်၏။ သူသည် ချယ့်ကို တွေတွေကြီးကြည့်နေလေသည်။ အကြည့်၏အောက်မှာ ပြုံးထေ့ထေ့နှုတ်ခမ်းအစုံနှင့် တည်မိသောချစ်ခြင်းအားသရော်ပစ်လိုက်၏။ ငုပ်လျှိုးနေသော ယောကျ်ားတစ်ယောက်၏ မာနကိုသည်လောက်နှင့် အချိန်မီချိုးနှိမ်မိလိုက်သည်။ သူသည် စိတ်ကိုအတတ်နိုင်ဆုံး လျှော့ချပစ်လိုက်၏။ ချယ့်ကိုတည်ငြိမ်စွာ ရင်ဆိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ရှင်းပြမယ်ဆိုတော့လည်း ချယ် လက်မခံဘူးနော်. . . ကိုက မသွားဖို့အတန်တန်တားပေမယ့်လည်း ချယ့်စိတ်က ခေါင်းမာနေဦးမှာ ပဲမဟုတ်လား. . . ကဲ. . . ကိုတို့သွားကြရအောင်ချယ်"

ချယ်သည် သူ့လက်တွေကိုတင်းတင်းဆုပ်ကိုင်လိုက်၏။

" Sorry ကို. . . ချယ့်အပေါ် အလိုလိုက်တဲ့အတွက် ကို့ကို ကျေးဇူးတင်ပါတယ်"

သူနှင့်ချယ်သည် ကိုမဲ အိမ်သို့ထွက်လာခဲ့ကြ၏။ အနာလည်းသိ ဆေးလည်းရှိပါလျက် ချယ်သည် ဆေးကိုအဝေးသို့လွှင့်ပစ်လိုက်ပြီထင်၏။ ဆေးမမှီနိုင်တော့မည့်အခြေအနေကို မကြုံတွေ့ပါစေနှင့်ဟု ဆုတောင်းရုံမှတပါး ဘာများတတ်နိုင်တော့ပါမည်နည်း။

ယခုအချိန်တွင် ချယ့်ခန္ဓာကိုယ်သွေးကြောအနှံ့မှာ စီးမြောနေသော ကတိများအားလုံးအား တစ်မှုန်တစ်စစီမျှ မကျန်အောင် ဆွဲထုတ်ပစ်နိုင်မည့်ဖန်ဆင်းရှင်တစ်ဦးကိုသာ နစ်ရာဘဝမှ မှီတွယ်ရာ မြက်ပင်တစ်စလို ရှူးကြောင်ကြောင်တမ်းတမိလိုက်ပါတော့သည်။ ဘာတွေဖြစ်လာ တော့မည်မသိ။ ချယ်ကတော့. . ကားကို ကိုမဲရဲ့အိမ်ရှေ့မှာ ထိုးရပ်ပစ်လိုက်ပြီလေ. . .။

***

သူတို့ရောက်သည့်အချိန်မှာ ဧည့်သည်တွေမရှိကြတော့။ သူရယ် ချယ်ရယ် ကိုမဲရယ် သုံးဦးသား ထမင်းစားဖြစ်သည်။ ချယ်သည်





ကိုမဲရှေ့မှာ သူ့ထမင်းပန်းကန်ထဲသို့ အသဲအမြစ်ထည့်ပေးသည်။ ချယ့် ပုံစံသည် နံနက်တုန်းကလို လန်းနေသည်။ သူကတော့ ဘယ်အချိန်မှာ ထပေါက်ကွဲလိမ့်မည်မသိသော ဗုံးကြီးတစ်လုံးအား မျက်စိထဲမှာ မြင်ယောင်နေမိ၏။ သူ့ဆုတောင်းလည်း မပြည့်ခဲ့ပါ။ စနက်တန်ကို စတင်မီးရှို့သူမှာ အခြားသူမဟုတ်. . .၊ ချစ်ရပါသော. . မရွှေချယ်. .။

စားပြီးတော့ ချယ်က လက်ကိုင်အိတ်ထဲမှ စာရွက်ခေါက်လေးအားထုတ်ယူကာ ကိုမဲကိုပြသည်။

"ငမဲ. . ဒါ ငါနဲ့ကိုရဲ့ မင်္ဂလာရက်ပဲ. . .၊ ဖိတ်စာတော့နောက်မှပို့မယ်. . .၊ ရေနံချေး တစ်ပုံးလည်းပို့ပေးမယ်၊ နင်ဆွေးရင်သုတ်ဖို့. . .၊ အဲ. . . နေပါဦး. .၊ နင် ငါ့ကိုပေးမယ့်စာက ဘယ်မှာလဲ ငါနဲ့ ကိုအတူဖတ်ပြီး ဟာသလုပ်ရအောင်လို့"

သူသည် ကိုမဲအား အားကိုးတကြီးနှင့်အထိတ်တလန့်ကြည့်လိုက်မိ၏။ သူ့ရင်တွေဘယ်လောက်ခုန်လှုပ်နေမယ်ဆိုတာ ကိုယ့်ဆရာလည်း စဉ်းစားမိမှာပါ. . . .။ ဖြစ်ချင်တော့ ကိုမဲကသူ့ကို ကြည့်မနေတော့ လွှဲချက်ဗျာနော်. . .။ ကိုမဲက ပြုံးပြုံးကြီးပဲ သူ့ခါးကြားက စာရင်းစာအုပ်လေးကိုထုတ်လိုက်ပြီ နောက်ဆုံးစာရွက်လေး ချယ့်ကို ပြလိုက်သည်။

"နင့်ကိုပေးတာမဟုတ်ဘူးနော် တရုတ်မ. . . အဲဒါပြတာ. . ကြည့်. . . ဒါ. . . နင်တို့အိမ်ထောင်စုထဲက အိမ်သားတစ်ယောက်က ငါ့ကို ရေးပေးထားတာ. . .၊ ဖတ်ကြည့်ပြီးရင် နင်ငါ့ကို တရုတ်လို တစ်ခွန်းပဲဆဲလိုက်. . . ငါ ဒါပဲကြားချင်တာ"

"ကိုမဲ"



www.burmeseclassic.com

www.burmeseclassic.com



သူအထိတ်တလန့် အော်လိုက်သော်လည်း နောက်ကျသွားပြီ။ အရပ်ရှစ်ခွင် မိုးကြိုးသွားအားလုံးသူ့ရင်ကို တပြိုင်တည်းစူးဝင် ပစ်ချလိုက်သည့်အလား...၊ သူ့အော်သံသည် ဟိရိုရှီးမားမြို့ကြီးပေါ်မှ အဏုမြူဗုံးကျ မှိုပွင့်သဏ္ဍာန်မီးခိုးလုံးကြီးအဖြစ် ပြောင်းလဲသွားပြီး။ ဘာမှ မတတ်နိုင်တော့ပါ...။

***

တရုတ်မလေးရေ...
ကိုမဲကြီးဟာ မျောက်ဖြစ်တယ်...
တိရစ္ဆာန်ရုံထဲမှာ ရှဥ့်ရယ် မျောက်ရယ် ကိုမဲကြီးရယ်
ဘယ်သူ့ကိုချစ်လဲ... တရုတ်မလေးဖြေပါ...။
အချစ်များစွာဖြင့်...
ကိုမဲကြီး...

စာရွက်ကလေး ဖတ်နေသော ချယ့်လက်တွေတဆတ်ဆတ်တုန်နေသည်။ အဂ္ဂိရတ်ဖားဖိုကြီးတစ်ခုလို ချယ့်ရင်ကိုမြင်နေရသည်။ ပါးစပ်အဟောင်းသား...၊ မျက်လုံးတွေက ဝိုင်းစက်ပြူးကျယ်လျက်....၊

ကိုမဲ၏ စာအုပ်လေး ချယ့်လက်ထဲမှ ပြုတ်ကျသွားသည်။ နောက်... ချယ်သည် အံကိုကြိတ် ရင်စီးခံသည့်နှယ်...၊ တဒင်္ဂ၌ ချယ့် စိတ်သည်ဆောက်တည်ရာမဲ့သွားသည်။ နှလုံးသွေးတို့ဆူကြွကာ လှိုက်ဖိုငေးကြောင်သွားသည့် ချယ့်အား သူသည်နင့်သက်စွာကြည့်နေမိ





လေသည်။ ချယ့်ကိုကြည့်ကာ ကိုမဲကြီးလန့်သွားသည်။

"မိ.. မိချယ်... တ... တရုတ်မ...၊ငါ... အဲလိုဖြစ်ဖို့ ရည်ရွယ်တာ မဟုတ်ဘူး...၊ နင့်ကို စ,တာပါဟာ နော်တရုတ်မ"

အံကြိတ်ထားသော ချယ့်နှုတ်ခမ်းတွေ ပိုတင်းသွားသည်။ ဒေါသသွေးရိပ်တွေက ချယ့်မျက်နှာထက်မှာ ပန်းရဲရောင်လိမ်းကျံလျက် ဖုံး... ဖွင့်မှတ်မထားသောကိစ္စက ချယ့်ရင်ကို ခံပြင်းစွာ ရိုက်ပုတ်နေပြီ။ ချယ့်မျက်ဝန်းတွေမှာ မျက်ရည်ပူတွေ ရစ်ဖွဲ့ဖိတ်တက်လျှံကျလာ၏။ ဖြစ်ပျက်မှုကို မယုံနိုင်စွာ ဦးခေါင်းကို တွင်တွင်ရမ်းခါသည်။

"မဟုတ်ဘူး... မဟုတ်ဘူး.. ငါဘာမှမတတ်နိုင်တော့ဘူး အဲလိုမဖြစ်ရဘူး... အဲလိုမဖြစ်ရဘူး... ဘာလို့အဲလိုဖြစ်သွားရတာလဲ ဒါ... ဒါဟာ... မဖြစ်နိုင်တဲ့ဟာကြီးလေ..."

ချယ် ကယောင်ကတမ်းညည်းသည်။ ချယ်၏ တဇွတ်ထိုးဉာဉ်အား သူအသိဆုံးဖြစ်သည်။ ချယ့်ခေါင်းသည် သူ့အမြင်မှာကျောက်တုံးကြီးဖြစ်သွားသည်။ သည်လောက်မာကျောသော ဦးခေါင်းမှာ စိုက်ဝင်နေသော ကတိမြားတစ်ချောင်းကို ဘယ်သူဘယ်လိုများဆွဲနှုတ်နိုင်ပါမည်နည်း။

ချယ်သည် အသက်ကို ကြိုးစားကာပုံမှန်ပြန်ရှူနေသည်။ နောက်... ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်ဟန်နှင့်...၊ ချယ့်မျက်နှာ အရောင်ပြောင်းသွားသည်။ ပေါင်ချင်းတျန်း၏ ခိုင်ဖုံးစားစက်ကို ဆွဲအဖွင့်၌ စားသွားအောက်တည့်တည့်မှာ ရောက်သွားသော သူ့နှလုံးသားကို ပြေးမြင်လိုက်မိသည်။ ချယ်သည် လက်ကိုင်အိတ်ထဲမှ မင်္ဂလာအခါရက်ရွေးခဲ့သော စာရွက်ကလေးကို ထုတ်ယူလိုက်သည်။ သူ့မျက်စေ့



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာပင် ချယ်လက်ချောင်းတွေက မင်္ဂလာအခါပေးစာရွက်လေးကို တစ်စစီ တစ်ဖဲ့စီဆုတ်ဖြဲပစ်သည်။ ချယ့်ကို မဟန့်တားမိ။ သူတွေတွေကြီးကြည့်နေမိသည်။ ကျေနပ်သလိုလုပ်ပါချယ်. . . .။

"တ. . . တရုတ်မ. . .၊ ဒါ. . နင်ဘာလုပ်တာလဲ. . . ကိုရဲ့နဲ့ မင်္ဂလာကိစ္စ နင်ဒီလိုမလုပ်ကောင်းဘူးလေ. ."

ချယ်သည် ကိုမဲကို မျက်လုံးစိမ်းများနှင့် အေးစက်စွာတုံ့ပြန်သည်။

"ပြီးဆုံးသွားပြီလေ. . .၊ ရဲထက်နဲ့ ငါ့ရဲ့မင်္ဂလာကိစ္စကို ငါ့ဘက်က ဖျက်ပစ်လိုက်ပြီ မဲ. . .၊ နင့်ကိုလည်း ငါပြောမယ်. . .၊ ကမ္ဘာပေါ်မှာ ငါအမုန်းဆုံး အနာကျည်းဆုံးလူဟာ နင်ပဲ မဲ. . .၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့ ငါပေးထားတဲ့ကတိကို ငါနှလုံးသားတစ်ခုလုံးနင်းချေပြီး စောင့်ထိန်းလိုက်မယ်. . .၊ နင် ငါ့ကို အချိန်မရွေးလက်ထပ်နိုင်သွားပြီ မဲ၊ ငါကတော့ နင့်ကို သတ်ပစ်ချင်အောင်မုန်းတယ်"

နာနာကျည်းကျည်း ပြောရင်းနှင့် ချယ် အသံတွေ တုန်ယင်ကွဲအက်လာသည်။ မချိတင်ကဲစိတ်ကို မချုပ်တည်းနိုင်တော့။ မျက်လုံးစိမ်းတွေမှ မျက်ရည်တွေပြိုဆင်းလာသည်။ သိမ့်သိမ့်ရှိုက်ငိုရင်းနှင့် ထိုင်ရာမှ ထကာ ကားရှိရာသို့ ပြေးထွက်သွားလေတော့သည်။ ကားကို စက်နှိုးနေသော ချယ့်ကို သူငေးကြည့်နေမိပါသည်။ ကိုမဲက သူ့လက်ကို ဆွဲကိုင်လှုပ်ခါရင်း ပြောသည်။

"ခင်ဗျား လိုက်သွားလေ ကိုရဲ. . . မိချယ်ကို လိုက်ချော့လိုက်လေဗျာ. . . ဟာဗျာ. . . ဘာတွေလဲဗျာ. . လိုက်ခွဲပစ်လိုက်စမ်းပါ ကိုရဲရ"





"မလိုက်ခဲ့ပါရစေနဲ့တော့ဗျာ. . . သူပြောသလိုပဲ ဇာတ်လမ်းက ပြီးသွားပြီဗျ. . . သူ့စိတ်ကို ကျွန်တော်သိတယ် ကိုမဲ"

ကိုမဲ ခေါင်းကို တွင်တွင်ရမ်းခါသည်။

"မိုက်ချက်ကွာ မဲရာ. . . မိုက်ချက်. . .၊ ကျွန်တော် မိုက်တာ ကျွန်တော့်ပရောဂကြောင့် ဒီလိုဖြစ်သွားတာ. . .၊ ကျွန်တော့်ကြောင့် ကျွန်တော့်ကြောင့်ပါ ကိုရဲရာ"

ကိုမဲ အသံတွေတုန်ယင်လာသည်။ ကြည့်လိုက်မိတော့ သူလန့်သွားသည်။ ညိုညိုမောင်းမောင်း ယောက်ျားဘသားကြီး၏ မျက်ဝန်းတွေမှာ မျက်ရည်စတွေနှင့်ပါလား. . .။

"ခင်ဗျားကြောင့်ရယ်လည်း မဟုတ်ပါဘူးဗျာ. . .၊ အဓိက တရားခံက ကတိတစ်ခုကို သေလောက်အောင်စောင့်ထိန်းမယ်ဆိုတဲ့ အရိုးစွဲနေတဲ့ ရူးကြောင်ကြောင် ဗီဇစရိုက်ကြောင့်ပါ. . .၊ ကျွန်တော် နားလည်ပါတယ်. . . သူမှန်ပါတယ် ကိုမဲ. . ."

ကိုမဲ သက်ပြင်းချသည်။ သူသည် ငူငူကြီးနှင့် ငေါင်နေဆဲ. . .၊ သူ့ကို မျက်မှောင်ကျုံ့ကြည့်လျက် ကိုမဲမေးသည်။

"ကျွဲမြီးတော့မတိုနဲ့. . . တစ်ခု မေးခွဲမယ်. . .၊ ခင်ဗျား. . . မိချယ်ကို ဘယ်လောက်ထိ ချစ်လဲ. . .?"

ပထမ. . . သူကြောင်သွားသည်၊ မဖြေ. . .၊ နောက်. . . . ကောင်းကင်ကို မော့ကြည့်လိုက်သည်၊ 'ဟက်'ကနဲ သွေ့သွေ့ခြောက်ခြောက် ရယ်ချပစ်လိုက်သည်။ ချစ်ခြင်းသည် ခေါင်းမော့ထားလျက် အမုန်းကို သရော်သော ရယ်သံဖြင့် မိုးနတ်မင်းကို တိုင်တည်၏။

"မပြောတတ်ဘူး. . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လေ. . . ချယ့်ကို ပြောမပြတတ်အောင်. . . .
ချစ်တာပါ. . . ကိုမဲရာ. . . "

***

"တကယ်ဗျာ. . . . . . အံ့သြချက်ဗျာ. . . မိချယ်တော်တော် ကြောင်တာပဲ. . . . တွေးကြည့်ပါ. . . ဘယ်မိန်းခလေးကများ ဒီလိုမျိုး လုပ်မလဲဗျာ. . .၊ အဓိကက ကျွန်တော့်အပြစ်ဗျာနော. . .၊ ကျွန်တော့် ကိုခွင့်လွှတ်ဖို့တော့ မပြောရဲတော့ပါဘူးဗျာ. . .၊ ဒါပေမယ့် ဒီကိစ္စကို ဒီအတိုင်းကြီး လွှတ်ထားလိုက်ရင် လောကကြီးမှာ မိချယ်ဟာ သူ့ကတိ တွေနဲ့ သူလုပ်ချင်ရာလုပ်လို့ရတယ်ဆိုတဲ့မာနကြီးစွဲသွားတော့မယ် ကိုရဲ. . . . အခုခင်ဗျားနဲ့ကျွန်တော် မိချယ်အိမ်ကို လိုက်သွားမယ်. . . . သူ့ရဲ့ကတိဆိုတဲ့ ရှုးကြောင်ကြောင်အစွဲကို ရိုက်ချိုးခွဲပစ်မယ်. . . ကျွန်တော့်ကို ကျွန်တော်အပြစ်ပေးမယ်. . . သွားကြရအောင်ဗျာ"

"ကျွန်တော်လည်း ချယ့်ကိုပြောစရာစကားတစ်ခွန်း ကျန်တယ်၊ ကျွန်တော် မနက်ဖြန်ရန်ကုန်ပြန်မယ်. . .၊ ချယ်နဲ့မခွဲခင်မှာ ချယ့်ကို စကားတစ်ခွန်းပြောခဲ့မယ်၊ သစ္စာစကားပါ၊ ချယ့် ရင်မှာစိုက်ဝင်နေတဲ့ ကတိမြားတွေကို ကျွန်တော့်ရဲ့သစ္စာမြားနဲ့ ဖောက်ထုတ်ပစ်မယ်၊ ချယ့် ကတိမြားကို ချေဖျက်နိုင်တဲ့မြားဟာ သစ္စာမြားပဲရှိတယ်ကိုမဲ"

နှစ်ဦးသား ချယ် ရှိရာသို့ ထွက်လာခဲ့ကြသည်။

သူ့အတွက် ကတိမြားတစ်ချောင်းကို ကိုင်ကာ အသင့်စောင့် နေရှာမည့် ဦးဖိုးချယ်ကိုတော့ ရဲထက် မစဉ်းစားမိခဲ့ပါ. . .။





ကတိဆိုတာ
ချွန်မြတဲ့ အသွားတစ်ဘက်ရှိတဲ့
မြားတစ်စင်းပါ. . .၊
သစ္စာဆိုတာ
ချွန်မြတဲ့ အသွားနှစ်ဘက်ရှိတဲ့
မြားတစ်စင်းပေါ့. . . .၊
သစ္စာမြားဆိုတာ
ကိုယ့်နှလုံးအိမ်ကို စူးစူးနစ်နစ်ခိုင်ခိုင်တည်တည်
စိုက်ဝင်စေပြီးမှ
ချစ်သူရဲ့ နှလုံးအိမ်ကို
ပစ်လွှတ်ထိုးစိုက်လို့ရတဲ့အရာမျိုးပါ ချယ်. . .။

ရဲထက်



www.burmeseclassic.com

www.burmeseclassic.com



ချယ့် အိမ်ကိုရောက်တော့ သူဦးဆုံးရင်ဆိုင်ရသူမှာ ဦးဖိုးချယ် ဖြစ်သည်။ သူ့ကိုမြင်သည်နှင့် ဦးဖိုးချယ်အပြေးလှမ်းလာသည်။ သူ့ကို သိုင်းဖက်ထားရင်း ဦးဖိုးချယ်က သူ့ကျောကို တဘုတ်ဘုတ်ရိုက်ကာ မချိတင်ကဲဆိုရှာသည်။

"သား. . . ငရဲ ဘဲရိုး ဆောရီး ဘောကြီး. . . ဘောကြီးပဲ. . . အဘစိတ်မကောင်းဘူး ငရဲ. . .၊ ဘာမှမတတ်နိုင်အောင်ဖြစ်သွားခဲ့ပြီကွာ. . .၊ အဘ ပံရောဂလည်းမကင်းခဲ့ဘူး. . .၊ အဘသာ မင်း ရောက်ရောက်ချင်းနေ့က အိမ်ထောင်စုဇယားထဲ မင်းကို မပြောင်း ထည့်ခိုင်းခဲ့ရင် မင်းနဲ့မိချယ်လေး ဒီလိုဖြစ်ကြမှာမဟုတ်ဘူး၊ အခုတော့ မင်းကို ကူညီတယ်ဆိုတဲ့ ငမဲက ဖွတ်ကွ. . .၊ ဖွတ်ထွက်တော့ တောင်ပို့ မှန်း သိပြီမဟုတ်လား ငရဲ"

"အဘနေရာက စဉ်းစားပြီး ငါ့သားခွင့်လွှတ်ပေးပါ. . .၊ ငါ့မှာ ဒီသမီးလေးပဲရှိတာ. . . သူယောကျ်ားယူလို့ဆိုပြီး သူ့အိမ်ထောင်နောက်





ကို ငါမထည့်နိုင်ဘူးကွ. . .၊ ဒါ့ကြောင့် မင်းကို ရွှေဘိုရောက်ရောက်ချင်း ပဲ ငါတို့အိမ်ထောင်စုထဲပြောင်းထည့်ခိုင်းခဲ့တာပဲ. . .၊"

ဦးဖိုးချယ်သည် ကိုမဲကို အကြည့်စူးစူးနှင့်ကြည့်ကာ လက်ညှိုး ထိုးလျက်ပြောသည်။

"ငမဲ. . . မင်း ယုတ်မာတယ်. . .၊ ငရဲရဲ့ ရိုးသားမှုကို အခွင့် ကောင်းယူပြီး ယုတ်မာလိုက်တာပဲ. . .၊ မိချယ်လေးနဲ့သာ ဆက်ရန် ဇာတ်လမ်းမရှိဘူးဆိုရင် ခုချိန်မှာ မင်းအတွက် မနက်ဖြန်မှာ သစ်ရမယ့် ခေါင်းဟာ ဖိုးချယ်ရဲ့ ခြေထောက်အောက်မှာ ရောက်နေပြီဆိုတာ မင်းယုံလား. . ."

"ယုံပါတယ် ဦးဖိုးချယ်. . . တရုတ်မနဲ့ ကျုပ်နဲ့ ရှေ့ဆက်ဖို့ဇာတ် လမ်းလည်းမရှိပါဘူး. . .၊ ကျုပ်က သူတရုတ်လိုဆဲတာလေးနားထောင် ချင်တာ တစ်ခုပဲ ရည်ရွယ်ခဲ့တာပါ. . .၊ ဒါကိုမှ ကျုပ်ကို ယုတ်မာတယ် မှားတယ်လို့ယူဆရင် ဦးဖိုးချယ် ကျုပ်ကို သတ်ခွဲပစ်လိုက်ဗျာ"

ပြောအပြီးမှာ ကိုမဲကြီးက ဦးဖိုးချယ်ရှေ့မှာ ဒူးထောက်လိုက် သည်။ ဦးဖိုးချယ်သည် မျက်လုံးကြီးပြူး နဖူးကြောကြီးတွေထောင်လျက် နေရာမှ ချာကနဲလှည့်ထွက်သွားသည်။ အိမ်ထဲမှ ပြန်ထွက်လာသော ဦးဖိုးချယ်၏ လက်ထဲမှာ ကိုင်းခုတ်ဓားတစ်လက်ပါလာသည်။ ရဲထက် မျက်လုံးတွေပြာသွားသည်။ ဦးဖိုးချယ်က ဓားကိုဆွဲကိုင်ကာ ခပ်အေးအေး ပဲလှမ်းလာနေ၏။ အဖိုးကြီးက ဒူးထောက်နေသော ကိုမဲကြီး၏ ရှေ့မှာ ရပ်လိုက်သည်။

သူသည် ရုတ်တရက် ပြေးဝင်ကာ ဦးဖိုးချယ်နှင့် ကိုမဲကြားမှာ ဆီးကာရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ မလုပ်နဲ့အဘ. . . ဒီကိစ္စဟာ ဒီလိုရှင်းလို့ရော ပြေလည်သွားမှာ ဟုတ်လို့လား. . . ၊ အဘစိတ်ထိန်းပါ. . . ၊ စိတ်ကိုလျှော့ပစ်လိုက်ပါ အဘ၊ ချယ့် မျက်နှာကိုကြည့်ပါ အဘ"

ဓားကိုင်ထားသော ဦးဖိုးချယ်၏ လက်က လေမှာဖြည်းဖြည်းလေးမြောက်တက်သွားသည်။ 'ဒုတ်'ကနဲ အသံနှင့်အတူ ဒူးထောက်နေသော ကိုမဲကြီးရှေ့မှာ ဦးခေါင်းအရွယ် မည်းမည်းသဏ္ဍာန်တစ်ခု ကျသွား၏။ ရဲထက်ရင်မှာ ဒိန်းကနဲဖြစ်သွားကာ မျက်လုံးတွေပြာဝေသွားသည်။ ဦးဖိုးချယ်သည် သူ့လက်ကိုငေးကြောင်ကြည့်နေရင်းမှ ဓားကိုမြေပေါ်ပစ်ချလိုက်သည်။

***

ပထမဦး အုန်းသီးရောက်လာသည်။ နောက်. . . လူရောက်လာသည်။ လူက အရင်ရောက်မလာနိုင်တော့ အုန်းသီးနှင့်အရင် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။ဒေါ်စိန်ရီပစ်ပေါက်လိုက်သော အုန်းသီးသည် ဦးဖိုးချယ်၏လက်ကိုမှန်ကာ ဒူးထောက်နေသော ကိုမဲရှေ့မှာ ကျသွားခြင်းဖြစ်သည်။ ဦးဖိုးချယ်သည် နာကျင်သွားသော ဓားကိုင်လက်ကို ငေးကြောင်ကြည့်နေမိရာမှ ဒေါ်စိန်ရီကိုမြင်တော့ လန့်ဖြန့်ကာ ဓားကို လွှတ်ချလိုက်ခြင်းဖြစ်၏။ သည်မှာပင် ဦးဖိုးချယ်၏ မိုက်သတ္တိသည် ပေါင်မှာထိုးကွင်းထိုးသလို တစ်ဝက်နှင့်ရပ်သွားခြင်း ဖြစ်ပါမည်။

"ရှင့်ကိုယ်ရှင် နေထဲကဖောက်ထွက်တဲ့ ဇာမဏီဆိုတဲ့ ကိုရိုးယားဂျူမုံသူရဲကောင်းလို့များထင်မနေနဲ့၊ အသက်ကြီးမှ လူသတ်မှုနဲ့ထောင်





ထဲဝင်နေရမယ်. . . ။ အရှုံးမထနဲ့ ကိုရင်ဖိုးချယ်၊ ကလေးတွေကိစ္စသူတို့ဘာသာရှင်းကြပါစေ. . . ၊ ဟိုမှာ မိချယ်လေးမျက်နှာကိုလည်းကြည့်ဦး ကိုရင်ဖိုးချယ်ရဲ့"

ဒေါ်စိန်ရီ မေးဆတ်ပြရာသို့ သူကြည့်လိုက်မိသည်။ အိမ်တံခါးဝမှာ မျက်ရည်တွေနှင့် တွေတွေကြီး ငေးကြောင်နေသော ချယ့်ကိုတွေ့လိုက်ရသည်။ ချယ်သည် သူရှိရာသို့ပြေးလာသည်။ ချယ့်ခန္ဓာကိုယ်လေးသူ့ရင်ခွင်ထဲသို့ အင့်ကနဲပြိုကျလာ၏။ သူ့ကိုတင်းတင်းဖက်ကာ ချယ်ငိုသည်။ ချစ်သူ၏မျက်ရည်မိုးစက်များနှင့်စိုနစ်နေသော ရင်ခွင်ကို မသိကျိုးကျွံပြုလျက် ကျောက်ရုပ်တစ်ရုပ်လို သူရပ်နေမိလျက်ပါလား. . . မိုးတောင်တစ်ခုရဲ့ ရင်ခေါင်းထဲက ပွက်ပွက်ဆူနေတဲ့ ချော်ရည်ပူတွေကို ဘယ်သူမြင်နိုင်မှာတဲ့လဲ ချယ်. . . ။

ထွက်ပေါက်မရှိသော ဘဝချင်းမို့ ကိုယ်စားအသိနှင့် ကိုယ်ချင်းစာမိသည်။ အားရအောင်ငိုပါ ချယ်. . . ။ သူ့ရင်ကို ထုတ်ချင်းခတ်ကန့်လန့်ခံကာ စိုက်တည်စူးနစ်နေပြီဖြစ်သော သစ္စာများ၏ ချွန်မြသောကျွန်အသွားတစ်ဘက်နှင့် ချယ့် နှလုံးအိမ်ကို ပစ်လွှတ်ထိုးစိုက်ရပါတော့မည်။ သူသည် ချယ့်ပခုံးနှစ်ဘက်ကို ရင်ခွင်ထဲမှ အသာလေးဖယ်ခွာလိုက်ကာ ချယ့် မျက်နှာကိုတည်ငြိမ်စွာ ရင်ဆိုင်လိုက်ပါသည်။

"ချယ်. . . ၊ ချယ် ကို့ကို စကားတစ်ခွန်းမှ မပြောနဲ့တော့ချယ်၊ ခုချိန်မှာ ချယ့် ပါးစပ်က စကားတစ်ခွန်းထပ်ထွက်လာမှာကိုပဲ ကို့မှာကြောက်နေမိတဲ့အခြေအနေပါ. . . ကို့ရဲ့ခံနိုင်ရည်ဟာ တည်းတည်းလေးပဲရှိတော့တာမို့ပါ ချယ်. . . ၊ အဲဒါကြောင့် ကိုပြောတာကိုပဲ ချယ်နားထောင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကို နောက်ဆုံးအနေနဲ့ ချယ့်ကို မေးမယ်ချယ်. . . ကိုရယ် ချယ်ရယ်၊ ကိုမဲရယ် အခု ကိုတို့သုံးယောက်ရဲ့ ကိစ္စမှာ ချယ့်ရဲ့ဆုံးဖြတ်ချက်ကို ချယ် ပြင်နိုင်မလား"

သူ့မျက်နှာကို တွေတွေစူးစူးကြီးကြည့်နေသော ချယ့် မျက်ဝန်းတွေမှာ ထိတ်လန့်ခြင်းတွေကိုတွေ့ရသည်။ မျက်ရည်ပူတွေ တပေါက်ပေါက်လိမ့်ဆင်းကျလာသည်။ နောက်. . . ချယ်သည် ဆောက်တည်ရာမဲ့စွာ ခေါင်းကိုရမ်းခါသည်။ ကိုမဲသည် တစ်စုံတစ်ခုပြောလိုဟန်နှင့် ရှေ့တိုးလာသည်။ သူက လက်နှင့်ဟန့်ကာ တားထားလိုက်သည်။

"ချယ့် အဖြေဟာ ဒီလိုပဲဖြစ်မယ်လို့ အဆိုးဆုံးကို ကိုတွက်ဆခဲ့ပြီးသားပါ ချယ်. . .၊ မနက်ဖြန်. . ကိုရန်ကုန်ပြန်မယ်. . . .၊ခု. . ချယ်နဲ့မခွဲခင်မှာ ချယ့်ကို နောက်ဆုံးအနေနဲ့ စကားတစ်ခွန်းပြောခဲ့မယ် ချယ်. . .၊ အဲဒါဟာ သစ္စာစကားပါ. . ."

အပြစ်မဲ့သော ကောင်းကင်ကို မော့ကြည့်လိုက်ပြီး သူသရော်သည်။ နောက်. . . ချယ့် မျက်နှာကိုကြည့်သည်။

"ကို ပြန်သွားပြီးတဲ့နောက်မှာ ချယ် ခေါင်းအေးအေးနဲ့စဉ်းစားနေခဲ့ပါ. . .၊ ကိုနဲ့ချယ် စတွေ့တဲ့အချိန်က စပြီး အခုလိုခွဲခွာသွားရတဲ့အချိန်ထိ. . . အရာရာမှာ ချယ့်စိတ်တိုင်းကျ ချယ့်သဘောအတိုင်းပဲ ချယ် လုပ်ခဲ့တယ်. . .၊ အဲဒါ တရားမျှတမှုရှိခဲ့ရဲ့လား၊ ရဲထက်ဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ ရင်ထဲမှာနှလုံးသားရှိတဲ့ လူတစ်ယောက်ဆိုတာ ချယ့်ဦးနှောက်ထဲမှာ တွေးခဲ့သိခဲ့ရဲ့လား"

"ချယ်ဟာ ချစ်သူရဲ့နှလုံးသားကိုတော့ မျက်ကွယ်ပြုပြီး ချယ်ရဲ့ကတိများတွေကိုပဲ ကြည့်ခဲ့တယ်. . .၊ ကတိဆိုတာ အသွားတစ်ဘက်ပဲ





ရှိတဲ့ မြားတစ်စင်းပါ၊ သစ္စာဆိုတာ အသွားနှစ်ဘက်ရှိတဲ့ မြားတစ်စင်း၊ သစ္စာများဆိုတာ ချွန်မြတဲ့အသွားတစ်ဘက်နဲ့ ကိုယ့်ရဲ့နှလုံးအိမ်ကို စူးစူးနစ်နစ်ခိုင်ခိုင်တည်တည် စိုက်ဝင်စေပြီးမှ ကျန်တဲ့အသွားတစ်ဘက်နဲ့ ချစ်သူရဲ့နှလုံးအိမ်ကို ပစ်လွှတ်ထိုးစိုက်လို့ ရတဲ့အရာမျိုးပါ ချယ်. . .၊ အခု ကို. . . . ကို့ရဲ့ သစ္စာများနဲ့ ကိုယ့်ရင်ကို ထိုးစိုက်ပစ်လိုက်ပြီ. . . .၊ ခုကစလို့ ဒီဘဝ ဒီတစ်သက် ချယ်ကလွဲပြီး ကိုဘယ်မိန်းခလေးကိုမှ မချစ်ဘူး၊ လက်မထပ်ဘူး၊ ကံကြမ္မာကြောင့်ချစ်ရမယ့်၊ ချစ်သူတစ်ယောက်ရှိလာရင်တောင်မှ အဲဒီအခါမျိုးမှာ ကိုယ့်ကိုကို အဆုံးစီရင်ပစ်မယ်၊ ရဲထက်ဟာ ချယ်ရီ့အတွက်ပဲ အသက်ရှင်သန်မယ်. . ဒါ ကို့ရဲ့ သစ္စာစကားပါ ချယ်"

"ကိုယ့်ရဲ့ သစ္စာမှန်ကန်မယ်ဆိုရင် တစ်ချိန်မှာ ချယ်နဲ့ကိုပြန်ပြီး ပေါင်းဖက်ရပါစေချယ်"

သူ၏သစ္စာစကားသည် သည်နေရာမှာ ရပ်မသွားပါ။ သည့်ထက် အားပြင်းသော စည်းမျဉ်းတစ်ခုကို ဆက်လက်ချည်နှောင်ပါလေပြီ။

"သစ္စာမှန်လို့ ကိုနဲ့ ချယ်ပြန်ပြီးပေါင်းဖက်ရပါပြီတဲ့. . .၊ ဆိုပါစို့ ဒီကနေ့ကစလို့ ဆယ့်လေးလကြာမှ ပေါင်းဖက်ရပါပြီတဲ့. . .၊ နောက် ဆယ့်လေးလတိတိ . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . .၊ အဲဒါက ကို့ရဲ့ခိုင်မာတဲ့သစ္စာများချက်ပဲ ချယ်"

ကြောက်စရာကောင်းတဲ့ သစ္စာများတစ်စင်းပေါ့. . .၊ သူချည်



www.burmeseclassic.com

www.burmeseclassic.com



နှောင်ပစ်လိုက်တဲ့ အချိန်ကာလ သစ္စာဆိုလိုက်တဲ့စည်းမျဉ်းကို ကိုယ့်ဆရာ နောက်တော့သိလာပါလိမ့်မယ်။ ပစ္စက္ခမှာတော့ ချယ်သည် ငေးကြောင်နေသော မျက်ဝန်းအစုံနှင့် သူ့ကိုကြည့်နေမိရာမှ ဒူးတွေခွေယိုင်ညွတ်ကျသွားသည်။

သူသည် ချယ့်ကို ကျောခိုင်းလှည့်ထွက်ခဲ့၏။ ဦးဖိုးချယ် ခပ်သုတ်သုတ်လိုက်လာရင်း သူ့လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

"ပြဇာတ်ထဲမှာဆိုရင်တော့ အောက်ကလက်ခုပ်တဖျောင်းဖျောင်းတီးကြမယ့် ဒိုင်ယာနာတွေပဲ ငရဲ. . .၊ စကားကတော့ မိုက်ချက်ကွာ. . .၊ ကဲ. . အဘလည်းမင်းကို ကတိပေးလိုက်မယ်. . .၊ မင်းနဲ့ငါ အတူတူမထိုင်ရသရွေ့ ငါဘီယာမသောက်တော့ဘူး. . . ထန်းရည်သောက်မယ်. . .၊ ကဲ. . . သွားတော့ ငရဲ. . .၊ မပြန်ခင်တော့ ငါတို့အိမ်ထောင်စုဇယားထဲက မင်းရဲ့ပုံစံတစ်ဆယ်ကို ထုတ်သွားလိုက်ဦး"

ဦးဖိုးချယ်ပြောသော ဒိုင်ယာနာဆိုသည်မှာ Dialogue (အချီအချစကား)ဆိုသည်ကို နားလည်မိသော်လည်း မပြုံးနိုင်တော့ပါ။ ကျောခိုင်းလှည့်အထွက်မှာ ကိုမဲ၏ ကတိစကားကို သူကြားလိုက်ရသည်။

"ဒီမှာ တရုတ်မ. . .၊ နင့်ကို ငါကတိပေးတယ်၊ နင်နဲ့ရဲထက်ပြန်ပြီး မပေါင်းရမချင်း ငါရွှေဘိုကိုပြန်မလာတော့ဘူး. . . တာ့တာပဲ. . . ဒါပဲ"

***



အဲဒီနောက်မှာတော့. . .။

ရွှေဘိုမှာ နေညိုပြီဆိုလျှင် ဦးဖိုးချယ်တစ်ယောက် ဆိုင်ကယ်လေးခွကာ မြို့ကိုကျောပေးလျက် ထန်းတောဘက်လစ်တော့သည်။

ဤအချိန်မှစ၍ ကိုမဲကြီးလည်း ရွှေဘိုမှ ပျောက်ချင်းမလှပျောက်သွားပါတော့သည်။

ဝေးစမ်းပါစေ မိုင်ပေါင်းကုဋေပေါ့ ကိုမဲကြီးရယ်. . .။

***



www.burmeseclassic.com

www.burmeseclassic.com



နွေနေ၏ အပူလက်ချောင်းတွေက သုဝဏ္ဏ တစ်ရပ်ကွက်လုံးကို လည်း လက်ခုပ်ခုံထဲမှာ ထည့်ထားသည်။ သဃ်န်းကျွန်းမှ မြင်သာဘက်ကိုယွန်းတော့မည့် လမ်းဆုံထောင့်မှ ဘီယာဆိုင်လေးသည်လည်း မီးခဲတွေနှုတ်ထားသည့် နံပြားဖိုထဲမှာရောက်နေ၏။ အရောင်ပြယ်စ ညနေခင်းမှာ အိပ်တန်းပြန်လူငှက်တွေကို သူ ငေးကြည့်နေမိသည်။ လူငှက်တွေထဲမှာ ချယ့်ကို မြင်လိုက်ရသည်။ အကြည့်ရုတ်ကာ ဗာဒံရွက်တွေပေးပြောင်းလိုက်သည်။ ဗာဒံရွက်တွေထဲမှာ ချယ့်ကို မြင်လိုက်ရသည်။ ခေါင်းကို တစ်ချက်ခါရမ်းမိလိုက်ရင်း လက်ထဲမှဘီယာခွက်ကို မလိုက်သည်။ မုယောပေါင်းရည် ကြည်တောက်သော ဝါရီရီ အောက်ခြေမှအပေါ်မျက်နှာထက် တရှိန်ထိုးပြေးတက်နေကြသည်။

အပ်နဖားပေါက်ရေ ဘောလုံးသေးသေးလေးတွေ ကြားမှာ စိုလက်လက် ချယ့် နှုတ်ခမ်းကလေးရှိနေသည်။ သူသည် ချယ့်နှုတ်ခမ်း ကလေးကို မော့သောက်ပစ်လိုက်၏။ Counter အား one cup ဟု





မှာလိုက်မိတော့ ဦးဖိုးချယ်အား ပြေးမြင်သတိရလိုက်ကာ ရင်မှာတိုင် တည်မိလိုက်သည်။

အဘရေ. . .။ ကျွန်တော် စာလေးမတောက်တခေါက်ရေး တတ်နေပြီဗျ။ ဒီကနေ့ ကျွန်တော့်ဝတ္ထုတိုလေးတစ်ပုဒ်မဂ္ဂဇင်းမှာ စ ပါလာတယ် ချယ့်ကို ဖတ်ကြည့်စေချင်လိုက်တာ ရွှေဘိုမှာရော နေညိုနေ ရောပေါ့ ချယ့်ကို လွမ်းလိုက်တာ အဘရယ်. . .။

***

ပင်လယ်ရဲ့မျက်နှာကျက်ပေါ်က မျောရွေ့လာတဲ့ ရေခိုးငွေ့ များစစ်သည်တွေ အားအားလျားလျား ပစ်လွှတ်တဲ့ ငွေမြားတံတွေပေါ့။ အင်းစိန်ဘက်မှာ ရွာချင်မှရွာပေမယ့် သုဝဏ္ဏမှာတော့ ဖွဲဖွဲသဲသဲနဲ့ အတောမသတ်နိုင်အောင်ပါပဲ။ ဆည်းဆာသည် စိုစွတ်သောဝတ်စုံ သစ်ကို ဆင်မြန်းလျက် စိတ်ကြီးဝင်နေဆဲ. . .။ မိုးစက်တွေနှင့်ဘီယာက သိပ်တော့ ဟာမိုနီမဖြစ်ပေမယ့် အိပ်တန်းပြန်လူငှက်တွေကို ငေးကြည့် ချင်၍ သည်ဆိုင်လေးထဲမှာ သူ ထိုင်နေမိခြင်းဖြစ်သည်။ ဘတ်စ်ကား တွေပေါ်မှ ဆင်းဆင်းချင်းလူငှက်တွေ၏ တူညီသောလုပ်ဆောင်ချက် မှာ ထီးလေးများကိုဖွင့်လိုက်ကြခြင်းပင်ဖြစ်သည်။ သုတ်သုတ် သုတ်သုတ် လျှောက်သွားသော လူငှက်တွေကြားထဲမှာ သူ့ကိုရပ်ကြည့်နေသော ချယ့် ကိုမြင်လိုက်ရသည်။ နံရံထက်က D//2 cotton wears ပိုစတာပေါ် အကြည့်ရွှေ့မိသည်။ ဖော်ဝင်းထွဋ်နှင့်အီတိုးတို့သားအဖက ပိုစတာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အီတိုးသည် ချယ်ဖြစ်သွား၏။ ညီထွဋ်သည် ဦးဖိုးချယ်ဖြစ်သွား၏။ ခေါင်းတုံးနှင့် နာကွင်းတစ်ဖက်နှင့် ဂျင်းဂျာကင်နှင့် ဦးဖိုးချယ်က အတည်ပေါက်ကြီးရပ်နေသည်။ အကြည့်လွှဲကာ ဘီယာခွက်ကို ကောက်ကိုင်လိုက်သည်။ ဘီယာခွက်ထဲမှာ ချယ့် မျက်လုံးလေးကိုမြင်လိုက်ရသည် ။ သူသည် ချယ့် မျက်လုံးလေးကို မော့သောက်ပစ်လိုက်၏။

"မင်းရေးတဲ့ အချစ်ဝတ္ထုတိုလေးတွေက ပြုံးစရာလေးတွေကွ. . .၊ ရယ်ရတယ်. . .၊ လုံးချင်းရေး ရဲထက်. . .၊ ချစမ်းပါကွာ ငါ Publisher နဲ့ဆက်ပေးမယ်"

နေ့လည်က သူငယ်ချင်းဒီဇိုင်းဆရာ၏ အားပေးစကားကို နားထဲမှာ ပြန်လည်ကြားလိုက်မိသည်။ ချယ့်လက်ကို ဆုပ်ကိုင်လျက်သည်အကြောင်း ချယ့်ကို ပြောပြချင်လိုက်တာ. . .။

မိုးရာသီဆိုပေမယ့် ရွှေဘိုမှာတော့ မိုးရွာချင်ရွာမှာပေါ့. . .။ ရန်ကုန်မှာတော့ မိုးတွေရွာနေတာ နေ့ဆက်ဆက်ပါပဲ. . .။ အလွမ်းမိုးဖွဲလေးတွေပေါ့. . .။

လွမ်းလိုက်တာ ချယ်ရယ်. . .။

***

ဝံသာ့ရေ အခွေးအကိုကြီးနှင့် ဦးဖိုးချယ်က ဘီယာခွက်ကြီးကို ဟန်ပါပါကိုင်မြှောက်လိုက်သည်။ သူနှင့် ဦးဖိုးချယ်သည် ရေခဲပြင်ကြီးပေါ်မှာ ရပ်နေ၏။ နှင်းမိုးနှင်းခဲတွေက အဖတ်လိုက် အဖတ်လိုက် ဦးဖိုးချယ်၏ ခေါင်းတုံးကြီးပေါ်မှာ ကျနေသည်။





"သောက်ကွာ ငရဲ ငါ့သားနဲ့အဘ ဒီလိုအက်စ်ကီးမိုးတွေဘဝနဲ့ မြောက်ဝင်းရိုးစွန်းမှာလာပြီး ဘီယာသောက်ရမယ်ဆိုတာ စိတ်တောင် မကူးခဲ့ဖူးပါလားကွ ကဲ သောက်ခဲ့လိုက်ကြရအောင်"

အဘစကားကြောင့် သူပြုံးသည်။ ရာသီဥတုက အေးလိုက်တာ. . .။

"ဘာပြုံးတာလဲ ကိုရဲ တစ်ယောက်ထဲ ဘာတွေးလိုက်မိလို့လဲ"

Publisher ၏ စကားကြောင့် အတွေးတို့ လွင့်ပြေးသွားသည်။

"မတော်လိုက်ရတဲ့ အဲ မတော်လိုက်ရသေးတဲ့ ယောက္ခမပေါ့ဗျာ အဖိုးကြီးကို ကျွန်တော် ဘီယာသောက်တိုင်းသတိရမိလို့ပါ"

ပေါင်းသင်းရခက်တဲ့ လူတွေထဲမှာ စာအုပ်ထုတ်ဝေဖြန့်ချီသည့် Publisher ဟူသည့်လူတွေသည် ထိပ်ဆုံးမှ ပါပါလိမ့်မည်။ ကြည့်လေ. . .၊ ရဲထက်ကို ဘီယာတိုက်ပြီးပြုစုသည်. . .တဲ့၊ သူကတော့ မသောက် ရေသန့်တစ်ဗူးသာ မှီဝဲသည်။ စိလိုက်တာ. . .။

ရန်ကုန်၏ဆောင်းသည် သည်နှစ်မှာ ဘာကြောင့်များ အအေးပိုရသည်မသိ။ မြောက်လေသည် အေးအေးစိမ့်စိမ့် ခေါင်းမာနေဆဲ. . .။ ချယ့် အတိုင်းပါပဲလား. . .။

ရင်နဲ့မဆံ့တဲ့ ခံစားချက်တွေ ရှန်းကြွစိမ့်ထွက်လာကြတာပါ၊ အခုဆိုကို စာရေးဆရာတစ်ယောက်ဖြစ်စပြုနေပါပြီ. . .၊ အနာဂတ်လှပဖို့ကို သည့်ထက်ပိုကြိုးစားမယ်. . .၊ အနာဂတ်မှာ ရဲထက်ဟာ ချယ်ရိကြိုးဆွဲတဲ့ ကရုပ်မဖြစ်စေရဘူး. . .၊ ကိုပြောတာကြားရဲ့လား ချယ်. . .။

ဘီယာခွက်ကို လှမ်းကြည့်လိုက်တော့ ဘီယာခွက်ထဲမှာ စိန့်ပွင့်သေးသေးလေးပန်ထားသော ချယ့် နားရွက်လေးကိုမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ချယ့်နားရွက်လေးကို မော့သောက်ပစ်လိုက်၏။ လွမ်းနေဆဲပါပဲ ချယ်. . .။

အားလုံးသည် သည်လိုပဲ မြစ်တစ်မြစ်၏စီးမျောခြင်းကို နှလုံးခုန်သံတွေ မျောနစ်နေမှာပဲလား. . .။ သူ့ရင်ဝနှင့် ချယ့်ရင်ကို အရှိန်ပြင်းစွာပစ်လွတ်ထိုးစိုက်ခဲ့သည့် သစ္စာမြားချက်ကရော ကဇာတ်မျောကြီးလို ပျော်ဆင်းနေပြီလား. . .။ သူကတော့ သူ၏ သစ္စာမြားကို စူးနစ်ယုံကြည်စွာ ချယ့်ကို လွမ်းနေမိဆဲ. . .။ ကြောက်နေမိဆဲ. . .။ ချစ်နေမိဆဲ. . .။

***

အားလုံးသည် မြစ်တစ်စင်းလို မျောနစ်မနေပါ. . .။

သူ၏ သစ္စာမြားသည် ကျောက်ဆောင်ကမ်းပါးချပ်ကို ခြေမွတိုက်စားပစ်သည့် ရေလှိုင်းတစ်စင်းဖြစ်သွား၏။

သူနှင့် ချယ်တို့၏ ခန္ဓာကိုယ်အနှံ့ သွေးကြောတွေတစ်လျှောက်လုံး မြားဆိပ်တို့ ပြန့်နှံ့စီးနစ် မြားဆိပ်တက်ချိန်. . .။

တစ်ခုသော နေသာန်နက်ခင်း၌ ရဟန်းဘဝရောက်နေလေသည့် ရဲထက်၏ သုဝဏ္ဏအိမ်ကလေးသို့ ကိုမဲကြီးဆိုသော လူတစ်ယောက်ရောက်ရှိလာပါတော့သည်။

***





အမေသည် ရိုးသော်လည်း အတတတော့ မဟုတ်ပါ။ Memory ကလည်းကောင်းသည်။ ဧည့်ခန်းမှာ ထိုင်နေသော ညိုညိုမောင်းမောင်းနှင့်အညာသားလူရည်သန့်ကို အမေ့ဦးနှောက်က ချက်ချင်းမှတ်မိသည်။ မနှစ်ကလည်း သည်လိုအချိန်မှာ သည်အိမ်ကို တစ်ခေါက်လာဖူးခဲ့သည်လေ. . . .။

"ဪ. . . မောင်မဲကြီး မဟုတ်လား. . . ရွှေဘိုကလေ"

"အမေ ကျွန်တော့်ကိုမှတ်မိသားပဲ. . .၊ ကိုရဲကော ဘယ်သွားလဲ အမေ"

"သားက ရဟန်းဝတ်နေတယ်ကွဲ့. . .၊ ခဏနေရင်တော့ အိမ်ကို ဆွမ်းခံကြွလာတော့မှာပါကွယ်"

နဂိုကမှ ညိုမဲရသည့်အထဲ ကိုမဲကြီးမျက်နှာ အိုစာသွားသည်။

"အရင်ခေါက်က ရဟန်းဝတ်နေတယ်ဆိုလို့ မတွေ့ဘဲ ပြန်သွားခဲ့တာ. . . ကိုရဲက. . . မနှစ်က ကျွန်တော်လာတုန်းက ရဟန်းဝတ်နေတာ. . . ခုထိမထွက်သေးဘူးပေါ့. . .၊ တစ်သက်လုံးများဝတ်တော့မှာလားအမေရာ"

"ဘယ်က တစ်သက်လုံးဝတ်ရမှာလဲ. . .၊ တစ်နှစ်မှာ တစ်ခါပဲဝတ်တာ. . . ဒါကလည်း အမေ့ဆန္ဒပါ. . .၊ သူအိမ်ထောင်မပြုခင်အထိတော့ သူ့ကိုအမေကပိုင်တယ်. . .၊ တစ်နှစ်တစ်ခါ သူ့မွေးနေ့ရောက်တိုင်း ကိုးရက် ရဟန်းဝတ်ရတယ်၊ တစ်နှစ်တစ်ခါ သူ့ကို ကံမြင့်ပြီး ဘဝပြောင်းပေးရတာလေ"

"ခင်ဗျာ . . . ကံမြင့်ပြီး ဘဝပြောင်းပေးရတယ်ဟုတ်လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်ရယ် မပြောတတ်ပေမယ့်'ဘဝပြောင်းပေးရတယ်' ဆိုသောစကားလေးက ကိုမဲ၏ ရင်မှာ ပဲ့တင်စွဲထင်သွားလေသည်။

"ဒီကနေ့ ရှစ်ရက်မြောက်ပဲ. . . မနက်ဖြန်ဆို ညနေပိုင်းမှာ ရဲထက် လူဝတ်လဲပြီ. . . ၊ ဘဝသစ်နဲ့ ရဲထက်ပြန်ဖြစ်ပြီပေါ့. . . ၊ အဲဒီ သဘောပါကွယ်"

အမေ့စကားက ကိုမဲကြီး၏ခေါင်းထဲမှာ အဖြေတစ်ခုရသလို လက်ကနဲဖြစ်သွားသည်။ မျက်နှာမဲကြီးဝင်းသွားသည်။

"ဒါ့ထက်. . . မောင်မဲက အခုရွှေဘိုက လာတာလား"

"မဟုတ်ပါဘူးအမေရာ. . . ကိုရဲ ရန်ကုန်ပြန်တဲ့နေ့ကတည်းက ကျွန်တော် ရွှေဘိုကထွက်လာခဲ့တာ အခုအချိန်ထိမပြန်သေးပါဘူး. . . ၊ မိတ္ထီလာက သူငယ်ချင်းကျူရှင်မှာ စာပြပေးနေတယ်. . . ၊ ကိုရဲဆီ ဖုန်းဆက်တိုင်းလည်း ကျွန်တော့်ဖုန်းဆို သူမကိုင်ဘူး. . . ၊ ကျွန်တော် ရွှေဘိုမှာပဲပျော်တယ်. . . ဒါပေမယ့် ပြန်လို့မရသေးဘူး. . . ဒါတွေအားလုံးဟာ တရုတ်မကြောင့်ဖြစ်ရတာ. . ၊ ချယ်ရီ ကြောင်လို့ ဒီလိုဖြစ်ရတာပါဗျာ. . . . အမေလည်း သိမှာပါ"

အမေက သက်ပြင်းချသည်။ နောက်. . . အေးချမ်းစွာ ပြုံးသည်။

"မိန်းကလေးတစ်ရာမှာ တစ်ယောက်တွေ့ရခဲပါတယ်ကွယ်. . ဒါမျိုးကရှိတတ်ပါတယ်. . . ၊ ဒါပေမယ့် သူ့ခမြာမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ရင်စီးခံရရှာမှာ မင်းတို့ထက်တောင်ပိုရှာမှာပါ. . . မိန်းမချင်း အမေကိုယ်ချင်းစာမိပါတယ်ကွယ်"

"အမေ ခုနကပြောလိုက်တဲ့စကားထဲမှာ ကျွန်တော်တို့အတွက်





အဖြေတစ်ခုတွေ့မိလိုက်တယ်. . . ၊ ကျွန်တော် ရွှေဘိုကို ဖုန်းဆက်မယ် အမေရဲ့ချွေးမ မဟုတ်ဘာမဟုတ်ဆီကိုလေ. . . ၊ စပီကာဖွင့်ပြီး အမေ့ရှေ့မှာ ဆက်မယ်နော်"

အမေဘာမှမပြော. . . ဒါကိုက ခွင့်ပြုသည့်သဘောလေ. . . ။

***

စပီကာဖွင့်ထားသော်လည်း အမေ့ခမြာ ချွေးမလောင်း၏ အသံကိုမကြားရရှာ. . . ၊ ခမည်းခမက် လူ့ဂွစာ၏ အသံကိုသာ ကြားခွင့် ကြုံရရှာလေသည်။

"အမိန့်တော်ရှိပါခင်ဗျာ. . . ကျွန်တော် ရွှေဘိုမြို့က မောင်ဖိုးချယ်ပါ"

"ဦးဖိုးချယ်. . . ကျွန်တော်မဲကြီးပါ. . . တရုတ်မနဲ့ စကားပြောချင်လို့ပါ. . . အဘသမီးရှိလား အဘ"

"ဝမဲ. . . အုတ်ကြားမြက်ပေါက်. . . ကလေကဝ . . ပေါက်လွှတ်ပဲစားကောင်. . . မိချယ်လေးမရှိဘူး. . . ဈေးသွားတယ်. . . ငါဘာပြောပေးရမလဲ"

"ကျွန်တော်အခု ကိုရဲရဲ့အိမ်ကို ရောက်နေတာ. . . ရန်ကုန်ကို ရောက်နေတာဗျ. . . ကိုရဲကတော့ အခု ရဟန်းဝတ်နေတယ်. . . ဦးဖိုးချယ် ကျွန်တော်ရွှေဘိုပြန်ချင်ပြီဗျာ"

"မင်းကို ဘယ်သူက ထွက်သွားခိုင်းလို့လဲ. . . . မင်းဘာသာ ဖိုးချယ်ရဲ့ ခေါ်းချက်နဲ့ ဇီဝိန်ကြွေမှာစိုးလို့ထွက်သွားတဲ့ကိစ္စ. . . ငါ အဲ



www.burmeseclassic.com

www.burmeseclassic.com



လောက် မရက်စက်တတ်ပါဘူးကွာ”

“အဘ ထင်ချင်သလိုထင်ဗျာ. . . . ကိုရဲ အခုရဟန်းဝတ်နေတယ်. . . ကျွန်တော်ကိုရဲကို ရွှေဘိုလွှတ်လိုက်မယ်. . .၊ မိချယ်ကို ကိုရဲနဲ့ပေါင်းဖို့အဘက ပြောပေးပါ”

“ဟော့ကောင် ငမဲ. . . ဘာခွေးစကားပြောတာလဲ. . .၊ ငါ့သမီးကို ဘုန်းကြီးနဲ့ပေးစားရမှာလား. . . .၊ ပိုအရေးကြီးတာက ဘုန်းကြီးနဲ့ ငါနဲ့ ဘီယာသောက်လို့မရတာပဲ. . . မင်းတော့ ငါထိုးခွဲမိ တော့မယ်”

“ Sorry ဦးဖိုးချယ်. . . . ကိုရဲက ဒုလ္လဘ ဝတ်တာပါ. . .၊ နက်ဖြန်ည နေဆို သူလူဝတ်လဲပါပြီ. . .၊ ရွှေဘိုမှာ နေညိုချိန်အမီ အဘနဲ့ ဘီယာသောက်လို့ရပါပြီ. . . အဲဒါ. . . အဘက မိချယ်ကို လက်ခံဖို့ပြောပေးပါ သူလက်ခံဖို့ ကျွန်တော်အဖြေတစ်ခု အခုတွေ့လိုက်ပြီ ဦးဖိုးချယ်”

“စကားကို မဝေ့ခွဲနဲ့ကွာ. . .၊ နားရှုပ်တယ်. . .၊ အဲ. . . နေဦး ငမဲ. . . မိချယ်လေး အခုပြန်လာပြီ. . .၊ မင်းတို့ဘာသာပြောခွဲလိုက်. .၊ မိချယ်လေးလာဦး ဒီမှာ ငမဲနဲ့ပြောလိုက်ဦး. . . သူငရဲအိမ်ရောက်နေတာ. . . တဲ့”

ပိုင်ဆိုင်လိုစိတ်လည်း အလျဉ်းမရှိ. . .၊ မုန်းတီးနာကျည်းစိတ်လည်း တစ်ဝက်ရောစွက်မိသော်လည်း ‘ပြော. . ငမဲ နင်ဘာပြောချင်လဲ’ ဆိုသော အသံလေးကြောင့် ရင်တော့နည်းနည်းခုန်သွားသည်ကအမှန်။

“တရုတ်မ. . . ငါတို့သုံးယောက်ကြားမှာ ရှင်းရခက်တဲ့ ပုစ္ဆာကို ငါအခုအဖြေတွေ့လိုက်သလိုပဲဟ. . . ငါပြောမယ်. . . . ကိုရဲ အခုရဟန်းဝတ်နေတယ်. . .၊ ကိုရဲရဲ့အမေကပြောတယ်. . . ကိုရဲကို





သူရဟန်းဝတ်ပေးပြီး ကံမြင့်လို့ ဘဝပြောင်းပေးတာတဲ့. . .၊ မနက်ဖြန်မှာ ဘဝသစ်နဲ့ ရဲထက်ပြန်ဖြစ်သွားပြီဆိုတော့. . .၊ အရင်က ရဲထက် မဟုတ်တော့တဲ့အတွက် နင့်ရဲ့ကတိများတွေလည်းပြယ်ပြီမဟုတ်လား တရုတ်မ. . .၊ ငါတို့အဲလိုဆုံးဖြတ်ကြရအောင်လေ”

တစ်ဘက်မှ ဘာသံမှမကြားရ. . .၊ ချယ်ရီ နှုတ်ဆွံ့နေကြောင် သွားပုံရလေသည်။

“တရုတ်မ. . . တရုတ်မ. . . ဟယ်လို. . . ဟယ်လို. . . ကြားလား. . . ကြားလား. . .”

“ကြား. . . ကြားတယ် ငမဲ. . . ဟုတ်တယ်. . နင်ပြောတာ ဟုတ်တယ်. . . ငါသဘောပေါက်တယ်. . . ကျေး. . . ကျေးဇူးပဲ ငမဲ”

“ဒါဆို. . . ငါ ကိုရဲကို ဒီနေ့ပဲ ရွှေဘိုလွှတ်လိုက်တော့မယ်”

“လွှတ်လိုက်ပါ ငမဲ. . . ကို့ကို ငါ့စောင့်နေပါ့မယ်. . .၊ ဒီနေ့ပဲ လွှတ်လိုက်ပါ. . .၊ နက်ဖြန်မှဆိုတစ်ခုခုဖြစ်သွားမှာစိုးလို့ပါ. .၊ မမြင်ရသေးတဲ့ အချိန်တွေကို ငါကြောက်နေပြီ ငမဲ. . . ဒါပဲနော်”

ကိုမဲ ပျော်ရွှင်စွာ ဖုန်းပိတ်အပြီးမှာ ဧည့်ခန်း အိမ်ပေါက်ဝမှ အသံတစ်သံကို ကြားလိုက်ရတော့ ဆတ်ကနဲတုန်သွားသည်

“ဒါဆို ကိုယ်တော်က သင်္ကန်းဝတ်ကြီးနဲ့ ဒီနေ့ညနေကားနဲ့ မန္တလေးကြွ. . .၊ မနက်ဖြန် မန္တလေးကနေ ရွှေဘိုဆက်ကြွ. . သင်္ကန်းဝတ်ကြီးနဲ့ ဒီစိတ်နဲ့ ဒုက္ခပါပဲ. . . ဦးဇင်းတော့ ငရဲကြီးတော့ ဒကာမဲ”

ဘယ်အချိန်ကများ အိမ်ပေါက်ဝရောက်နေသည်မသိ၊ ကိုမဲနှင့် ချယ်ပြောသမျှလည်း အစအဆုံးကြားလိုက်ရမည်ထင်၏။ ဦးပျည်း စိမ်းစိမ်း. . .၊ မျက်နှာတည်တည်နှင့် သပိတ်ပိုက်လျက် ရပ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်. . . ၊ ရဲထက် တစ်ဖြစ်လဲ. . . ဦးပဥ္စင်း ဦးရေဝတ. . . ။

ကိုယ်တော်သည် ဧည့်ခန်းတွင်း ကြွလှမ်းလာရင်း သပိတ်ကို စားပွဲပေါ် ချလျက် အထိုင်ခင်းပြီးဖြစ်သော ဆက်တီခုံမှာ ထိုင်လိုက်သည်။

"အဖြေတွေ့ပြီဆိုပြီး ထင်သလောက်တော့လွယ်မှာမဟုတ်ဘူး ဒကာ. . . ၊ ဒကာမ ချယ်ရဲ့စိတ်ကို ဦးဇင်းကအသိဆုံးပါ. . . ၊ သူဟာ ဦးဇင်းကို ချစ်. . . အဲ. . . ဒုက္ခပါပဲ. . . အဲဒီစကားတွေ ဦးဇင်းပြောလို့ မရဘူး ဒကာ. . . ၊ သက်န်းဝတ်ကြီးနဲ့ပြောရတာ Problem ပေါ့. . . လိုက်တော့လိုက်သွားပါ့မယ်. . . ၊ တစ်ချိန်မှာတော့ ဦးဇင်းနဲ့ဒကာမ ချယ် ပေါင်းရမှာပါ. . . မနက်ဖြန်မှာတော့ ဒကာမ ချယ် နဲ့လွဲချော်ဦးမယ်ဆိုတာ ဦးဇင်းသိနေတယ်. . . ၊ ဩော်. . . ဒကာမချယ်. . . အနိစ္စ. . . ဒုက္ခ. . . အနတ္တ. . ၊ အဲဗျာ. . . ဆိုင်လား. . . . မဆိုင်လား . . . ကျုပ်လည်း မသိတော့ပါလား. . . . "

***

လွဲချော်ခြင်းတွေနှင့် ကမောက်ကမဖြစ်ရသည်တို့က အတောမသတ်နိုင်သေး။ ဝဋ်ကြွေးနှင့် ဒုက္ခကကြီးလှချည့်. . . ၊ နှလုံးသားရေးရာအတွက် သက်န်းဝတ်ကြီးနှင့်ရွှေဘိုကို ချီတက်ရသည့်အဖြစ်. . . ဘယ်လိုမှ သဟဇာတမဖြစ်ပေမယ့် သူဘာများတတ်နိုင်ပါမည်နည်း. . ၊ ရဟန်းဝတ်ရသည်က ကတ်သီးကတ်သတ် တစ်ရက်ကလေးနှင့် သည့်နေ့မှ ကိုးရက်ပြည့်လေသည့်အဖြစ်. . . ၊ ကဲ. . . သူ့နေရာမှာ ကိုယ့်ဆရာသာဆိုဘယ်လိုများလုပ်မှာပါလဲ. . . ။





ဘာပဲပြောပြော. . . ၊ ဦးပဥ္စင်း ဦးရေဝတကတော့. . . . နောက်တစ်နေ့နေ့လည် နှစ်နာရီသုံးဆယ့်ငါးမှာ သက်န်းကြီး ဖွဲ့ရှိဖားရား နှင့် ရွှေဘိုမြေပေါ် ခြေချရောက်ရှိသွားပါလေတော့သည်။

***

လူကသေးသေး. . . ၊ သက်န်းကကြီးကြီး. . . ၊ ကို့ရို့ကားရား ကြွလှမ်းလာသော ဦးပဥ္စင်းဦးရေဝတအားကြည့်ကာ ဦးဖိုးချယ်က ဟက် ဟက် ပက်ပက်ကြီးရယ်ချလိုက်သည်။

"ငရဲနဲ့ငရဲကတော့ ဝမ်းဆက်ပဲ. . . ငရဲတော့ ငရဲကျတော့မယ် . . . အဲ. . . အဲ. . . ဆောဒီး ဦးဇင်း. . . ဆောရီး. . . ယောင်သွားလို့ ကဲ . . . ဦးဇင်းရေ. . . ၊ တပည့်တော်မောင်ဖိုးချယ်. . . ဦးဇင်းကို စောင့်နေတာပါ. . . အိမ်မှာဘယ်သူမှ မရှိကြတော့ဘူး. . ၊ မိချယ်လေး ဦးဇင်းကို လျှောက်စရာရှိလို့ စောင့်နေသေးတယ်. . . ၊ အခုတော့ သွားကြပြီ. . . ၊ ဦးဇင်း နောက်ကျတာကိုး. . . ၊ ကဲ. . . ဆိုင်ကယ်နဲ့ အဘတို့လိုက်ကြရအောင် မီကောင်းပါသေးရဲ့"

"ဘယ်. . . ဘယ်ကို လိုက်မှာလဲ အဘ"

ဦးဖိုးချယ်၏ ဆိုင်ကယ်နောက်မှာ လှဲထိုင်လိုက်ရင်း ဦးပဥ္စင်း ဦးရေဝတကမေးသည်။

"သီလရှင် ကျောင်းကိုလေ. . . ညနေသုံးနာရီမှာ မိချယ်လေး သီလရှင်ဝတ်မယ်. . . ကံကြုံရင်တော့ မီမှာပဲ ကိုယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . . ဒါဆို. . . အမြန်မောင်း. . . အမြန်မောင်းတော့ ဒကာကြီး. . . ."

***

ဒေါ်စိန်ရီနှင့် သီလရှင်ကြီးတစ်ပါးက ပန်းဖျော့ပိတ်ပါးစကို နှစ်ဘက်ဆွဲကိုင်ရင်းချယ့်ဆံပင်တွေကို ခံထားသည်။ ချယ်က ခေါင်းကို ငုံ့လိုက်သည်။ ဆံချသီလရှင်ကြီးက ချယ့် ဆံပင်တွေကို စုအကိုင်လိုက်မှာ ဆိုင်ကယ်သံ တဖုတ်ဖုတ်နှင့်အတူ ဦးဖိုးချယ်၏ အော်သံကြီးက ကျောင်းဝင်းအတွင်း ဝင်ရောက်လာ၏။

"ဟိုး. . . ဟိုး. . . ဟိုးထား. . .၊ မိချယ်လေး. . . ဒီမှာ ဦးဇင်းရောက်လာပြီ သမီး"

ချယ်က ခေါင်းလေးမော့ကြည့်သည်။ ကွဲကွာခဲ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော လဝန်းမျက်နှာ. . .၊ ဒါပေမယ့် ပစ္စက္ခ၌ ကိုယ်က ဘုရားသားတော်. . .၊ တကယ့်ကို ခွတီးခွကျကြီးပါလား. . .၊ ချယ်က သီလရှင်တွေကို ခွင့်ပန်ကာ သူ့ဆီလှမ်းလာသည်။ ချယ်သည် ဦးဇင်း ဦးရေဝတအား ကန်တော့သည်။

"ဘယ်လိုဖြစ်သွားရပြန်တာလဲ ဒကာမကြီး ဦးဇင်းမှာတော့ အဝေးကြီးက အမောတကောလိုက်လာခဲ့ရတာပါ"

"ဒီမှာ. . . ကိုယ်တော်"

ဦးဖိုးချယ်၏ အသံမာတောင့်တောင့်ကြီးက နားထဲမှာ ကန့်လန့်ကြီးဖြတ်ဝင်လာ၏။





"သင်္ကန်းဝတ်ကြီးနဲ့မသင့်တော်ဘူး. . .၊ ညနေလည်းရောက်ပြီဆိုတော့ ဟိုဘက်က ဘုန်းတော်ကြီးကျောင်းကိုသွားပြီး သိက္ခာပုဒ်ကို ချလို့ လူဝတ်သာအမြန်လဲလိုက်ပေတော့. . . မိချယ်လေးကလည်း စောင့်နေလိုက်ဦး. . .၊ လူဝတ်ကြောင်ဖြစ်ပြီးမှ လွတ်လွတ်လပ်လပ် ဆွေးနွေးကြ. . . ဒါပြီးရင် အဘနဲ့ ဘီယာသောက်ကြမယ်. . . မြန်မြန်လုပ်တော့ ကိုယ်တော်"

***

ယခုတော့ ဦးပဥ္စင်းဦးရေဝတ မဟုတ်တော့. . . .၊ ခေါင်းတုံးစိမ်းပြောင်ပြောင်နှင့် ဘဝသစ်ရဲထက်ဖြစ်သွားသည်။ ချယ်ရှိရာသို့ ဦးဖိုးချယ်နှင့်အတူ ပြန်အလာမှာတော့ သူပါးစပ်အဟောင်းသားဖြစ်သွားသည်။ ချယ် သီလရှင်မဝတ်သေးပါ။ ဒါပေမယ့်. . . ချယ့်ခေါင်းထက်မှာ နက်မှောင်ဆံချည်တွေကိုမတွေ့ရတော့. . .၊ ချယ်သည်လည်း သူနှယ်ခေါင်းတုံးစိမ်းစိမ်းနှင့်. . .။

သူသည် ကောင်းကင်ကို တစ်ချက်မော့ကြည့်လိုက်၏။ လောကကြီးအား သရော်ပစ်လိုက်ချင်သည့်အခါတိုင်း သူ့အကျင့်ကသည် လိုလုပ်နေကျဆိုတာ ချယ် သိပါသည်။ 'ဟက်'ကနဲ တစ်ချက်ရယ်လိုက်ရင်း သူပြုံးတတ်သည့် မဲ့ပြုံးလေးကို ချယ် ချစ်သည်။

"နောက်ဆုံးတော့လည်း မင်းရဲ့ဆုံးဖြတ်ချက်အတိုင်းပဲ ဆုံးဖြတ်သွားတာပဲမဟုတ်လား ချယ်"

"ချယ့် ဘက်ကလည်း ကြည့်ပါဦး ကို. . .၊ ကိုကတော့ ဘဝသစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရဲထက်ဖြစ်သွားမယ်. . ချယ်ကတော့ ချယ်. . . ပဲဖြစ်နေမှာပေါ့. . .၊ ချယ် ခုညနေမှာ သီလရှင်မလေး နန္ဒိခေမာအဖြစ် ဘဝပြောင်းသွားမယ်၊ နန္ဒိခေမာ ဘဝကနေ ဘဝပြောင်းပြီးမှ ဘဝသစ်နဲ့ချယ်ရီ ပြန်ဖြစ်မယ် အဲဒီခါမှာ ချယ့်ရဲ့ကတိမြားတွေအားလုံးဟာ ဘဝဟောင်းက ချယ်ရီနဲ့ အတူ ပျောက်ပျက်သွားပြီပေါ့ကို. . . ဟုတ်တယ်မဟုတ်လား. . . ကို"

သည်လိုတော့လည်း ဟုတ်ပေသားပေါ့. .၊ သူသည်ချယ့် မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လိုက်မိ၏။

"ကို ဘယ်လောက်စောင့်ရမှာလဲ ချယ်"

"သုံးလ"

"ဒါ. . . ချယ်ဆုံးဖြတ်ပြီးပြီပေါ့. . . သုံးလဝတ်မယ်လို့ ဆုံးဖြတ်ပြီးပြီလားချယ်"

" No . . . No.... ကို. . . ချယ် မဆုံးဖြတ်ရဲတော့ပါဘူး. . . ရည်ရွယ်တာပါ. . . ဆုံးဖြတ်ချက်တွေကိုလည်း ချယ်ကြောက်သွားပြီကို"

"ဒါဆို တစ်လပဲဝတ်ကွာနော်"

ချယ် ကျေနပ်စွာ ခေါင်းညိတ်သည်။ ဘူသည် ချယ့်လက်ကလေးကို တင်းတင်းဆုပ်ကိုင်မိလိုက်၏။

" ဘဝသစ်နဲ့ ချယ်ရီပြန်ဖြစ်သွားပြီဆိုရင်တော့ နောက်ထပ် ဘာကတိမြားတွေမှ ချယ့် အတွက် ရှိမလာစေရပါဘူး ကို. . . .၊ ချယ်လေ . . . ကို့ကို သိပ်ချစ်တာပဲ"

ချယ် ကိုယ်လေး သူ့ရင်ခွင်ထဲပြိုကျလာသည်။ ချယ့် ကို သူထွေးဖက်ထားလိုက်သည်။

"ဒါပေမယ့်. . . ချယ်အကြောက်ဆုံးအချိန်ကို ရောက်လာတော့

ကြောင်နှစ်ကောင်စာပေ



မယ် ကို. . .၊ ကို့ရဲ့သစ္စာများလေ. . . ထိချက်မပြင်းလွန်းဘူးလားကို ခုချယ်တို့ဘယ်လောက်ခွဲနေရလဲ. . .၊ ဆယ့်ခြောက်လရှိသွားပြီ. . . ချယ် သီလရှင်ဝတ်မှာ တစ်လဆိုတော့ ချယ်နဲ့ကို ဆယ့်ခုနစ်လ ခွဲခဲ့ရပြီ ဒါဆို ချယ် ကိုနဲ့အတူပေါင်းရမယ့်ကာလဟာ ဆယ့်ခုနစ်လပဲရှိတယ်. . . နောက်ထပ်ဆယ့်ခုနစ်နှစ်. . . "

ပြောရင်းနှင့် ချယ် စကားရပ်သွားသည်။ သူ့ရင်သည် တဒိုင်းဒိုင်း ခုန်လို့က်လာ၏။ သူ့တစ်ကိုယ်လုံးသည် စကြာဝဠာအပြင်ဘက်တိုင် လွင့်ထွက်သွားပြီလားမသိ. . .။ ရင်တစ်ခုလုံး တုန်ယင်မောဟိုက်နေသည်။

ချယ့် ကတိသည် ဘဝတစ်ခုကို ချည်နှောင်သော ကြိုးတစ်ချောင်း သူ၏သစ္စာသည် ဘဝအဆက်ဆက်ကို ချည်နှောင်လိုက်သော ကြိုးတစ် ချောင်းအဖြစ်ပြေးမြင်လိုက်မိပါတော့သည်။

***

သည်လိုနှင့်. . . .

နေထွက်လိုက်. . . နေဝင်လိုက်. . . နေ့ဖြစ်လိုက်. . . ညဖြစ်လိုက်နှင့် တစ်လဆိုသော အချိန်ကာလသည် ဘာမျှပင်မကြာလိုက်ပါ. . အားလုံးသည် နောက်မှာကျန်ရစ်ခဲ့ပါပြီ. . .။

***

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့တော့. . . .

ရွှေဘိုမှာ နေမညိုသေးသော်လည်း ဦးဖိုးချယ်နှင့်သူသည် အစောကြီး ဘီယာဆိုင်မှာ ထိုင်နေ၏။ ဦးဖိုးချယ်၏ ခါးပုံစထဲမှ ပဲကြီးလှော်တွေပင်တစ်ဝက်ကျိုးခဲ့ပြီ။

"ဒါက မင်းရဲ့ ဗလချာနိုက်အတွက် အဘကဂုဏ်ပြုတာ. . . ချဲယား ငရဲ",

ဦးဖိုးချယ်ပြောသည့် ဗလချာနိုက်ဆိုသည်မှာ Bachelor Night (လူပျိုညု)ကို ပြောခြင်းဖြစ်သည်။ ချီးယားစ်ကိုလည်း ချဲယား. . . တဲ့. . . သူကပြုံးလိုက်ရင်း ဦးဖိုးချယ်နှင့်အတူခွက်ကို မြှောက်လိုက်ကာ ဖန်ခွက်ချင်းခွပ်ကနဲ ထိတိုက်ရင်း မော့လိုက်ကြသည်။ နံနက်ငှက်ကလေးများ၏ အော်သံကြားလိုက်ရသည်။ သူ့ဟန်းဖုန်းမှအသံ. . .၊ နံပါတ်ကိုကြည့်လိုက်သည်။ ချယ်သည် အိမ်မှ လှမ်းဆက်ခြင်းဖြစ်၏။

"ဟယ်လို ချယ်လား"

"ဟာကွာ. . . အဘနဲ့ကို ဘယ်ထွက်သွားကြတာလဲ. . .၊ ဒီမှာ ဧည့်သည်တွေလည်းစုံနေပြီ. . .၊ ကို့အဖေနဲ့ အမေကလည်း တမျှော်မျှော်နဲ့ သတို့သားနဲ့ သတို့သမီးအဖေကို လူတွေစောင့်နေကြပြီ အဘနဲ့ကို ဘယ်ရောက်နေကြတာလဲ. . . မင်္ဂလာပွဲအချိန်နီးနေပြီ ကိုရ မြန်မြန်ပြန်ခဲ့ကြတော့. . . ကိုတို့ ဘယ်ရောက်နေတာလဲ"

"ကိုတို့ ဘီယာဆိုင်. . . အဲ. . . အဲ. . လာပြီ. . . အခုပြန်လာပြီ ချယ်"

ရဲထက်သည် ဦးဖိုးချယ်အား တောင်းပန်ကြည့်ကြည့်လိုက်သည်။ "အဘ ပြန်ကြရအောင်ဗျာ. . မင်္ဂလာပွဲစ, တော့မယ်. . . တဲ့. .





ကျွန်တော်ရောအဘရော အဝတ်အစားလဲကြရဦးမှာလေ"

"ဟေ့ကောင် ငရဲ. . . မင်းက သတို့သား. . . မင်းမပါဘဲ မင်္ဂလာပွဲလုပ်လို့မရဘူး. . .၊ ဒီနေ့ တစ်ရက်တည်းပဲ တစ်ယောက်သုံးခွက် စီသောက်မလို့ ငါတို့ ကတိပြုထားတာလေ. . .ဟား. . . ဟာ . . . ဟာလုပ်မနေနဲ့ ငရဲ. . . ငါတို့ ပြန်ရောက်တဲ့အချိန်က မင်္ဂလာပွဲစတဲ့အချိန်ပဲ. . . စောင့်ကြပါစေ"

ပြောရင်းနှင့် ဦးဖိုးချယ်သည် လက်နှစ်ချောင်းကို ထောင်လိုက်ကာ"တူးကပ်"ဟု အော်လိုက်ပါတော့သည်။

***



www.burmeseclassic.com

www.burmeseclassic.com



နိဂုံး

. . .

မျဉ်းဖြောင့် ဖြောင့်ချက်

. . .





'ဒေါက်' 'ဒေါက်''ဒေါက်'

"ငရဲ. . ငရဲ. . အဘပါကွ. . . ပြောစရာရှိလို့ တံခါးဖွင့်ပါဦးကွ"

'ဒေါက်' 'ဒေါက်' 'ဒေါက်'

"လာ. . . လာပြီ. . . အဘ . . . ခဏလေး. . . ခဏလေး အဘ"

အလင်းဖျော့ မီးရောင်အောက်မှာ နာရီကို သူကြည့်သည်။ ည ဆယ့်တစ်နာရီဆယ့်ငါး. . .၊ တကယ့်အချိန်ကောင်းမှာမှ တံခါးခေါက်လာနိုးလေသည့် ယောက္ခမ. . .၊ ဘာများရစ်ဦးလေမည်မသိ. .။ စဉ်းစားလေ. . . မင်္ဂလာဦးညကြီးမှာ မသိဆိုးရွားလေစွ. . .။

ရဲထက်ခေါင်းကို တစ်ချက်ကုတ်လိုက်ရင်း တံခါးကိုဖွင့်လိုက်သည်။ ဦးဖိုးချယ်သည် တံခါးဖွင့်သည်နှင့် အခန်းထဲဝင်လာသည်။ ရဲထက်က အကျီတုံးလုံးနှင့်၊ . . . ချယ်က ထမီရင်လျားနှင့် ခုတင်ပေါ်မှာ ခေါင်းငုံ့ထိုင်လျက်၊ မြင်ကွင်းကို ကြည့်ကာ ဦးဖိုးချယ် ခေါင်းတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ရင်း သဘောပေါက်သွားသည်။ ပြောလိုက်သည့်စကားက ကြည့်. . . .၊

"တစ်ယောက်ကထမီရင်လျားနဲ့ တစ်ယောက်က အင်္ကျီတုံးလုံးနဲ့ဟုတ်ပြီ. . . . မင်းတို့ ရေထွက်ချိုးကြမလို့မဟုတ်လား. . ."

"ဟုတ်. . . ဟုတ်ကဲ့အဘ. . . ချယ်. . . ချယ်က အိုက်လို့တဲ့"

သူ အယောင်ယောင်အမှားမှားပြောလိုက်မိသည်။ အဖိုးကြီးက သဘောကျစွာရယ်သည်။

"ထွက်ချိုးလိုက်ကြ. . . ကျောက်ကန်ထဲမှာ အပြည့်ပဲ. . . မင်းတို့ညကျ အိုက်ရင် ချိုးရအောင် အဘညနေက အပြည့်ခပ်ပေးထားတယ် ငရဲ"

"အချိန်မတော်ကြီး အဘ ဘာပြောစရာရှိလို့လဲဟင်"

"ဩော်. . ငါသတိရလိုက်လို့ပါ. . . မနက်ဖြန်ကျရင် မင်း ငမဲနဲ့အတူ အဘတို့ အိမ်ထောင်စုဇယားထဲမှာ မင်းရဲ့ပုံစံတစ်ဆယ်ပြောင်းထည့်လိုက်ဦး. . . .၊ အဲဒါပြောမလို့. . ကဲ. . ကဲ. . ညဉ့်နက်နေပြီ. . . အအေးမိဦးမယ်. . . ချိုးစရာရှိတာ သွားချိုးကြ. . . အဘက တစ်ရေးနိုးမှာ သတိရလိုက်လို့ လာပြောတာ. . . . သွား. . . သွား. . ချိုးလိုက်ကြ"

ပြောအပြီးမှာ ဦးဖိုးချယ် ချာကနဲလှည့်ထွက်သွားသည်။ သူ မအီမသာမျက်နှာနှင့် ကျန်ခဲ့သည်။ ချယ် ရှက်ရယ် ရယ်၏။

"အခု. . . ကိုတို့ ဘာဆက်လုပ်ကြမလဲ ချယ်"

"ဘာလုပ်ရမလဲ. . . ရေထွက်ချိုးရတော့မှာပေါ့. . . ကိုပဲ အဘကို အဲလိုပြောလိုက်တာမို့လား. . . ."





ချယ် ရယ်သည်။ သည်တော့ သူလည်းရှက်ရမ်းရမ်းကာ ရယ်ပစ်လိုက်သည်။ သည်လိုနှင့် နှစ်ဦးသား ရယ်မောမိကြရင်း ရွှေဘိုညသန်းခေါင်ယံတွင် အိမ်ရှေ့ရေတွင်းလေးနံဘေးမှ ဒန်းကလေးပေါ်မှာ ထိုင်မိကြသည်။ လရိပ်ရည်သည် ပိတောက်ရွက်သိပ်တွေကို မဖောက်ထွက်နိုင်ရှာ. . . .၊ ချယ့်ကိုယ်အိထွေးထွေးသည် သူ့ရင်ခွင်ထဲမှာ. . .၊ ချယ် သက်ပြင်းချသည်။ ပြီးတော့ မဝံ့မရဲ အရေးဆိုရှာသည်။

"ကိုရယ်. . . ဘယ်လိုပဲ ပြတ်သား ပြတ်သား. . . မိန်းမဟာ မိန်းမပါပဲ. . .၊ ချယ်က မိန်းမသားပါ. . .၊ ခု ချယ်နဲ့ကို ဆယ့်ခုနစ်လပဲ အတူနေရမှာနော်. . . . နောက်ဆယ့်ခုနစ်နှစ်. . . . ချယ် ကို မရှိဘဲ ဆက်နေဖို့ ချယ့်မှာ ခံနိုင်ရည်မရှိဘူးဆို ကို"

နှလုံးသားသည် လှိုက်ကနဲ နင့်သွားသည်။ ချယ့် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"ကို သစ္စာ တိုင်ခဲ့တယ်ကို ပြောတာလား ချယ်. . . ကဲ ချယ်ပြန်ပြောပြလေ"

"ကို ပြောခဲ့တယ်လေ. . . ကို့သစ္စာမှန်လို့ ချယ်နဲ့ပြန်ပေါင်းရပါပြီတဲ့. . . ဆိုပါစို့. . . . ချယ်နဲ့ကို ဆယ့်လေးလ ခွဲခွာပြီးမှ ပြန်ပေါင်းရပြီဆိုရင် နောက်ထပ်ဆယ့်လေးလပဲ ချယ်နဲ့ပေါင်းမယ်. . .၊ နောက်ဆယ့်လေးနှစ်. . . ဆိုပြီး ကို ပဟေဠိလုပ်သွားခဲ့တာလေ"

"အဲဒါ ချယ် ဘယ်လိုထင်လဲ. . . ဘယ်လို သဘောပေါက်လို့လဲ"

"အခု. . . ချယ်နဲ့ကို ဆယ့်ခုနစ်လခွဲခဲ့ရတယ်. . . . ချယ် နဲ့ကို

www.burmeseclassic.com



ဆယ့်ခုနစ်လ ပြန်ပေါင်းမယ်. . . နောက် ဆယ့်ခုနစ်နှစ်ထပ်ခွဲခွာနေမယ် နောက်ပြီးတော့ ဆယ့်ခုနစ်နှစ် ပြန်ပေါင်းကြမယ်. . . နောက်ဆယ့် ခုနစ်နှစ်. . . . "

ပြောရင်းနှင့် ချယ့် အသံတိမ်ဝင်သွားသည်။ ချယ့် မျက်ရည်စတွေ သူ့လက်ခုံပေါ် ကျလာသည်။ ချယ့် ဆံပင်တွေပွတ်သပ်ပေးဖို့ ချယ့် ခေါင်းကို သူကိုင်လိုက်သည်။ ဆံပင်ကမရှိ. . .၊ စပါးလုံးတစ်ဝက် စာထိုးထိုးထောင်ထောင် ဆံပင်စူးစူးလေးတွေကြောင့် သူ့လက်တုံ့ကနဲဖြစ်သွား၏။

"အရှုးမလေး. . . ချယ် ရယ်"

တုန်ယင်လှိုက်မောစွာ ညည်းရွတ်ရင်း ချယ့် ကိုတင်းတင်းဖက်ထားလိုက်သည်။

"အရှုးမလေး. . . ဘာလို့ငိုနေတာလဲ. . . မင်း စဉ်းစားကြည့်လေ. . . ကိုယ်ချစ်တဲ့ မိန်းခလေးတစ်ယောက်ကို ဘယ်သူကများ ဆယ့်ခုနစ်လပဲပေါင်းပြီး ဆယ့်ခုနစ်နှစ်ထပ်ခွဲခွာမှာတဲ့လဲ. . . အဲလောက်ကိုဟာ ရူးပါ့မလား ချယ်"

"ကို ဘာ. . . ဘာပြောလိုက်တယ်"

ချယ် အလန့်တကြားနှင့် သူ့ကိုမော့်ကြည့်သည်။

မယုံနိုင်စရာ အံ့ဩဝမ်းသာရိပ်တွေက ချယ့်မျက်နှာမှာ. . . .၊

"ကို. . . . ကို တကယ်ပြောတာလားဟင်"

"ကို. . . အဲလောက် မရူးဘူး. . . အဲလောက်မမိုက်ဘူး ချယ်. . နောက်ထပ်ဆယ့်ခုနစ်လ. . . နောက်ထပ်. . . ဆယ့်ခုနစ်နှစ်. . နောက်ထပ်





ဆယ့်ခုနစ်နှစ်. . . ဆယ့်ခုနစ်နှစ်ပေါင်း ရာထောင်ချီပြီး ချယ့် နံဘေးမှာကို ဆက်ရှိနေမှာပါ ချယ်. . . "

"ကို. . . ကို. . . . အို. . . ချယ်. . . ချယ်ပျော်လိုက်တာကိုရယ်"

သူသည် ကောင်းကင်ကို မော့်ကြည့်လိုက်၏။

ပြီးတော့ သူနှုတ်ခမ်းတွေပြုံးသွားသည်။ လောကကြီး ကိုသရော်ပစ်ခဲ့ရသည်များထဲတွင် သည်တစ်ခါသရော်ရသည်က အကြည်နူးဆုံး ဖြစ်ပါသည်။


BURMESE CLASSIC .com

နီကိုရဲ



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com